မြဝတီ

The Mirror

၁၃၆၆ ခုနှစ်၊ကဆုန်လပြည့်ကျော် ၁၀ ရက်၊ကြာသပတေးနေ့၊ (13-5-2004) (၄၂၂)

ယနေ့ထုတ်စောင်ရေ ၁၉၇၂၇၇

ကတညုတာ
တော် မင်္ဂလ မုတ္တမံ

သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဗျာရန်ရာနှုန်းပြည့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ဗျာရန်ရာနှုန်းပြည့် ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တောင်ငူ–လိပ်သို–ယာဒို–လွိုင်ကော်လမ်းပိုင်းကြည့်ရှု ဖောက်လုပ်ပြီးလမ်းများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် မွမ်းမံထိန်းသိမ်းရေး မှာကြား

ရန်ကုန် မေ ၁၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၁ရက် နံနက် ၁၁နာရီခွဲတွင် ကရင်ပြည်နယ် သံတောင်မြို့နယ် သံတောင်ကြီး–တောင်စခန်းမြို့သို့ရောက်ရှိပြီး ဘုရင့်နောင်တပ်နယ်ခန်းမ၌ နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားကာ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တိုးချဲ့စိုက်ပျိုး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သံတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိကြရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက မြို့နယ်၏ တည်နေရာ အကျယ်အဝန်း၊ စိုက်ပျိုးသီးနှံနှင့် ထွက်ကုန်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဒေသတွင်း အောင်မြင်ဖြစ်ထွန်းသည့် သီးနှံများနှင့် လက်ဖက်၊ ကော်ဖီ၊ စင်ကိုနာ၊ ဖာလာ၊ ငရုတ်ကောင်း ငါးမျိုးကို တိုးချဲ့စိုက်ပျိုးသွားရန်နှင့် လယ်ဧက ၂၀၀၀ ကျော်မှ ထပ်မံတိုးချဲ့စိုက်ပျိုးသွားရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တောင်ငူ–လိပ်သို–ယာဒို–လွိုင်ကော်လမ်း၏ တောင်ငူ–လိပ်သို–ယာဒိုလမ်းပိုင်း မိုင်တိုင်(၁၁)သို့ရောက်ရှိပြီး လမ်းလုပ်ငန်းများအား စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ လမ်းဖောက်လုပ်ရေးတာဝန်ခံ ပဲခူးတိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးတင်ထွဋ်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက **စာမျက်နှာ ၁၃ ကော်လံ ၅ သို့** ❀

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘို ပိုင်ကျုံချောင်းကူးတံတား တည်ဆောက်ရေးစီမံကိန်း တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို

ကရင်ပြည်နယ် ပိုင်ကျုံမြို့ ဖွံ့ဖြိုးစည်ပင်မှုများ ကြည့်ရှု ဘားအံနည်းပညာကောလိပ် တည်ဆောက်မှုစစ်ဆေး

ရန်ကုန် မေ ၁၂

ကရင်ပြည်နယ် ဘားအံမြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဘားအံမြို့မှ မေ ၆ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ နံနက် ၈နာရီတွင် လှိုင်းဘွဲမြို့နယ် ပိုင်ကျုံမြို့ ရဲစခန်းသို့ရောက်ရှိကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ပိုင်ကျုံမြို့ ရဲစခန်းအဆောက်အအုံ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားသည်။ ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ပြည်နယ် အုပ်ချုပ်ရေးမှူး ဦးကျော်လင်းက ပိုင်ကျုံမြို့၏ တည်နေရာ၊ နယ်နိမိတ်၊ ပိုင်ကျုံမြို့ရှိ **စာမျက်နှာ ၁၂ ကော်လံ ၅ သို့** ❐

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၁၃-၅-၂၀၀၄
(ကြာသပတေးနေ့)

အမျိုးသားရေးအားမာန် နိုးကြားတက်ကြွအောင် စာပေစွမ်းပကားဖြင့် ကြိုးပမ်းစွမ်းဆောင်

မြန်မာနိုင်ငံသည် နိုင်ငံတကာအလယ်တွင် အမျိုးသားရေး ဂုဏ်သိက္ခာ မြင့်မားထည်ဝါစွာ တင့်တင့်တယ်တယ် ရပ်တည်နိုင်စေရေးအတွက် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာမျက်နှာစာတွင် မိမိနိုင်ငံနှင့် လူမျိုး၏ အမျိုးသားရေး အကျိုးစီးပွားကို စောင့်ရှောက်မြှင့်တင်ပေးရာ၌ အမျိုးသားရေးနိုးကြားမှုနှင့် အမျိုးသားရေးစွမ်းအား တောင့်တင်းခိုင်မာမှု ဖြစ်ထွန်းနေရန် လိုအပ်သည်။

စာပေသည် နိုင်ငံတော်၏ အမျိုးသားရေးတည်ဆောက်မှုနယ်ပယ် ကဏ္ဍအားလုံးကို စွမ်းအားကြီးမားစွာ လွှမ်းခြုံဆက်စပ် လှုံ့ဆော်အားပေးနိုင်သည့် စွမ်းပကားနှင့် ပြည့်စုံသည်။ ထို့အပြင် နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရည်မြင့်မားရေး၊ အကျင့်စာရိတ္တမြင့်မားခိုင်ကျည်ရေး၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များနှင့် အမျိုးသားရေးလက္ခဏာများ မတိမ်ကောမပပျောက်စေရေးတို့အတွက် စာပေစွမ်းပကားဖြင့် ဖန်တီးဖော်ဆောင်ပေးနိုင်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက စာပေ၏ အဖိုးမဖြတ်နိုင်သည့် စွမ်းအားနှင့် အရေးပါမှုတို့ကို အလေးထားပြီး တိုင်းကျိုးပြည်ဆောင် အမျိုးသားစာပေ အဆောက်အအုံကြီးတစ်ရပ် ခိုင်ခံ့ဖြစ်ထွန်းနေစေရေးအတွက် အားပေးစောင့်ရှောက်လျက်ရှိသည်။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို မေလ ၁၁ ရက်နေ့က ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ပြီး စာပေနှင့်စာနယ်ဇင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က **ယနေ့အချိန်အခါကဲ့သို့ အင်အားကြီးနိုင်ငံအချို့က လူထုဆက်ဆံရေးနည်းလမ်းများကို တလွဲအသုံးချပြီး ယဉ်ကျေးမှုနှင့် လူမှုရေးမျက်နှာစာက ပုန်းလျှိုးကွယ်လျှိုးဝင်ရောက်ပြီး အတွေးအခေါ် အယူအဆအရ လွှမ်းမိုးချုပ်ကိုင်ရန် ကြိုးစားလုပ်ဆောင်ကြသည့် အချိန်အခါကာလတွင် မြန်မာတစ်မျိုးသားလုံး အမျိုးသားရေးအသိ၊ အမျိုးသားရေးအမြင်၊ အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးအားမာန်တို့ အစဉ်ထာဝရ နိုးကြားတက်ကြွနေစေရအောင် စာပေပညာရှင်ကြီးများအားလုံးက စုစည်းညီညွတ်စွာ စာပေစွမ်းအားဖြင့် စောင့်ရှောက်ပျိုးထောင်ပေးကြပါ** ဟူ၍ မှာကြားသွားသည်။

စာပေပညာရှင်များကို စုစည်းခိုင်မာသည့် အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် စည်းရုံးဦးဆောင်လျက်ရှိသည့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးအနေဖြင့် မိမိတို့၏အဖွဲ့အစည်းကြီး ခိုင်ခိုင်မြဲမြဲရပ်တည်ပြီး စွမ်းဆောင်ရည် ပိုမိုထက်မြက်မြင့်မားနေစေရေးအတွက် ဗဟိုဦးစီးကော်မတီဝင်များအားလုံးက တက်ညီလက်ညီ စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရက မြန်မာလူမျိုးတို့၏ အမျိုးသားရေးအားမာန်နှင့် အမျိုးသားရေးစွမ်းအားတို့ကို အခြေခံပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင်ပြည်ထောင်စုကြီးအဖြစ် ခိုင်မြဲစွာ ရပ်တည်သွားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်သွားနိုင်မည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို တစ်ဆင့်ချင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ စာပေပညာရှင်ကြီးများအားလုံးက မြန်မာတစ်မျိုးသားလုံး အမျိုးသားရေးအသိအမြင်၊ အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးအားမာန်တို့ ထာဝရ နိုးကြားတက်ကြွနေစေရေး စာပေစွမ်းပကားဖြင့် စွမ်းဆောင်ကြရင်း နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရေးအတွက် အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

မြန်မာနိုင်ငံဓာတ်ပုံအသင်း ဓာတ်ပုံသင်တန်းဖွင့်မည်

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံဓာတ်ပုံအသင်းအမှုဆောင်အဖွဲ့ကကြီးမှူး၍ ဓာတ်ပုံပညာပြန့်ပွားရေးအတွက် ထူးချွန်ဓာတ်ပုံပညာရှင်များ ပေါ်ထွန်းလာစေရန်နှင့် ဓာတ်ပုံပညာဖြင့် မြန်မာကို ကမ္ဘာသိစေရန်ရည်ရွယ်၍ အခြေခံဓာတ်ပုံသင်တန်း အမှတ်စဉ်(၃၃)ကို လာမည့် ဇွန် ၁၃ရက်တွင်ဖွင့်လှစ်မည်ဖြစ်သည်။ ဝါရင့်ဓာတ်ပုံပညာရှင်ကြီးများဖြစ်ကြသော ရန်ကုန်ဝင်းဖေ၊ ဦးမောင်မောင်သောင်း၊ ညောင်ဦးဖိုးချို၊ ဦးမြင့်သိန်းဖေ၊ ဦးဖေမြင့်ဦး၊ ဦးဝင်းမောင်၊ ဦးထင်လင်း၊ ဦးမိုးမင်း၊ ဦးသွင်အေးတို့က သင်ကြားပို့ချမည် ဖြစ်သည်။ သင်တန်းကာလမှာ သုံးလမျှကြာမြင့်မည်ဖြစ်ပြီး မေ ၁၇ရက်မှ စတင်၍ အမှတ်(၂၇/၂၉) (၃၅)လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၃၇၃၁၆၇ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းသို့ စေတနာရှင်၊ အလှူရှင်များက အလှူငွေနှင့်ဆေးဝါးများ လှူဒါန်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေထံ အလှူရှင် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ စစ်သံမှူး ဗိုလ်မှူးချုပ် ကျော်ကျော်၊ ဒေါ်သီတာညွန့်တို့က အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာလက်ခံယူစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စေတနာရှင်၊ အလှူရှင်များက အလှူငွေနှင့်ဆေးဝါးများ လှူဒါန်း

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စေတနာရှင်၊ အလှူရှင်များက အလှူငွေနှင့်ဆေးဝါးများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာကြည်စိုးနှင့် ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင် ဦးသန်းလွင်၊ ဒေါ်မြင့်မြင့်ဇော် မိသားစုက အမေရိကန်ဒေါ်လာ ၁၀၀၀၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ သံအမတ်ကြီး၏ ဇနီး Mrs. Kum Kum Bhatia က အမေရိကန်ဒေါ်လာ ၁၁၀၀ တန်ဖိုးရှိ ဆေးဝါးများ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ စစ်သံမှူး ဗိုလ်မှူးချုပ် ကျော်ကျော်၊ ဒေါ်သီတာညွန့်က အလှူငွေကျပ် တစ်သိန်း၊ ဦးအောင်မျိုးမင်းဒင်၊ ဒေါ်အေးအေးမြင့် (Adventure Myanmar Travel And Tour) ရန်ကုန်က အလှူငွေကျပ် တစ်သိန်း၊ ပုလဲဗီဒီယို ထုတ်လုပ်ရေးက အလှူငွေကျပ် သိန်း၂၀၊ Fame Pharmaceutical Company Limited က ငွေကျပ် ခုနစ်သိန်းတန်ဖိုးရှိ ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် အသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အသင်းဥက္ကဋ္ဌနှင့်အဖွဲ့၊ အလှူရှင်များသည် ခန်းမအတွင်းပြသထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လုပ်ရှားမှုဓာတ်ပုံများကို လှည့်လည် ကြည့်ရှုကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စေတနာရှင်၊ အလှူရှင်များက အလှူငွေနှင့် ဆေးဝါးများလှူဒါန်းပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေထံ အလှူရှင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ သံအမတ်ကြီး၏ ဇနီး Mrs. Kum Kum Bhatiaက အမေရိကန်ဒေါ်လာ ၁၁၀၀တန်ဖိုးရှိ ဆေးဝါးများပေးအပ်လှူဒါန်းရာ လက်ခံယူစဉ်။ (သတင်းစဉ်)

အစည်းအဝေးတက်ရောက်ရန် မလေးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၁၂

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပမည့် The Third Asean Forest Products Council Meeting and First Conference of The Asean Forest Products Industry Club (AFPIC)အစည်းအဝေးသို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးအေးလွင်နှင့် အလုပ်အမှုဆောင် ဦးဇော်ဝင်းတို့သည် ယမန်နေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာကြရာ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်လွင်နှင့်တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဝဲပုံ)** (သတင်းစဉ်)

13-5)km.P65 2 13/5/04, 1:48 AM

ကဗျာအလှနှင့် ထာဝရတည်တံ့ရေး

ကို (တက္ကသိုလ်)

မြန်မာကဗျာ၏ ထူးခြားချက်များ၊ အဘယ်ကြောင့် ဤသို့ထူးခြားရပုံနှင့် မြန်မာကဗျာကို ထိန်းသိမ်းစောင့်ရှောက်ရေးဟူသည့် အချက်သုံးချက်ကို တင်ပြလိုပါသည်။

မြန်မာကဗျာ၏ ထူးခြားချက်မှာ နေရာအနှံ့ဝင်ဆံ့ခြင်း၊ နေရာတိုင်းမှာ ရှိနေခြင်းဖြစ်သည်။ အကြောင်းအရာမရွေး ဖွဲ့ဆိုနိုင်သည်။ အသက်အရွယ်မရွေး၊ အလုပ်အကိုင်မရွေး၊ လူတန်းစားမရွေး မြန်မာကဗျာနှင့် ထိတွေ့ရင်းနှီးခွင့်ရှိသည်။ ကြည့်ကြရအောင်ပါ။

ပုခက်တွင်းမွေးကင်းစအရွယ်။ ။ကလေးသူငယ်တို့အတွက် ကလေးချော့ကဗျာရှိသည်။ "လူကလေးရယ်ငို၊ ခိုဖမ်းလို့ပေး။ ခိုဖြူ ခိုပြာနက်ရယ်၊ ဖမ်းခက်လှသေး" သည် ကလေးချော့ဒွေးချိုးဖြစ်၏။ ကာရန်ပါသည်။ အသံသာသည်။ ယင်းကဗျာမျိုး များလှစွာသည်။ ရှေးခေတ်နန်းထက်ဖွားကလေးကိုချော့တော့ "ချေင်း"ဟု ခေါ်သည်။ ဥပမာ သခင်ထွေး ချေင်း၊ ရခိုင်မင်းသမီး ချေင်း စသည်တို့ ဖြစ်၏။

ထို့ကြောင့် မြန်မာကဗျာသည် ပုခက်အတွင်းမှာ၊ အမိရင်ခွင်ထဲမှာရှိနေသည်။ ကလေးငယ်များကို ချော့မြူပေးသည်။ မြန်မာ့ရင်သွေးတို့ကို ဇာတိမာန် သွတ်သွင်းပေးသည်။

ကလေးသူငယ်အရွယ်။ ။ ကစားအရွယ်ကလေးသူငယ်များကို မြန်မာကဗျာက ဆက်လက်ပိုက်ထွေးသည်။ ပျော်မြူးရန်သက်သက် မဟုတ်တော့ဘဲ ရိုးရာဓလေ့ထုံးအား လိုက်နာရန်၊ ရိုသေထိုက်သူကို ရိုသေရန်၊ စာရိတ္တကောင်းမွန်စေရန်စသည့် စေတနာတွေ ကလေးကဗျာအချို့မှာ ပါလာသည်။ "မောင်ပန်းမွှေး ယုန်လိုက် ကဗျာ"၊ "မဂျာအေး အမေရိုက်ကဗျာ"၊ "တစ်ပြား နှစ်ပြားကဗျာ"၊ ဆွမ်းအုပ်နီနီ ကဗျာ"၊ "အေးရိပ်သာတဲ့ ပြည်ညောင်ညိုကဗျာ"၊ "လယ်စောင့်တဲကဗျာ" စသည်တို့မှာ ကစားချင်းများ၊ ကလေးကဗျာများ ဖြစ်ကြသည်။ ရှုမဝမဂ္ဂဇင်းတွင် ကလေးရှုမဝကဗျာလေးတွေ ပါခဲ့ဖူး၏။ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းတွင် ကလေးတို့အတွက် ကဗျာလက်ဆောင်ကဏ္ဍ ဖွင့်ပေးထားသည်။ ရှေးခေတ်က ဦးဆောင်း၏ "လာဟေ့ဒွါး၊ သွားကောက်ချည်စို့၊ ပွင့်ခြောက်ကယ်အနားလန်၊ ဆက်ရက်ကယ်ညံ၊ ပင်လက်ပံကြွေချိန်ကျပြီမို့၊ မိဖလှနင်လိုက်ဦးမလား" ဟူသော လက်ပံပွင့်ကောက်လွမ်းချင်းသည် မြီးကောင်ပေါက်အရွယ် ကဗျာစာရင်းဝင်မည် ထင်ပါသည်။

ဤသို့လျှင် မနူးမနပ် စိမ်းဆတ်ဆတ်အရွယ် ကစားမြူးထူးအရွယ် ကလေးသူငယ်များအတွက် မြန်မာကဗျာက အရွယ်နှင့်လိုက်သော ကဗျာလေးတွေကို လက်ဆောင်ဝေငှပေးလေသည်။

အရွယ်ရောက်လာသောအခါ အချစ်ကဗျာ။ လူငယ်၊ လူရွယ်၊ လူလတ်၊ လူကြီး ချစ်တတ်သောအရွယ်များအတွက်အချစ်ကဗျာတွေပလူပျံနေပါသည်။ အထူးသာဓကဆောင်ရန်ပင် မလိုပါချေ။ ရှေးခေတ် မယ်ဘွဲ့၊ ဘုရားတိုင်ရတု၊ ကျေးစေရတု၊ ဘောလယ်၊ တေးထပ်၊ အိုင်ချင်း စသည့်ကဗျာများစွာတွင် အချစ်အလွမ်းတွေ ပြည့်လျှံနေသည်။ ထို့အတူ ယနေ့ခေတ် အချစ်ခံစားချက် ကဗျာတွေကလည်း မိုးကောင်းကင်က ကြယ်ပွင့်တွေပမာ များလှစွာသည်။

ဆုံးမစာ။ လူကြီး၊ လူလတ်၊ လူငယ်အရွယ်သုံးပါးကို ဆုံးမပညာပေးရာတွင် မြန်မာကဗျာက အသုံးဝင်သည်။ ဥပမာအားဖြင့် မန်လည်ဆရာတော်၏ "မဃဒေဝလင်္ကာ"၊ တွင်းသင်းမင်းကြီး၏ "ကျောက်ကြီးကိုးလုံးသံပေါက်"၊ တောင်တွင်းဆရာတော် ခင်ကြီးဖျော်၏ "ပုတ္တောဝါဒဆုံးမစာ"၊ ကန်တော်မင်းကျောင်းဆရာတော်၏ "လောကသာရပျို့"၊ ရှင်မဟာရဋ္ဌသာရ၏ "လက်သစ်တောင်တာဆုံးမစာ"စသည်တို့ဖြစ်၏။ မျက်မှောက်ခေတ်တွင် အများသိရှိစံပြုနေသော ဆရာကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်တို့ကိုလည်း ရွတ်ဆိုမှတ်သား၍ကောင်းအောင် မြန်မာကဗျာဖြင့်ပင် မှတ်တမ်းတင်ထိန်းသိမ်းလာခဲ့ကြသည်။

ဤကား မြန်မာ့လူ့ဘောင်တွင် မြန်မာကဗျာ၏ အသုံးဝင်ပုံ တစ်ထောင့်တစ်နေရာဖြစ်သည်။

သမိုင်းမှတ်တမ်း။ ကဗျာဖြင့် မြို့ရွာ၊ ကျောင်းကန်ဘုရား၊ အဖြစ်အပျက်၊ စစ်ပွဲစသည်တို့ကို မှတ်တမ်းတင်နိုင်သည်။ ဤသို့မှတ်တမ်းတင်နိုင်သဖြင့် နောင်းလူတို့အတွက် အကျိုးရှိလေသည်။ မြန်မာကဗျာ၏ သမိုင်းမှတ်တမ်း သာဓကများမှာ ဟံသာဝတီရောက် မင်းတရားကြီး နန်းဘွဲ့မော်ကွန်း၊ တံတားဦးတည် မင်္ဂလာစေတီတော် မော်ကွန်း၊ ယိုးဒယားနိုင်မော်ကွန်း၊ အာသံနိုင်မော်ကွန်း၊ တရုတ်သံရောက် မော်ကွန်း စသည်တို့ ဖြစ်သည်။ မျက်မှောက်ခေတ် ကဗျာစာဆိုတို့သည်လည်း သမိုင်းမှတ်တမ်းတင်မော်ကွန်း ကဗျာရှည်များကို ရေးဖွဲ့ကြလေ၏။ တပ်မတော်နေ့အထိမ်းအမှတ်ပြိုင်ပွဲ ကဗျာရှည်များသည်လည်းသမိုင်းမော်ကွန်းစာရင်းဝင်သည်။ထီလာစစ်သူ၏ "မဲခေါင်မြစ်မှ အိုရွက်ဝါ"သည် ခေတ်သစ်မော်ကွန်းကဗျာ ဖြစ်သည်။

ဤသို့လျှင် မြန်မာကဗျာဖြင့် သမိုင်းမှတ်တမ်းတင်နိုင်ပါသည်။

ဘာသာရေး။ မြန်မာကဗျာသည် ဘာသာရေးနယ်ပယ်တွင်လည်း စကားပြေနှင့်တန်းတူနီးပါးအသုံးတွင်ကျယ်၏။ တရားဓမ္မအကြောင်း၊ ဇာတ်ကြီးဆယ်ဘွဲ့အကြောင်း၊ သံဝေဂ တရားစသည်တို့ကို ကဗျာရေးဖွဲ့ကြသည်။ ဓမ္မသာရပျို့၊ ဝိပါတ်ခန်းပျို့တို့မှာ သာဓကဖြစ်၏။ ယခုခေတ်တွင်လည်း တရားလင်္ကာ၊ သံဝေဂလင်္ကာကလေးတွေကို တွေ့ရသည်။ ရဟန်းသံဃာတော်များ တရားဟောသောအခါ မှတ်သားစေလိုသော ဓမ္မအချက်အလက်တို့ကို လင်္ကာတိုကလေးများစပ်ဆို၍ နှုတ်တိုက်ချပေးသည်။ အသုဘယပ်တောင်၌ပင် "နုနယ်ရုပ်ဆင်း၊ ပျိုမျစ်ခြင်းကား၊ အိုမင်းနောက်ဆုံးပါတကား" အစချီသော သံဝေဂလင်္ကာကို တွေ့ရသည်။

မြန်မာကဗျာသည် လူ့ဘဝနောက်ဆုံးခရီးမှာပင် ကျန်ရစ်သူများကို တရားပြရာ၌ ကောင်းကျိုး ပြုလေ၏။

လူတန်းစား။ ကဗျာသည် လူတိုင်းအတွက်ဖြစ်သည်။ လူတန်းစားအမျိုးမျိုး၏ဘဝကို မြန်မာကဗျာ ပုံသဏ္ဌာန် အဖုံဖုံဖြင့် သရုပ်ဖော်ခြယ်မှုန်းနိုင်သည်။ ယခုခေတ်တွင် လူတန်းစားသရုပ်ဖော်ကဗျာများစွာရှိပါသည်။ ရှေးခေတ် တျာချင်း၊ လွမ်းချင်း၊ အိုင်ချင်း၊ လေးဆစ်နှင့် ကျေးလက်ကဗျာများတွင် လူတန်းစားအကြောင်းအရာစုံ ပါဝင်နေသည်။ ထင်ရှားသော သာဓကမှာ ဝန်ကြီးပဒေသရာဇာ၏ တောင်ဘက်ပိန်းဝင်ဘွဲ့၊ ထန်းတက် ဘွဲ့၊ လယ်ထွန်ဘွဲ့၊ တောင်ပိုင်တက်ဘွဲ့စသည်တို့ဖြစ်သည်။

ထို့ကြောင့်မြန်မာကဗျာသည် လူတန်းစားမရွေးသော အနုပညာပစ္စည်းဖြစ်သည်။ မည်သည့် လူတန်းစားအတွက်မဆို ဖွဲ့ပေးနိုင်သည်။

ကျေးလက်။ လူတန်းစားထဲတွင် အကျုံးဝင်သော်လည်း သီးခြား မီးမောင်းထိုးပြလိုပါသည်။ မြန်မာကဗျာသည် ကျေးလက်နေလူတန်းစားတို့၏ နှုတ်ဖျားတွင် ကာရန်အသံလွင့်ပျံနေသည်။ လယ်ယာထဲမှာ၊ ကောက်စိုက်ပျိုးနုတ်ရာမှာ၊ လယ်ထွန်ရာမှာ၊ ညနေရေခပ်ဆင်းရာမှာ၊ ဗိုင်းငင်ရက်ကန်းခတ်ရာမှာ၊ မောင်းထောင်းရာမှာ၊ မိုးခေါ်ရာမှာ၊ ရှင်လောင်းလှည့်ရာမှာ၊ လသာသာမြေတလင်းတွင် ဖော်ချင်းတစ်တွေကစားကြရာမှာ၊ ကျေးလက်နှလုံးသားရေးရာတွေမှာ မြန်မာကဗျာမပါလျှင် ပွဲမစည်ချေ။

စစ်ရေး။ ရှေးခေတ်၊ မျက်မှောက်ခေတ် စာဆိုတို့သည် စစ်ပွဲဖြစ်စဉ်ကို ကဗျာမှတ်တမ်းတင်ကြသည်။ စစ်ဆင်စစ်တက်သေနင်္ဗျူဟာကို ကဗျာဖြင့်ထိန်းသိမ်းထားသည်။ စစ်ဖွဲ့စည်းပုံနှင့် စစ်စည်းကမ်း တာဝန်ဝတ္တရားတွေကို ကဗျာဖွဲ့ဆိုကြသည်။ ကဗျာပုံသဏ္ဌာန်မျိုးစုံ၍ ဇာတိမာန်ထက်သန်အောင် လှုံ့ဆော်ပေးသည်။ မျိုးချစ်စိတ်မွေးပေးသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်စေသည်။ အနီသို့သော ပျို့၊ လင်္ကာ၊ ကာချင်း၊ လူးတား၊ မော်ကွန်းများကား များပြားလှပေစွ။

ဆိုရသော် နိုင်ငံကာကွယ်ရေး အမျိုးသားတာဝန်ကိုလည်း မြန်မာကဗျာသည် မလစ်ဟင်းခဲ့ပါချေ။

ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး။ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ကို မြန်မာကဗျာဖြင့်ထိန်းသိမ်းပေး နိုင်သကဲ့သို့ အမြင်မတော်ပုံတွေကိုလည်း ကဲ့ရဲ့သရော်နိုင်စွမ်း ရှိသည်။ ရဝေရှင်ထွေးသည် အန်ချင်းကဗျာဖြင့် ဆံထုံး ထုံးနည်း ၅၅ မျိုးကို အရှည်တည်တံ့အောင် ထိန်းသိမ်းခဲ့သည်။ ယခုခေတ် အမျိုးသမီးအချို့၏ အမြင်မတော် လျှပ်ပေါ်သော ဝတ်စားဆင်ယင်မှုကို " တမင်နော် ရက်စဖွယ် ပြောင်ယမင်းတမိတို့က၊ ပေါင်ရင်းအထိ အရပ်ဆိုးစွာ၊ ချုပ်ရိုးမပါပတ်ထဘီကွဲတွေနဲ့၊ ရပ်တည်မမြဲအောင် ထွင်ပုံဆန်းတဲ့အပြင်၊ ရင်တစ်ခြမ်းပါ မလုံ တစ်ဝက်ကယ်နဲ့၊ ပုံပျက်တာ မြန်မာမ, လားရယ်လို့"ဟု စောမုံညင်းက အပြုသဘော ရေးဖွဲ့သရော်ခဲ့၏။

ဤသို့လျှင် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရာ၌ မြန်မာကဗျာသည် တစ်တပ်တစ်အား ပါဝင်လျက်ရှိသည်။

ဟာသကဗျာ။ မြန်မာကဗျာသည် အတည်အတံ့များကိုသာမက ဟာသရသကိုလည်း ပေးနိုင်သည်။ စာပေသမိုင်းတွင် ပြုံးရုံပြုံးရသော၊ သွားပေါ်ရုံ ရယ်ရသော၊ မျက်ရည်ထွက်အောင် ရယ်ရသော ဟာသကဗျာတွေရှိနေပါ၏။ ဖိုးသူတော်ဦးမင်း၊ လူဦးမင်း၊ စလေဦးပုည စသော စာဆိုတော်များသည် ဟာသဉာဏ်ရွှင်ရွှင်ဖြင့် လင်္ကာများကို ရေးဖွဲ့ခဲ့ကြသည်။ ယခုခေတ်မှာလည်း ဟာသ ကဗျာရှိ၏။ ဥပမာ–သောကြာစာစောင်တွင် " သောကြာကဗျာ ပြုံးစရာ" ကဏ္ဍပါဝင်လေသည်။

ဆိုချင်သည်မှာ– မြန်မာကဗျာသည် ရယ်မောဖွယ်ရာ အကြောင်းအရာကိုလည်းရေးဖွဲ့၍ရသည် ဟူသောအချက်ပင် ဖြစ်သည်။

အပုတ်အခတ်ကဗျာ။ စာဆိုတို့သည် တစ်ခါတစ်ရံ၌ တစ်ဦးနှင့်တစ်ဦး ပုတ်ခတ်ပြောဆို၍ ကဗျာစစ် ထိုးကြသည်။ ပရိသတ်သည် စာဆိုတို့အပြန်အလှန်ရွတ်ဆိုကြသော ကဗျာအသံကို နားထောင်၍ ကဗျာဉာဏ်ကို ချီးမွမ်းကြသည်။ ကဗျာရန်ပွဲဖြစ်လင့်ကစား နှစ်သက်စဖွယ်အတိ။ မြန်မာကဗျာသမိုင်းတွင် အချုပ်တန်းဆရာဖေနှင့် ဦးပုည၊ မန်လည်ဆရာတော်နှင့် သီလရှင်မယ်ကင်း၊ မန်လည်ဆရာတော်နှင့် ဦးပဒုမတို့၏ ကဗျာရည်ဉာဏ်ရည်စစ်ထိုးပွဲမှာ ထင်ရှားသည်။ "ပဒုမ၊ တုပကာ သင်မယောင်နှင့်၊ ဆင်ပြောင်ကို ခြင်ကောင်ဝါးသည်သို့၊ ယားရုံမျှသာ"ဟူသော မန်လည်ဆရာတော်၏ တုံ့ပြန်ချက်မှာ ပြောင်မြောက်လှသည်။

ထို့ကြောင့် မြန်မာကဗျာသည် စာဆိုတို့၏ ပညာပြိုင်ခန်းတွင် လက်နက်သဖွယ် အသုံးဝင်လေ၏။

ပညာစမ်းကဗျာ။ အထက်ပါကဲ့သို့ အလေးအနက် ပညာပြိုင်ခြင်းမဟုတ်ဘဲ ပညာစမ်းကဗျာကိုလည်း စာဆိုတို့ သီကုံးကြလေသည်။ ဖိုးသူတော်ဦးမင်းနှင့် လူဦးမင်းတို့သည် ဧရာဝတီမြစ်ကို လှေဖြင့်ကူးစဉ် ရေလယ်အရောက်၌ လှေဝမ်းထဲသို့ ငါးတစ်ကောင်ခုန်ပျံကျရောက်လာသည်။ စာဆိုတစ်ယောက်က "နိဗ္ဗာန်ကို ရှုယ်၊ ကယ်ပါတော့လား" ဟု ဒွေးချိုးအခံပိုဒ်ကို ဆိုလိုက်သည်။ အအုပ်ပိုဒ်ကို နောက်တစ်ယောက်အတွက် ပညာစမ်းသည့် အနေဖြင့် ချန်ထားသည်။ ကျန်စာဆိုက တစ်မုဟုတ်ချင်းပင် "ရေလယ်မှာ တစ်ကောင်တည်း၊ ဖော်ကွဲတဲ့ငါး"ဟု စပ်နည်းမှန်မှန်၊ ကာရန်မိမိ၊ အဓိပ္ပာယ်ရှိရှိဖြင့် ဆိုချလိုက်ကာ ငါးကိုရေထဲ ပြန်လွှတ်ပေးလိုက်သည်။

ဤကဲ့သို့သော နေ့စဉ်ကြုံတွေ့ရသည့် သာမညအကြောင်းအရာလေးများကိုပင် ပြည်သူတို့ရင်ဝယ် စွဲနစ်ကျန်ရစ်အောင် မြန်မာကဗျာက တတ်နိုင်ပါသည်။ ထို့ပြင် လေးနက်သော အကြောင်းအရာကို နှောင်းစာဆိုတို့က ဖြည့်စွက်စပ်ဆိုရန် အဖြည့်ခံရတု ရေးဖွဲ့ပညာစမ်းသော သာဓကများလည်း ရှိခဲ့လေသည်။

အထက်ပါတို့မှာ မြန်မာကဗျာ၏ ထူးခြားမှုများဖြစ်သည်။ ကျန်သောအချက်များလည်း ရှိကောင်းရှိပါလိမ့်ဦးမည်။ အဘယ်ကြောင့် ဤသို့ထူးခြားနေရပါသနည်း။ ကျွန်တော်စဉ်းစားကြည့်ရာတွင် အောက်ပါအချက်များကို တွေ့ရှိရသည်။

ရသကိုးပါးစလုံးကို ပေးနိုင်စွမ်းရှိခြင်း။ "ရသ"ဆိုသည်မှာ စာပေဖတ်ရှုသူ၌ဖြစ်ပေါ်လာသော နှစ်သက်ခြင်း အကျိုးတရား ဖြစ်သည်။ ချစ်ခင်မှုကိုဖြစ်စေသော 'သိင်္ဂါရရသ'၊ ရွှင်ပြုံးမှုကို ဖြစ်စေသော 'ဟဿရသ'၊ သနားကြင်နာမှုကို ဖြစ်စေသော 'ကရုဏာရသ'၊ ရက်စက်ကြမ်းကြုတ်မှုကို ဖြစ်စေသော 'ရုဒ္ဒရသ'၊ ရဲရင့်မှုကိုဖြစ်စေသော 'ဝီရရသ'၊ ရွံရှာမှုကိုဖြစ်စေသော 'ဝိဘစ္ဆရသ'၊ ကြောက်ရွံ့မှုကိုဖြစ်စေသော 'ဘယာနကရသ'၊ အံ့ဩမှုကိုဖြစ်စေသော 'အဗ္ဘုတရသ'၊ ငြိမ်းချမ်းမှုကိုဖြစ်စေသော 'သန္တရသ' စသည့် ရသအားလုံးကို မြန်မာကဗျာက ပေးစွမ်းနိုင်ပါသည်။

စည်းမျဉ်းစည်းကမ်းရှိခြင်း။ မြန်မာအဘိဓာန်တွင် ကဗျာကို "စည်းမျဉ်းများနှင့်အညီ စာလုံးစာပိုဒ် အရေအတွက် ကာရန်အချိတ်အဆက်၊ အသံအနေအထားစသည်ဖြင့် စီကုံးထားသောအဖွဲ့အနွဲ့" ဟုအဓိပ္ပာယ်ဖွင့်ဆိုထားသည်။ မြန်မာကဗျာမှန်သမျှတွင် ကဗျာပုံသဏ္ဌာန်ကိုလိုက်၍ စပ်ထုံးစပ်နည်း၊ စည်းမျဉ်းစည်းကမ်းရှိသည်။ စပ်ထုံးကြွယ်သော မြန်မာကဗျာအတွက် ဂုဏ်ယူရသည်။ စကားပြေမှာပင် စည်းမျဉ်းစည်းကမ်းရှိသည်။ (ကတ္တား+ကြိယာ+ကံ) ပေါင်းစပ်မှ ဝါကျဖြစ်ခြင်းသည် စကားပြေ၏ အခြေခံစည်းကမ်းပင်။ "သဒ္ဒါ"သည်စကားပြေ၏ စည်းကမ်းစာအုပ်ဖြစ်သည်။ ထို့ကြောင့် ကဗျာတွင် စည်းမျဉ်းစည်းကမ်းရှိရခြင်းသည် မဆန်း။

ကာရန်ပါခြင်း။ စကားပြေနှင့် ကဗျာ၏ ကွာခြားချက်မှာ ကာရန်ဖြစ်သည်။ " ကဗျာလင်္ကာတွင် စည်းမျဉ်းအရ "စပ်" ထားသော စကားလုံးတို့၏ ညီညွတ်သော "အသံ"ဟု ကာရန်ကို ဖွင့်ဆိုသည်။ ဝါကျသည် သီးခြားရပ်တည်လို့ရ၏။ ဝါကျတစ်ခုနှင့်တစ်ခုကို ကာရန်ဖြင့် ဆက်ပေးရန် မလိုချေ။ ပါဒသည် သီးခြားရပ်တည်လို့မရ။ အပိုဒ်ဆုံးသည့်အထိ ပါဒတစ်ခုနှင့်တစ်ခုကို ကာရန်စကားလုံးဖြင့် ဂဟေဆက်သလို၊ ရထားတွဲချိတ်ဆက်သလို စပ်ဟပ်ပေးရသည်။ ထို့ကြောင့် ဖတ်လို့ရွတ်ဆိုလို့ကောင်း လာရသည်။

အသံသာခြင်း။ ကဗျာတွင် ကာရန်ကိုသာမက အသံကိုပါ အလေးဂရုပြုရသည်။ တက်သံ–သက်သံ၊ ချီသံ–ချသံ စသည်ဖြင့် သူ့နေရာနှင့်သူ ရွေးချယ်စပ်ဟပ်တတ်မှ အသံသာသည်။ ရွတ်ဆိုသီဆိုလို့ရသည်။

ကဗျာကောင်းလျှင် သီချင်းဖြစ်သည်။ ဥပမာ– ကျေးလက်ကဗျာများ၊ ပေါ်နွေလလျှင် ချီရတု၊ ပိတောက်ပန်းကဗျာ၊ ဗေဒါလမ်းကဗျာစသည်တို့ဖြစ်၏။ မြန်မာ့ရုပ်သံအစီအစဉ်က ထုတ်လွှင့်ပေးနေသော "သံသာချိုအေးမင်္ဂလာတေး" အစီအစဉ်တွင် ကလေးကဗျာကို စန္ဒရားတီး၍ သီဆိုသည်။

အဆင်တန်ဆာပါခြင်း။ ဂုဏ်၊ ရသ၊ အလင်္ကာစသည်တို့မှာ ကဗျာအဆင်တန်ဆာများဖြစ်ကြသည်။ ရွက်ကြမ်းရေကျို မိန်းကလေးကို သူနှင့် လိုက်ဖက်သော ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် လက်ဝတ်ရတနာတွေ ဆင်ပေးလိုက်သောအခါ ပိုလှလာသကဲ့သို့ သာမန် ကာရန်ညီသော ကဗျာတွင် အလင်္ကာတွေ သင့်သလို ထည့်ပေးမည်၊ ဂုဏ်မြောက်အောင် စပ်ဆိုမည်ဆိုပါက ကဗျာအလှသည် ကြွရွပေါ်လွင်လာပေလိမ့်မည်။

ပုံသဏ္ဌာန်ကြွယ်ဝခြင်း။ မြန်မာကဗျာသည် ရတနာမျိုးစုံပိုင်ဆိုင်သော သူဌေးကဲ့သို့ စပ်နည်းပုံသဏ္ဌာန် အလွန်ကြွယ်ဝလေသည်။ ကဗျာအခြေခံသံပေါက်မှ အစပြု၍ လေးလုံးစပ်လင်္ကာ၊ ပျို့၊ ရတု၊ မော်ကွန်း၊ ချေင်း၊ တျာချင်း၊ ကာချင်း၊ အိုင်ချင်း၊ လွမ်းချင်း၊ ဒွေးချိုး၊ တြိချိုး၊ ဘောလယ်၊ တေးထပ်၊ ရကန်စသည် စသည်ဖြင့် အမျိုးမျိုး အဖုံဖုံစုံရောင်လှလေသည်။ ထို့ကြောင့် မိမိရေးဖွဲ့လိုသည့် အကြောင်းအရာနှင့် လိုက်လျောညီထွေရှိသော ကဗျာပုံသဏ္ဌာန်ကို စိတ်ကြိုက်ရွေးနိုင်ပါသည်။

အနက်အဓိပ္ပာယ်နှင့် အတွေးအခေါ်ပါခြင်း။ မြန်မာကဗျာသည် ဦးတည်ရာမဲ့ ရေးဖွဲ့ထားခြင်းမဟုတ်။ ကဗျာတိုင်းသည် အကြောင်းအရာကို အဓိပ္ပာယ်ပြည့်ဝစွာ ရေးဖွဲ့ထားသည်။ အချို့ကဗျာများတွင် တိုက်ရိုက် အဓိပ္ပာယ်သာမကဘဲနောက်ကွယ်တွင် ကွယ်ဝှက်ထားသော အမှန်တကယ်ပြောပြလိုသည့် အကြောင်းအရာတစ်ခုကို တွေးခေါ်ဖော်ထုတ်ယူရသော ကဗျာများလည်းရှိပေသည်။ မဟာဆွေ၏ ဒို့မေမေ ဝတ္ထုကဲ့သို့ နေယျတ္ထသဘောမျိုးဆောင်သော ကဗျာမျိုးဖြစ်သည်။ သာဓကပြရသော် အောက်ပါကဗျာတွင် တိုက်ရိုက်အဓိပ္ပာယ် အပြင်၊ မြုပ်ထားသော ဘာသာရေး အတွေးအခေါ် တစ်ခုကို မြင်ရသည်။

> * **စပယ်တဲ့ လေးရုံ။**
> * **မလေးမောင် မပန်ထိုက်တယ်**
>   **ပန်းပြတ်ခိုက်ကြုံ။**
> * **အပွင့်ရယ်ကုန်**
>   **တစ်ငုံဖြင့် ကျန်ပါသေး။**
> * **ပန်ချင်ရင် ပျို့မောင်ကြီးရယ်**
>   **ခေါင်းဖြီးခဲ့လေး။**

ဤနေရာတွင် အလျဉ်းသင့်သဖြင့် အနက်အဓိပ္ပာယ်နှင့် ဆက်စပ်နေသောအချက်တစ်ခုကို ရှင်းလင်းတင်ပြလိုပေသည်။ ရှေးခေတ်ကဗျာများသည် နားမလည်အောင်ရေးဖွဲ့ထားသည်။ ခက်ခဲအောင်စပ်ဆိုထားသည်ဟု တချို့ကယူဆကြ၏။ အပြစ်ဆိုကြ၏။ မြန်မာကဗျာ၏ သက်တမ်းမှာ နှစ်ပေါင်း ၉၀၀ ဝန်းကျင်ရှိခဲ့ပြီ။ ဘာသာဗေဒခေတ်များစွာကိုဖြတ်သန်းလာခဲ့သည်။ ခေတ်တစ်ခေတ်မှာ ရေးဖွဲ့ရွတ်ဆိုသော ကဗျာကို ထိုခေတ်လူတွေ နားလည်မည်ဖြစ်၏။ စကားလုံး၊ ဝေါဟာရ အသုံးအနှုန်းကွဲပြားသော နှောင်းခေတ်လူတို့ လက်ထက်ရောက်သော် အနီကဗျာသည် ခက်ဆစ်ကူမှနားလည်မည့်ကဗျာဖြစ်သွားလေပြီ။ မျက်မှောက်ဆယ်စုခေတ် ပစ္စုပ္ပန်ကာလမှာပင် လူငယ်တွေ ပြောဆိုသုံးနှုန်းနေသော စကားအချို့ကို လူကြီးတွေ နားမလည်တော့သည်မှာ မျက်မြင်လက်တွေ့ပါပေ။

ရှင်သန်လွတ်လပ်သော အမွေအနှစ် အစစ်အမှန်ဖြစ်ခြင်း။ "ကဗျာဟူသည်မှာ အမျိုးသားတို့၏အမွန်မြတ်ဆုံးသော အမွေအနှစ်ဖြစ်၏။ မည်မျှပင်အင်အားကောင်းသော အမျိုးဖြစ်စေ ကဗျာစိတ်ပျောက်လျှင် အမျိုးပါ ပျောက်သွားနိုင်ကြောင်း ရှေးဟောင်းရာဇဝင်ထုံး သက်သေများက ပြသလျက်ရှိပေသည်"ဟု ဆရာကြီးဇေယျက လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ ရှေးဟောင်းကဗျာပေါင်းချုပ်စာအုပ် နိဒါန်းတွင်ရေးခဲ့ဖူး၏။ ကဗျာသည် မြန်မာ့ယဉ်ကျေးမှု စာပေအမွေအနှစ်ဖြစ်၏။ ဤအမွေအနှစ်ဖြစ်သော မြန်မာကဗျာသည် အခြားသော စာပေကဗျာတို့၏ ဩဇာလောင်းရိပ်မှ လွတ်၏။ ၎င်းတို့၏ အငွေ့အသက်ကင်း၏။ မြန်မာ့မူပိုင်စစ်စစ်ဖြစ်၏။ တစ်ဖန် ပုဂံခေတ်မြကန်သာမုစ၍ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ကုန်းဘောင်ခေတ်များမှသည် မျက်မှောက်ကာလတိုင်အောင် ကဗျာပုံသဏ္ဌာန် အသစ်အသစ်တွေ ညွန့်ညှောင့်ထွက်ပြူကာ ပွင့်လန်းဝေဆာနေပါ၏။ တစ်ပွင့်ကိုမှီ၍ ပွင့်သစ်တည်ရင်း၊ ကဗျာဥယျာဉ်ကြီးဝယ် ရောင်သွေးစုံသော ကဗျာပန်းတို့ ဖူးပွင့်လာပါ၏။

အထက်ပါ အင်္ဂါရပ်များကြောင့် မြန်မာကဗျာသည် လူ့ဘောင်အနှံ့ ဝင်ဆံ့သော ထူးခြားမှုတွေ ရှိလာရခြင်းဖြစ်၏။ လူထုက မြတ်နိုးလက်ခံကြခြင်းဖြစ်၏။

တစ်ဖန် လူထုက လက်ခံသည်ဆိုပြီး စိတ်ချလက်ချ ပစ်ထားလို့မရချေ။ လူ့ဘောင်ဆိုသည်မှာ လူ့မျိုးဆက်တွေ တစ်ဆက်ပြီးတစ်ဆက် ဖြစ်ထွန်းပေါ်ပေါက် ပျောက်ပျက်နေသောဖြစ်စဉ်ကြီးပင်။ မျိုးဆက်တစ်လျှောက် မြန်မာကဗျာ အမွေအနှစ်ကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်သွားရန်တာဝန်ရှိသည်။ ကြာသော် တိမ်ကော ပျောက်ကွယ်သွားမည်။ နှိုင်းကောင်းသည် တော့မဟုတ်ပါ။ ပြောပါရစေတော့။ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားဓမ္မများသည်ပင် နှစ်ကာလရှည်လျားသောအခါ အယူအဆကွဲပြား ပျောက်ကွယ်သွားနိုင်သဖြင့် သင်္ဂါယနာတင်၍ ထိန်းသိမ်း စောင့်ရှောက်ပေးတော်မူရသည်။ သာမန်လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ် စာဆိုတို့ထားရစ်ခဲ့သော ကဗျာအမွေအနှစ်မျှလောက်ကား အဘယ်ဆိုဖွယ်ရှိတော့အံ့နည်း။

နိုင်ငံတော်အနေဖြင့်လည်း " အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး"ဟူသော လူမှုရေးဦးတည်ချက်ချမှတ်၍ မြန်မာကဗျာအပါအဝင် ယဉ်ကျေးမှုအမွေအနှစ်များမပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရန် လမ်းညွှန်ထားပြီးဖြစ်သည်။

အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ တပ်မတော်နေ့ အထိမ်းအမှတ် ကဗျာပြိုင်ပွဲ၊ အမျိုးသားရေးဆောင်ပုဒ် စာပေပြိုင်ပွဲ၊ ပခုက္ကူဦးအုံးဖေဆု စာပေပြိုင်ပွဲ အစရှိသည့် နိုင်ငံတော်အဆင့် စာပေပြိုင်ပွဲကြီးများတွင် မြန်မာကဗျာ မပျောက်ကွယ်စေရန်နှင့် ရှင်သန်ဖွံ့ဖြိုးရန် စောင့်ရှောက်ထိန်းသိမ်းပေးနေပါသည်။

ဤမျှနှင့်မလုံလောက်သေးဟုထင်ပါသည်။ အဓိကမှာ ကဗျာရေးဖွဲ့သူတွေ ဖြစ်သည်။ မြန်မာကဗျာကို မြတ်နိုးစွာရေးစပ်ကြသည့်နည်းတူ လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်သော မြန်မာကဗျာသစ်များကို တီထွင်ရေးစပ်ကြရန်ဖြစ်သည်။ ပြည်သူပရိသတ်လက်ခံလျှင် ကဗျာပုံသဏ္ဌာန် တစ်ခုဖြစ်ကောင်း ဖြစ်သွားနိုင်ပါသည်။

ဤနေရာတွင် မီးမောင်းထိုးပြလိုသော အချက်မှာ မြန်မာကဗျာဖွဲ့နည်းကို လူထုကြားတွင် တိုးဝင်ပျံ့နှံ့သွားအောင် ဆောင်ရွက်ပေးရန် ဖြစ်သည်။ အကြင်သူသည် ကဗျာဂါသာရပါ၏။ ကဗျာစပ်ချင်၏။ စပ်နည်းလည်းမသိ။ ထိုအခါ ကဗျာမပီသော ကဗျာတွေဖြစ်လာနိုင်သည်။ အမှားကို အမှန်ထင်၍ အမှားရှည်ကြလျှင် အမှန်ဖြစ်သွားမည်ကို စိုးရိမ်ရသည်။ နည်းလမ်းတကျ ရှာဖွေဆောင်ရွက်ပေးနိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါသည်။ ။

အီရတ်အကျဉ်းသားများညှဉ်းပန်းနှိပ်စက်ခံရမှု တောင်အာဖရိကရှုတ်ချ ကုလသမဂ္ဂ၏ ခွင့်ပြုချက်မရရှိဘဲ အီရတ်ကိုတိုက်ခိုက်ခဲ့မှု နယ်လ်ဆင်မင်ဒဲလားဝေဖန်

ဂျိုဟန်နက်စဘတ် မေ ၁၁

တောင်အာဖရိကသမ္မတဟောင်း နယ်လ်ဆင်မင်ဒဲလားက အီရတ်အကျဉ်းသားများ နှိပ်စက်ညှဉ်းပန်းခံရမှုနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့ကို တနင်္လာနေ့က ရှုတ်ချပြောကြားလိုက်သည်။

ဒီမိုကရေစီ ဦးဆောင် နှစ်နိုင်ငံ ဖြစ်ပြီးလွတ်လပ်သည့် ကမ္ဘာ့ရှေ့ဆောင်နိုင်ငံကြီးများက ကုလသမဂ္ဂ၏ ခွင့်ပြုချက်မရဘဲ အီရတ်စစ်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့သည်ကို မိမိတို့ စောင့်ကြည့်နေခဲ့ကြောင်း အသက် ၈၆နှစ်ရှိ နိုင်ငံရေးသမား မင်ဒဲလားက ပြောကြားသည်။

ရှုတ်ချ

နယ်လ်ဆင်မင်ဒဲလားက လွှတ်တော်နှစ်ရပ်အထူးအစည်းအဝေးတွင် မိန့်ခွန်းပြောကြားရာ၌ ယင်းသို့ ပြောကြားခြင်းဖြစ်သည်။ သမ္မတဘုရှ်သည် အီရတ်စစ်ပွဲဆင်နွှဲတိုက်ခိုက်မှုအတွက် သင့်တင့်လျောက်ပတ်စွာ တွေးခေါ်မြော်မြင်နိုင်သူမဟုတ်ကြောင်း ၎င်းက ရှုတ်ချပြောကြားသည်။

စိုးတထိတ်ထိတ်

အီရတ်နိုင်ငံအား ကျူးကျော်သိမ်းပိုက်ကာ အီရတ်နိုင်ငံသားများအား အကျဉ်းသားအဖြစ် ဖမ်းဆီးပြီး လူသားတို့၏ ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့် ကြောက်မက်ဖွယ် နှိပ်စက်ညှဉ်းပန်းမှုနှင့်စပ်လျဉ်းသော သတင်းများကို မိမိတို့စိုးတထိတ်ထိတ်ဖြင့် စောင့်ကြည့်နေရကြောင်း မင်ဒဲလားက ပြောကြားသည်။

ဆက်နွှယ်

အီရတ်နိုင်ငံရှိ အမေရိကန်နှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များက အကျဉ်းသားများအား နှိပ်စက်နေသည့် ဓာတ်ပုံများကို မကြာမီက သတင်းစာများတွင် ဖော်ပြခဲ့မှုနှင့် ဆက်နွှယ်၍အမေရိကန်နှင့်ဗြိတိသျှအစိုးရတို့အနေဖြင့်နိုင်ငံရေးမုန်တိုင်းထန်မှုဒဏ်ကို ခံနေရသည်။

စက်ဆုပ်ရွံရှာ

ယင်းသို့ အကျဉ်းသားများအား နှိပ်စက်ကလူပြုမှုကြောင့် ကမ္ဘာတစ်ဝန်း စက်ဆုပ်ရွံရှာမှုနှင့်အတူ အုတ်အော်သောင်းတင်းဖြစ်ကာ အမေရိကန်ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်နှင့် အခြားတာဝန်ရှိ ပုဂ္ဂိုလ်များအား ရာထူးမှ နုတ်ထွက်ပေးရန် အခြေသို့ဆိုက်ရောက်စေခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

စောင့်ကြပ်



မေ ၁၀ ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အကျဉ်းထောင်တွင် လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန် စစ်ရဲများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကန်တပ်ဖွဲ့ဝင်သုံးဦး အီရတ်တွင်သေဆုံး နှစ်ဦးမှာတိုက်ခိုက်ခံရမှုကြောင့်သေဆုံးခြင်းဖြစ်

ဘဂ္ဂဒက်(အီရတ်) မေ ၁၁

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ကြောင်း၊ နှစ်ဦးမှာတိုက်ခိုက်မှုကြောင့် သေဆုံးရခြင်းဖြစ်ပြီး အခြားတစ်ဦးမှာ မော်တော်ယာဉ် မတော်တဆဖြစ်မှုကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဌာနချုပ်က တနင်္လာနေ့က ကြေညာသည်။

သေဆုံးသွားသည့် တပ်ဖွဲ့ဝင်တစ်ဦးမှာ အီရတ်နိုင်ငံမြောက်ပိုင်းဒေသ အခြေစိုက်သည့် အိုလံပီယာအထူးတပ်ဖွဲ့မှဖြစ်ပြီး ကင်းလှည့်စဉ်က တိုက်ခိုက်မှုခံရပြီးနောက် ရရှိသည့်ဒဏ်ရာဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဌာနချုပ်က ကြေညာသည်။ သို့ရာတွင် မည်သည့်အချိန်က တိုက်ခိုက်မှုဖြစ်ပွားသည်ကို ကြေညာခြင်းမရှိပေ။

အမ်မာရာမြို့တွင် လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အမှတ်(၁) ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်တစ်ဦး စနေနေ့တွင် သေဆုံးသည်။ အခြားတပ်ဖွဲ့ဝင်တစ်ဦးသည် ပေါက်ကွဲမှုဖြစ်ပွားရာတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အမှတ်(၁၆) စစ်ရဲတပ်မဟာမှ တပ်ဖွဲ့ဝင်များ၏ ဟမ်းဗီးကားသည် အမေရိကန်တင့်ကားနှင့် တိုက်မိစဉ် သေဆုံးကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က ၂၀၀၃ ခုနှစ် မတ်လတွင် အီရတ် နိုင်ငံကို စတင်တိုက်ခိုက်ပြီးသည့်နောက် အမေရိကန်တပ်ဖွဲ့ဝင် ၇၅၀ ကျော် သေဆုံးခဲ့ပြီဖြစ်သည်။ ***အင်တာနက်။***

အီရတ်အကျဉ်းသားများကိုစစ်ဆေးနေစဉ် ဆန္ဒပြမှုဖြစ်ပွား ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်ကို ထုတ်ပစ်ရန် အော်ဟစ်တောင်းဆို

ဝါရှင်တန် မေ ၁၁

အီရတ်အကျဉ်းသားများကို အမေရိကန်စစ်ဘက်က ညှဉ်းပန်း နှိပ်စက်သည့်ကိစ္စများနှင့်ပတ်သက်၍ အမေရိကန် ပင်တဂွန်က မည်သို့မည်ပုံ ကိုင်တွယ်ဆောင်ရွက်ခဲ့သည်ကို သိရှိနိုင်ရန် အမေရိကန် အထက်လွှတ်တော်တွင် သောကြာနေ့က ကြားနာစစ်ဆေးမှုပြုလုပ်ခဲ့သည်။ ထိုသို့ စစ်ဆေးနေစဉ် ဆန္ဒပြသမားများက အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်ကို အော်ဟစ်ကာကန့်ကွက်ခဲ့ကြသည်။ ထိုသို့အော်ဟစ်ကြရာ၌ စစ်ရာဇဝတ်ကောင် ရမ်းစဖဲလ်ကို ရာထူးမှ ထုတ်ပစ်ဟု အော်ဟစ်သံများကိုလည်း ကြားရသည်ဟုဆိုသည်။

ကြားနာစစ်ဆေး

ဆန္ဒပြသူများမှာ ခုနစ်ဦးဖြစ်ပြီး ၎င်းတို့မှာ ကုဒ်ပင့် ငြိမ်းချမ်းသောအမျိုးသမီးများအဖွဲ့မှ ဖြစ်သည်။ ၎င်းတို့က လက်များမြှောက်၍လည်းကောင်း၊ လက်ညှိုးထိုး၍လည်းကောင်း အော်ဟစ်ဆန္ဒပြခဲ့ကြသည့်အတွက် အထက်လွှတ်တော် ကြားနာစစ်ဆေးမှုကို အနှောင့်အယှက်ဖြစ်ခဲ့ရသည်။ ယခု ကြားနာစစ်ဆေးမှုမှာ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်က အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များဆိုင်ရာ ကော်မတီရှေ့မှောက်တွင် အီရတ် အကျဉ်းသားများ ညှဉ်းပန်းမှုနှင့် သက်ဆိုင်သည်များကို ထွက်ဆိုရခြင်းဖြစ်သည်။

တောင်းဆို

ကာကွယ်ရေးဝန်ကြီးရမ်းစဖဲလ်ကို ရာထူးမှထုတ်ပယ်ပြီး အကျဉ်းသားများအပေါ် ရက်စက်မှုကိစ္စကို ကျယ်ပြန့်စွာ စစ်ဆေးပေးရန် ဆန္ဒပြတောင်းဆိုခဲ့သည်။ ဆန္ဒပြသူများတွင် အနည်းဆုံးတစ်ဦးသည် ရမ်းစဖဲလ်ကို ရာထူးမှထုတ်ပစ်ဟူသော စာတန်းရေးထိုးထားသည့် တီရှပ်အင်္ကျီကိုဝတ်ဆင်လာပြီး အခြားသူများမှာလည်း အလားတူစာသားများပါသည့် ဆိုင်းဘုတ်များကိုကိုင်ဆောင်လာခဲ့ကြသည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်သည် အကျဉ်းထောင်အတွင်း၌ အီရတ်အကျဉ်းသားများမဖွယ်မရာ နှိပ်စက်ခံနေရသည်ကို သိသော်လည်း လူသိရှင်ကြားဖြစ်လာသည့်အချိန်ရောက်သည်အထိ တစ်စုံတစ်ရာအရေးမယူဘဲ နေခဲ့သည်။ ယခုကြားနာပွဲ၌ လာရောက်ဆန္ဒပြကြခြင်းမှာ အများ၏ဆန္ဒကို အထက်လွှတ်တော်လူကြီးများ သိရှိစေရန်နှင့် အမေရိကန် လူထုကြီးပါသိရှိစေရန် ရည်ရွယ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ဆန္ဒပြ

မေ ၁၀ ရက်က ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် အီရတ်ကျူးကျော်စစ်ပွဲ ဆန့်ကျင်ရေး ဆန္ဒပြနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်အကျဉ်းသားများကို ကန်တပ်ဖွဲ့ဝင်များ ညှဉ်းပန်းမှုလုပ်ရပ် ရမ်းစဖဲလ်နှင့် ထိပ်တန်းအရာရှိများ ရာထူးမှ ထွက်ပေးရန် တောင်းဆို

ဝါရှင်တန် မေ ၁၁

အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်သည့် သတင်းနှင့်ပတ်သက်၍ အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်နှင့် အခြားသော အမေရိကန် စစ်ဌာနချုပ်မှ ထိပ်တန်းအရပ်သားနှင့် စစ်ဘက်တာဝန်ရှိသူများကို ရာထူးမှဖယ်ရှားပေးရန် အာမီတိုင်းမ်သတင်းစာက တနင်္လာနေ့တွင် တိုက်တွန်းရေးသားလိုက်သည်။

အာမီတိုင်းမ်သတင်းစာမှာ အမေရိကန်စစ်တပ်အတွင်းတွင် စာဖတ်ပရိသတ် ကျယ်ကျယ်ပြန့်ပြန့်ရှိသည့် ပုဂ္ဂလိကသတင်းစာတစ်စောင်ဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုသည် စစ်ဌာနချုပ်အဆင့်တွင်ပါ ခေါင်းဆောင်မှု မပီပြင်ခြင်းကြောင့်ဖြစ်ကြောင်း သတင်းစာခေါင်းကြီးပိုင်းတွင် ဖော်ပြထားသည်။

အချို့သော ဒီမိုကရက်များနှင့် သတင်းစာကြီးအချို့တို့ကပါ ဤကိစ္စတွင် ရမ်းစဖဲလ်ရာထူးမှ ထွက်ပေးသင့်ကြောင်း တောင်းဆိုခဲ့ကြသည်။ သို့ရာတွင် ရမ်းစဖဲလ်က သူရာထူးမှ ထွက်ပေးမည် မဟုတ်ကြောင်း သောကြာနေ့က ပြောကြားလိုက်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ရှီးယိုက်ခေါင်းဆောင်ဆာဒါ၏ လက်နက်ကိုင်တပ်ဖွဲ့များ ကန်နှင့် ဗြိတိန်တပ်ဖွဲ့တို့အား ဒုတိယမြောက်နေ့ ဆက်လက်တိုက်ခိုက်

ဘဂ္ဂဒက် (အီရတ်) မေ ၁၁

အမေရိကန်နှင့် ဗြိတိသျှ တပ်ဖွဲ့ဝင်များသည် ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါ၏ လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် ဒုတိယမြောက်နေ့အဖြစ် တနင်္ဂနွေ နေ့တွင် ဆက်လက်တိုက်ခိုက်ကြသည်။

ဘဂ္ဂဒက်မြို့ဈေးအတွင်း ပေါက်ကွဲမှုဖြစ်ပွားရာတွင် အီရတ်လေးဦးတို့ သေဆုံးခဲ့သည်။ ဘာဆာရာမြို့ ပေါက်ကွဲမှုတွင် ဗြိတိသျှတပ်ဖွဲ့ဝင်သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အယ်လ်ဆာဒါ၏ မီဒီပြည်သူ့စစ်တပ်ဖွဲ့ဝင်များက အုပ်ချုပ်ရေးရုံးနှင့် အမ်မာရာမြို့ရှိ ဗြိတိသျှစခန်းများအား တနင်္ဂနွေနေ့ အရုဏ်မတက်မီက စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ကြောင်း ဗြိတိသျှတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးနှင့် ဒေသခံများက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များ သေဆုံးမှုမရှိပေ။ သို့ရာတွင် စိန်ပြောင်းကျည်ရောက်သည်ဟု ယူဆဖွယ်ရှိသည့် နေရာများ ပျက်စီးသွားခဲ့ကြောင်း ဗြိတိသျှတပ်ဖွဲ့ဝင် ပြောရေး ဆိုခွင့်ရှိသူ ဗိုလ်မှူး အီယန်က လွှန်နေကပြောကြားသည်။

ယင်း တိုက်ခိုက်ရေးသမားများကို တိုက်ခိုက်ရာတွင် ဗြိတိသျှရဟတ်ယာဉ်များ အသုံးပြုခဲ့သည်ဟု ဒေသခံများ၏ ပြောကြားချက် မမှန်ကြောင်းဖြင့် အီယန်ကလွှန်နေကပြောကြားသည်။

အမေရိကန် တပ်ဖွဲ့ဝင်များက ရှီးယိုက်တို့နေထိုင်သည့် နာဂျက်ဖ်၊ ကူဖါနှင့် ကာဘာလာမြို့များရှိ အယ်လ်ဆာဒါ၏ ခြေကုတ်စခန်းများအား အရှိန်မြှင့်တွန်းအားပေး တိုက်ခိုက်လျက်ရှိစဉ် အယ်လ်ဆာဒါ၏ မီဒီပြည်သူ့စစ်တပ်ဖွဲ့များက ဘာဆာရာနှင့် အမ်မာရာမြို့များတွင် ရှေ့တန်းစစ်မျက်နှာသစ်အဖြစ် ဖွင့်လှစ်ရန် ရည်ရွယ်ကာ တိုက်ခိုက်ခဲ့ကြသည်။ ယင်းဒေသတွင် ပြင်းထန်သည့် အပြန်အလှန်ပစ်ခတ်မှုများ လွှန်ခဲ့သည့် ရက်သတ္တပတ်က ဖြစ်ပွားခဲ့ရာ လူဒါဇင်ချီ၍ သေဆုံးခဲ့ကြသည်။

အင်တာနက်။

အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းနေသည့် သတင်းဓာတ်ပုံများကို ဝိုင်းအုံဖတ်ရှုနေသည့် အီရတ်များကို မေ ၁၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကန် စစ်ရဲတပ်ဖွဲ့ဝင် စိတ်ဖိစီးမှုဝေဒနာ ခံစားခဲ့ရ ယနေ့ထက်တိုင်အောင် အိပ်မက်ဆိုးများ မြင်မက်ဆဲဖြစ်

ဆန်ဖရန်စစ္စကို မေ ၁၁

အီရတ်နိုင်ငံ အဘူဂါရိပ်အကျဉ်းထောင်တွင် အမေရိကန်စစ်ရဲ အစောင့်တပ်ဖွဲ့ဝင်အဖြစ် တာဝန်ယူရာမှ ဌာနေနိုင်ငံသို့ ပြန်ရောက်လာပြီး နောက်တစ်လတွင် အာရီဗာလိုသည် ထောင်ချောက်အတွင်း ပိတ်မိရာမှ ထွက်ပြေးခဲ့ရပုံနှင့် လက်ပစ်ဗုံးမှ စနက်တံဖြုတ်လိုက်ပုံစသည့် အိပ်မက်ဆိုးများကို ယနေ့တိုင် မြင်မက်လျက်ရှိသေးကြောင်း၊ ၎င်းသည် အဆိုပါ အကျဉ်းထောင်တွင် တာဝန်ထမ်းဆောင်စဉ် စိတ်ဖိစီးမှုဝေဒနာ ခံစားခဲ့ရပြီး ယခုအခါ စစ်ဘက်ဆိုင်ရာ ဆရာဝန်တစ်ဦးနှင့် ကုသမှုခံယူနေရကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ထိုးကြိတ်ခဲ့

အာရီဗာလိုသည် ညဘက်အိပ်စက်နေစဉ်အတွင်း မိမိအား ထိုးကြိတ်ခဲ့ကြောင်း၊ လက်ပစ်ဗုံးစနက်တံ ပြုတ်သည်ဟုထင်ပြီး မိမိ၏နားရွက်ကို ဆွဲထားကြောင်း၊ ယင်းသို့ ပြုလုပ်မှုကြောင့် မိမိမျက်နှာတွင် ခြစ်ရာများ ရရှိခဲ့ကြောင်းဖြင့် ဇနီးဖြစ်သူ ရီစီက ပြောကြားသည်။

ဆေးဝါးကုသမှုခံယူ

အသက် ၃၁ နှစ်ရှိ အာရီဗာလိုသည် ဆန်ဖရန်စစ္စကိုအခြေစိုက် အမှတ် (၈၇၀) စစ်ရဲတပ်ဖွဲ့မှဖြစ်ကာ အီရတ်နိုင်ငံတွင် ကြမ်းတမ်းလှသည့် စစ်မြေပြင်အတွေ့အကြုံကို ရင်ဆိုင်ခဲ့ရပြီးနောက် စိတ်ဖိစီးမှုဝေဒနာ ခံစားဖြစ်ပေါ်လာသဖြင့် ပုံမှန်ဘဝအတိုင်း ပြန်လည်ရောက်ရှိစေရန် ဆေးဝါးကုသမှု ခံယူနေသူတစ်ဦး ဖြစ်သည်။

မိမိအနေဖြင့် ကြမ်းတမ်းခက်ထန်သည့် အချိန်မျိုးနှင့် တွေ့ကြုံခဲ့ရကြောင်း အာရီဗာလိုက ပြောကြားသည်။

အိပ်မက်များမြင်မက်

ထောင်ချောက်အတွင်း မိမိပိတ်မိနေသည့် အိပ်မက်များ မြင်မက်ခဲ့ကြောင်း၊ ပိတ်လှောင်နေရာမှ ထွက်ပြေးခဲ့ကြောင်း၊ မိမိအနေဖြင့် မည်သည့်အရာဟု ရေရေရာရာ မသိရှိကြောင်း၊ မိမိရင်ဆိုင်ကြုံတွေ့နေရာမှ ထွက်ပြေးခဲ့ခြင်းသာဖြစ်ကြောင်း၊ မိမိသည် တရားခံပြေးတစ်ယောက်နှင့် တူနေကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်အကျဉ်းသားများ ညှဉ်းပန်းနှိပ်စက်ခံရမှု လုပ်ရပ်ကို ပြတ်သားစွာအရေးယူရန် ဂျာမနီပြည်ထဲရေးဝန်ကြီး ပြောကြား

ဝါရှင်တန် မေ ၁၁

အီရတ်နိုင်ငံမှ အီရတ်အကျဉ်းသားများအား ကြောက်မက်ဖွယ်ရာ နှိပ်စက်ညှဉ်းပန်းမှု ဖြစ်ရပ်များသည် ကမ္ဘာတစ်ဝန်းရှိ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းတွင် အဓိက ဆုတ်ယုတ်မှုဖြစ်ပြီး ယင်းဖြစ်ရပ်များ၏ ဆိုးကျိုးသက်ရောက်မှုကို ပြန်လည်အဖတ်ဆယ်ရန်အတွက် တောင်းပန်တိုးလျှိုးရုံမျှဖြင့် လုံလောက်မှုမရှိကြောင်း ဂျာမနီပြည်ထဲရေးဝန်ကြီးက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

ဘဂ္ဂဒက်မြို့တော် အပြင်ဘက်ရှိ အဘူဂါရိပ် အကျဉ်းထောင်တွင် အီရတ်အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့ဝင်များက နှိပ်စက်ညှဉ်းပန်းနေသည့် ဓာတ်ပုံများသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲဆင်နွှဲနေမှုအတွက် ကြီးမားသည့် ဆုတ်ယုတ်မှုကြီးဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် အာရပ်ကမ္ဘာမှ ပြည်သူ လူထု၏ ထောက်ခံမှုရရှိစေရန် ကြိုးပမ်းနေမှုများအား ၎င်းတို့၏ လုပ်ရပ်က အပြင်းအထန် ထိုးနှက်လိုက်ခြင်း ကြောင့်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး အော့တိုရှီလီက သတင်းထောက်များအား ပြောကြားသည်။

ရင်ဆိုင်ကြုံတွေ့

ဂုဏ်ဒြပ်ထိခိုက်ခံရမှုကို ပြန်လည်အဖတ်ဆယ်ရာတွင် ကြီးမားသည့် အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့တတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အမေရိကန်အစိုးရက ယင်း နှိပ်စက်ညှဉ်းပန်းမှုကို ပြတ်ပြတ်သားသား ရှုတ်ချပြီး ယင်းကိစ္စအား စုံစမ်းစစ်ဆေးမည်ဟု ပြောကြားမှုကို ကြိုဆိုလျက်ရှိစဉ် အော့တိုရှီလီက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

အမေရိကန် တပ်ဖွဲ့ဝင်များ၏ နှိပ်စက်ညှဉ်းပန်းမှုကို ကိုင်တွယ်ဖြေရှင်းပြီး ပြတ်သားသည့် ဆောင်ရွက်မှု ပြုလုပ်ရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန် ဒီမိုကရက်အမတ်များနှင့် အထင်ကရ သတင်းစာများက အမေရိကန် ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်အား ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုမှုများကိုမူ ဝေဖန်ပြောကြားရန် အော့တိုရှီလီက ငြင်းဆိုထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်မြို့တွင် မီးလောင်ကျွမ်းနေသည့် ကားတစ်စီးအနီး၌ အောင်ပွဲခံနေသည့် အီရတ်များကို မေ ၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တောင်အာဖရိကနိုင်ငံသား အီရတ်တွင် သေနတ်ပစ်ခံရပြီး သေဆုံး

ဂျိုဟန်နက်စဘတ် မေ ၁၁

တောင်အာဖရိကနိုင်ငံသားတစ်ဦးသည် အီရတ်နိုင်ငံတွင် တနင်္လာနေ့က သေဆုံးကြောင်း အတည်ပြု ပြောကြားရာ အီရတ်နိုင်ငံတွင် သေဆုံးသည့် တောင်အာဖရိကနိုင်ငံသားဦးရေသည် ခုနစ်ဦးထက်မနည်းရှိသွားပြီ ဖြစ်သည်။

တိုက်တွန်းနှိုးဆော်

ဖော်ပြပါ တောင်အာဖရိကနိုင်ငံသား သေဆုံးကြောင်း အတည်ပြု ပြောကြားနေစဉ် တောင်အာဖရိကနိုင်ငံသားများ အနေဖြင့် အီရတ်နိုင်ငံသို့ ခရီးသွားလာမှုရှောင်ကြဉ်ကြရန် တောင်အာဖရိက နိုင်ငံခြားရေးဌာနက ထပ်မံ၍ တိုက်တွန်းနှိုးဆော်ထားသည်။ ယင်းသေဆုံးသူမှာ ဆောက်လုပ်ရေး လုပ်သားတစ်ဦးဖြစ်ပြီး အီရတ်မြောက်ပိုင်းဒေသရှိ ကယ်ကွတ်မြို့တွင် နံနက်စောစောပိုင်းက သေနတ်ပစ်ခံရ၍ သေဆုံးခဲ့ခြင်းဖြစ်သည်။

အတည်ပြုပြောကြား

အီရတ်နိုင်ငံ ပဋိပက္ခအတွင်း နောက်ထပ် တောင်အာဖရိကနိုင်ငံသားတစ်ဦး သေဆုံးကြောင်း ကူဝိတ်နိုင်ငံရှိ တောင်အာဖရိကသံတမန် မစ်ရှင်အဖွဲ့က အတည်ပြု ပြောကြားကြောင်း ပြောရေးဆိုခွင့်ရှိသူ မာမိုပါက ပြောကြားသည်။

သဝဏ်လွှာပေးပို့

တောင်အာဖရိကအစိုးရက ကျန်ရစ်သူ မိသားစုဝင်များအား ဝမ်းနည်းကြောင်း သဝဏ်လွှာ ပေးပို့ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အန္တရာယ်နှင့်တွေ့ကြုံဖွယ်

အီရတ်နိုင်ငံသည် စစ်ဖြစ်ပွားသည့် ပဋိပက္ခဒေသဖြစ်နေပြီး အန္တရာယ်နှင့်တွေ့ကြုံဖွယ် အလားအလာများ ရှိနေသဖြင့် တောင်အာဖရိကနိုင်ငံခြားရေးဌာနက ၎င်း၏ နိုင်ငံသားများအား အီရတ်နိုင်ငံသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ကြရန် ထပ်မံတိုက်တွန်းထားကြောင်း မာမိုပါက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မေ ၉ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၉ ရက်က အီရတ်နိုင်ငံတောင်ပိုင်း ကူဖာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေး သမားများ တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် နေအိမ်များ ပျက်စီးနေသည်ကို တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)



မေ ၉ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ တစ်ခု၌ပြသထားသည့် အကျဉ်းကျခံရစဉ် ညှဉ်းပန်းနှိပ်စက်ခံခဲ့ရမှု မှတ်တမ်း ဓာတ်ပုံများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၁၀ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် အမေရိကန်တပ်ဖွဲ့၏ လေကြောင်း တိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့ရသော အဆောက်အအုံများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၁၀ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်း၏ သိုလှောင်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးလောင်ကျွမ်းရာ မီးသတ်ရဲဘော်များက မီးငြိမ်းသတ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၃ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့၏ပစ်ခတ်မှုကြောင့် သားဖြစ်သူ သေဆုံးသဖြင့် ငိုကြွေးနေသော အီရတ်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၈ ရက်က အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်၌ တိုက်ပွဲဖြစ်ပွားရာမှ ဝမ်းဗိုက်တွင် သေနတ်ကျည်ဆန်ထိမှန်ခံခဲ့ရသည့် အီရတ်ကလေးငယ်တစ်ဦးအား ဆေးရုံပေါ်တွင် ဖခင်ဖြစ်သူက နှစ်သိမ့်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်



စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ကျွန်းလှမြို့နယ်ရှိ စိုက်ပျိုးမြေဧက ငါးသိန်းကျော်ကို အကျိုးပြုပြီး လျှပ်စစ် ဓာတ်အားမဂ္ဂါဝပ် ၃၀ကိုပါ ထုတ်ယူနိုင်သည့် ငွေကျပ်သန်းပေါင်း ၇၅၀၀ကျော် အကုန်အကျခံ တည်ဆောက်ခဲ့သော သဖန်းဆိပ် ရေလှောင်တမံကြီးကို တွေ့ရစဉ်။

ပဲခူးတိုင်း ပြည်မြို့နယ်တွင် တည်ရှိပြီး ဧရာဝတီမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် ၄၁၈၃ပေရှည် နဝဒေးတံတားကြီးကို တွေ့ရစဉ်။

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ဖောက်လုပ်ခဲ့သည့် ကရင်ပြည်နယ်ရှိ မြိုင်ကြီးငူနှင့်ဘားအံ ဆက်သွယ်သော ၃၄မိုင်ရှည် သစ္စာလမ်းမကြီးကို ဝေဟင်မှ တွေ့ရစဉ်။

ရထားတွဲဆိုင်းသစ်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းရုံ (ရွာထောင်)က တီထွင်ထုတ်လုပ်ခဲ့သည့် ဒီအမ်ယူ ၃၀၂ ရထားတွဲဆိုင်းသစ် ကို တွေ့ရစဉ်။

စည်းလုံးညီညွတ်ရေးစိတ်ဓာတ်ကို အခြေခံ၍ တစည်းတလုံးတည်းသေ
အမျိုးသားရေးတာဝန်၊ စာပေတာဝန်များကို အောင်မြ

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ဒုတိယနေ့တွင် သဘာပတိဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✧ မြန်မာနိုင်ငံစာပေမှ

ပြည်နယ် မိုးကောင်းမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးဝင်းအောင် (ထက်သူအောင်)၊ ဧရာဝတီတိုင်း မြန်အောင်မြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဒေါ်တင်ရီ (နေဝန်းနီနီ)၊ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးသန်းဝေ (သန်းဝေ-တောင်ကြီး)၊ စစ်ကိုင်းတိုင်း မုံရွာမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးတင်အောင်(ခြိမ့်သဲ)နှင့် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးသန်းကျော်(မြောက်ဦးအနီချေ)တို့က အသီးသီး အကြံပြု ထောက်ခံ ဆွေးနွေးကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထောက်ခံဆွေးနွေး

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ဗဟိုအမှုဆောင်ကော်မတီ၏ ဘဏ္ဍာရေးရှင်းတမ်း (၂၀၀၂-၂၀၀၄)ကို ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးမြင့်ကြည် (မြင့်ဝင်းနီ)က

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ဒုတိယနေ့တွင် နံနက်ပိုင်း အခမ်းအနားမှူးအဖြစ် ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အကြံပြု ထောက်ခံ ဆွေးနွေးပြီး စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကို တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးလှမြင့် (ကော့သောင်း ရွှေပြည်စိုး)က အကြံပြု ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ဗဟိုအမှုဆောင်ကော်မတီဝင် ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်)က ကွယ်လွန်သူ သက်ကြီးစာပေပညာရှင်များ၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းတင်ရန် အဆိုတင်သွင်းပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

အစည်းအဝေးကို မွန်းတည့်၁၂နာရီတွင် ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းမောင် (သန်းမောင်)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ (ရွှေစွန်ညို)က ဆောင်ရွက်သည်။

ရှင်းလင်းပြောကြား

အစီအစဉ်အရ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာအပေါ် ဗဟိုဦးစီးအဖွဲ့ဝင်များ၏ အကြံပြုဆွေးနွေးချက်များကို ဗဟိုအမှုဆောင်ကော်မတီကိုယ်စား မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၃) ဦးမြင့်သိန်း (မြင့်သိန်းအောင်)က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် ပဲခူးတိုင်း(အနောက်) သဲကုန်းမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးလှဝေ (တက္ကသိုလ်လှဝေ)က အဆိုတင်သွင်းရာ မကွေးတိုင်း ရေနံချောင်းမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးကျော်ညွန့် (ရေနံ့သာ - မောင်ကျော်ညွန့်) က ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ဗဟိုအမှုဆောင်ကော်မတီ၏ ဘဏ္ဍာရေးရှင်းတမ်း (၂၀၀၂-၂၀၀၄)နှင့် စာရင်းစစ် အစီရင်ခံစာတို့ကို အတည်ပြုရန် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင်ဦးရွှေ(ရွှေရိုး)က အဆိုတင်သွင်းရာ ချင်းပြည်နယ်မင်းတပ်မြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးမောင်ရှိန်း (ဆရာတော်လာ)က ထောက်ခံ ဆွေးနွေးသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ဒုတိယနေ့တွင် နံနက်ပိုင်း သဘာပတိအဖြစ် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အတည်ပြု

ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးက ချမှတ်သည့် ဆုံးဖြတ်ခြင်း သုံးရပ်၊ အတည်ပြုခြင်း သုံးရပ်နှင့် မှတ်တမ်းတင်ခြင်း လေးရပ်တို့ကို အခမ်းအနားမှူးက အစည်းအဝေးသို့ တင်ပြရာ သဘာပတိက အစည်းအဝေးတက်ရောက်လာကြသူ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ဗဟိုဦးစီးအဖွဲ့ဝင်များ၏ဆန္ဒကို ရယူကာ အတည်ပြုကြောင်းကြေညာသည်။

ဆက်လက်၍ ဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို သဘာပတိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းမောင်(သန်းမောင်)၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)နှင့် ဗဟိုဦးစီး အဖွဲ့ဝင်ကိုယ်စားလှယ်များက မှတ်တမ်းတင်လက်မှတ်ရေးထိုးကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

အစည်းအဝေးကို မွန်းလွဲ ၁နာရီခွဲတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က ဆောင်ရွက်သည်။

အမှာစကားပြောကြား

အစီအစဉ်အရ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ရန်ကုန်မြို့တော်ရှိ စာပေပညာရှင်များ၊ စာပေလောကသားများနှင့် အလွယ်တကူ ထိတွေ့နိုင်သော်လည်း အခြားပြည်နယ်နှင့် တိုင်းများမှ စာပေလောကသားများနှင့် တွေ့ဆုံရန် မလွယ်ကူသဖြင့် ယခုကဲ့သို့ တွေ့ဆုံခွင့် ရရှိ၍ ဝမ်းမြောက်ပါကြောင်း။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ယခုလို ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကျင်းပစဉ် နိုင်ငံတော်၏ အမျိုးသား ညီလာခံကြီး စတင်ကျင်းပမည့်ကာလနှင့် နီးကပ်တိုက်ဆိုင်နေကာ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးက **“အမျိုးသားညီလာခံကြီးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ မြန်မာနိုင်ငံ စာပေလောကသား အားလုံးက အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန်”** အဆိုနှင့် **“ပြည်ထောင်စု စိတ်ဓာတ်ဖြင့် တိုင်းရင်းသားများအားလုံး စုပေါင်းပါဝင် တည်ဆောက်ထားသော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး မပြိုကွဲရေးအတွက် မြန်မာနိုင်ငံ စာပေလောကသား အားလုံးတို့က တိုင်းရင်းသားများနှင့်အတူ စည်းလုံးညီညွတ်စွာ လက်တွဲကာကွယ် ထိန်းသိမ်းစောင့်ရှောက်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ အမြန်ရောက်ရှိအောင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်သွားကြရန်”** အဆိုတို့ကို အဆိုပြု ထောက်ခံဆွေးနွေးနိုင်ခဲ့ကြသောကြောင့် အဖွဲ့ကြီးအနေဖြင့် နိုင်ငံတော်၏ အမျိုးသားရေး တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်ခွင့် ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ် ကောင်းပါကြောင်း။

လက်တွဲဆောင်ရွက်လျက်ရှိ

မိမိတို့ ပြန်ကြားရေး ဝန်ကြီးဌာနသည် ပြည်သူများအား ဖျော်ဖြေရေး၊ ပြန်ကြားရေးနှင့် အသိဗဟုသုတ ဖြန့်ဝေပေးနေသော ဝန်ကြီးဌာနဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ကြီးနှင့် စာပေလောကသားများနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ ရိုးရာပန်းပညာရှင်များ စသည့် အနုပညာနယ်ပယ် အသီးသီး၌လည်း မြန်မာ့ ယဉ်ကျေးမှု စရိုက်လက္ခဏာများနှင့်လျော်ညီအောင်၊ ရှင်သန်ခိုင်မြဲအောင်၊ ပျောက်ပျက်ဆုံးရှုံးခြင်း မရှိရအောင် ထိန်းသိမ်းသည့် တာဝန်ကိုလည်း ဆောင်ရွက်လျက် ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးတို့သည် တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားများပင် ဖြစ်ကြရာ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန် ပူးပေါင်း ဆောင်ရွက်သွားမည်ဟု ပြောကြားလိုကြောင်း။

မြန်မာစာပေအဆင့်အတန်း ပိုမိုမြင့်မားရေးအတွက် မိမိတို့တွင် တာဝန်ရှိသည့်အပြင် တိုင်းရင်းသား ပြည်သူအားလုံးအတွက် မြန်မာစာပေ ပျံ့နှံ့ရောက်ရှိကာ စာပေအရသာ ခံစားနိုင်ကြရန် ကြိုးပမ်းဆောင်ရွက်သွားကြရန် တာဝန်ရှိသည်ဟု ယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ဒုတိယနေ့တွင် မွန်းလွဲပိုင်း သဘာပတိအဖြစ် ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင် (သန်းမောင်)က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ပိုင်းဝန်းကြိုးပမ်း

မြန်မာစာပေသည် ကမ္ဘာ့စာပေတွင် အဆင့်အတန်းမနိမ့်ကြောင်း၊ ထို့အတူ မြန်မာစာပေ ပညာရှင်များ၏ အတွေးအခေါ် အရေးအသားတို့သည်လည်း

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဗဟိုဦးစီးအဖွဲ့ဝင် ဦးဝင်းအောင်(ထက်သူအောင်)က ဗဟိုအမှုဆောင် အစီရင်ခံစာကို ထောက်ခံအကြံပြု တင်ပြဆွေးနွေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း မြန်အောင်မြို့နယ်မှ ဗဟိုဦးစီး အဖွဲ့ဝင် ဒေါ်တင်ရီ(နေဝန်းနီနီ)က ဗဟိုအမှုဆောင်အစီရင်ခံစာကို ထောက်ခံ အကြံပြု တင်ပြဆွေးနွေးစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် ဗဟိုဦးစီးအဖွဲ့ဝင် ဦးသန်းဝေ (သန်းဝေ-တောင်ကြီး)က ဗဟိုအမှုဆောင် အစီရင်ခံစာကို ထောက်ခံအကြံပြုတင်ပြဆွေးနွေးစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ဗဟိုဦးစီးအဖွဲ့ဝင် ဦးတင်အောင် (ခြိမ့်သဲ)က ဗဟိုအမှုဆောင် အစီရင်ခံစာကို ထောက်ခံ အကြံပြု တင်ပြဆွေးနွေးစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဗဟိုဦးစီးအဖွဲ့ဝင် ဦးသန်းကျော် (မြောက်ဦးအနီချေ)က ဗဟိုအမှုဆောင် အစီရင်ခံစာကို ထောက်ခံ အကြံပြု တင်ပြဆွေးနွေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ဗဟိုဦးစီးအဖွဲ့ဝင် ဦးမြင့်ကြည်(မြင့်ဝင်းနီ)က ဘဏ္ဍာရေးရှင်းတမ်းကို ထောက်ခံအကြံပြု တင်ပြဆွေးနွေးစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်ဗဟိုဦးစီးအဖွဲ့ဝင် ဦးလှမြင့် (ကော့သောင်း-ရွှေပြည်စိုး) က စာရင်းစစ်အဖွဲ့ အစီရင်ခံစာကို ထောက်ခံအကြံပြုတင်ပြ ဆွေးနွေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ဒုတိယနေ့ကို ကြွေးကြော်သံများဖြင့် အခမ်းအနားကို ရုပ်သိမ်းစဉ်။ (သတင်းစဉ်)

သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး (အောင်ရမည်/အောင်ရမည်) ဟု ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြကာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယ အကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးသည် ညနေ ၃နာရီ ၁၀မိနစ်တွင် အောင်မြင်စွာ ကျင်းပ ပြီးစီးသွားသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ဒုတိယနေ့တွင် ပြည်နယ်/တိုင်းအသီးသီးမှ ဗဟိုဦးစီးအဖွဲ့ဝင် ကိုယ်စားလှယ်တော်ကြီးများ ဆုံးဖြတ်ချက် လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

...ည်းတလုံးတည်းသော ပြည်ထောင်စုကြီးအဖြစ် ဖော်ဆောင်...းကို အောင်မြင်စွာ ဆက်လက်ထမ်းဆောင်

အဆင့်အတန်းမနိမ့်ကြောင်း၊ သို့ရာတွင် ကမ္ဘာသို့ ပျံ့နှံ့မှုအားနည်းနေသည်ဟု ဆိုနိုင်ကြောင်း၊ ယင်းကို စာပေပညာရှင်များနှင့် မိမိတို့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့အတူ စာပေလောကသားများ အနေဖြင့် ပြည်သူတို့နှင့်အတူ စာပေလောကသားတစ်ရပ်လုံး ပါဝင်လျက် ပြည်ထောင်စုစိတ်ဓာတ်နှင့် ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည် ဆိုသော စည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ကို အခြေခံ၍ **"တစည်းတလုံးတည်းသော ပြည်ထောင်စုကြီး"** အဖြစ် ဖော်ဆောင်သွားကြရန်နှင့် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြပြီး ရှေ့ဆက်လက်၍ အမျိုးသားရေးတာဝန်၊ စာပေတာဝန်များကို အောင်မြင်စွာ ဆက်လက်ထမ်းဆောင်သွားကြပါဟု တိုက်တွန်းပါကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ဒုတိယနေ့တွင် မွန်းလွဲပိုင်း သဘာပတိအဖြစ် ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင် (သန်းမောင်)က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ဝိုင်းဝန်းကြိုးပမ်း

မြန်မာစာပေသည် ကမ္ဘာ့စာပေတွင် အဆင့်အတန်းမနိမ့်ကြောင်း၊ ထို့အတူ မြန်မာစာပေ ပညာရှင်များ၏ အတွေးအခေါ် အရေးအသားတို့သည်လည်း

ကြွေးကြော်

ထို့နောက် သဘာပတိမြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က နိဂုံးချုပ်အမှာစကားပြောကြားပြီး ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ အစည်းအဝေး တက်ရောက်လာကြသည့် ဗဟိုဦးစီးအဖွဲ့ဝင်များ၊ လေ့လာသူများက **အမျိုးသားညီလာခံကြီးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး (ဒို့အရေး/ ဒို့အရေး)၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းလုပ်ငန်းများကို နိုင်ငံတကာနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေး (ဒို့အရေး/ဒို့အရေး)၊ ကျစ်လျစ် ခိုင်မာသော အဖွဲ့အစည်းအဖြစ် ဆက်လက်စည်းရုံး တည်ဆောက်သွားရေး (ဒို့အရေး/ဒို့အရေး)၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး (ဒို့အရေး/ ဒို့အရေး)၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စွမ်းအားဖြင့် အေးချမ်း**



မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်း (မြင့်သိန်းအောင်)က ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာအပေါ် ဆွေးနွေးချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

မွန်းလွဲပိုင်း အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစုန်ညို)က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မကွေးတိုင်း ရေနံချောင်းမြို့နယ် ဗဟိုဦးစီးအဖွဲ့ဝင် ဦးကျော်ညွန့် (ရေနံ့သာ-မောင်ကျော်ညွန့်)က ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

...လာပ ...ဖွဲ့ဝင် ...ဘဏ္ဍာ ...ကြဲပြု (...းစဉ်)

တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်ဗဟိုဦးစီးအဖွဲ့ဝင် ဦးလှမြင့် (ကော့သောင်း-ရွှေပြည်စိုး) က စာရင်းစစ်အဖွဲ့ အစီရင်ခံစာကို ထောက်ခံအကြံပြုတင်ပြ ဆွေးနွေးစဉ်။ (သတင်းစဉ်)

ဗဟိုအမှုဆောင် ကော်မတီဝင် ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်) က ဝမ်းနည်းကြောင်း မှတ်တမ်းတင်ရန်အဆိုကို တင်သွင်းစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း သဲကုန်းမြို့နယ် ဗဟိုဦးစီးအဖွဲ့ဝင် ဦးလှဝေ(တက္ကသိုလ်လှဝေ)က ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် ဗဟိုဦးစီးအဖွဲ့ဝင် ဦးရွှေ(ရွှေရိုး)က ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာကို အတည်ပြုရန် အဆိုပြုတင်သွင်းစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ် မင်းတပ်မြို့နယ် ဗဟိုဦးစီးအဖွဲ့ဝင် ဦးမောင်ရှိန်း (ဆရာတော်လာ)က ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာကို အတည်ပြုရန် ထောက်ခံစဉ်။ (သတင်းစဉ်)

အစည်းအဝေးအပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ အစည်းအဝေး တက်ရောက်လာကြသော ပြည်နယ်နှင့်တိုင်းများမှ ဗဟိုဦးစီးအဖွဲ့ဝင်များနှင့် လေ့လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ (သတင်းစဉ်)

ပန်းလို စမ်းလို လမင်းလို

☆ **စာပေနဲ့ စာနယ်ဇင်း**
ပန်းခင်းသို့ မွှေးမြကြည်။
ကြည်နူးဖွယ် ဖူးအပွင့်တွေနဲ့
ထူးတင့်လှသည်။
ဗဟိုဦးစီးအဖွဲ့စုံညီ
ချစ်ကြည်စွာဆွေးနွေး။
အမျိုးသားရေးအမြင်မှန်လို့
နိုးကြားအတွေး ရှင်သန်ဖို့
တစ်ခွင်မြန် အောင်မည့်လမ်းမှာ
အောင်ပန်းတွေမွှေး။
☆ **စာပေနဲ့ စာနယ်ဇင်း**
စီးဆင်းတဲ့ စမ်းရေကြည်။
ကဗျာချို စာချိုရေးလို့
အေးမြစေမည်။
ပြည်နယ်၊ တိုင်း အလှပန်းချီ
ရေးသီဖွဲ့မနေး။
အမျိုးဂုဏ် ဇာတိဂုဏ်နဲ့
စာပေဂုဏ် ဘယ်မညှိုးအောင်
ကြိုးပမ်းစို့လေး။
☆ **စာပေနဲ့ စာနယ်ဇင်း**
လမင်းသို့လင်းရောင်ခြည်။
ပြည်သူ့ရင် ကြည်လင်ဝင်းအောင်
အလင်းငှ မည်။
ကလောင်သွားကိုဖြင့်
ဆောင်စားပင် မယှဉ်သာဘု
တစ်ခွင် မြန်မာ အကျိုးများစေဖို့
အမျိုးသားရေးစွမ်းအားပီ
တို့ကိုယ်စီ ပါဝင်စို့။
ကြည့်မဆုံးအောင်ပ
ပြည့်ဘုန်းရောင် ရွှေတောင်မောက်သလို
ထွန်းတောက်ချိန်မို့။ ။

(မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကြီးကို ဂုဏ်ပြုလျက်)

မြင်းမူမောင်နိုင်မိုး

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃-၅-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၁၅ ၇။ အကပဒေသာ
၈:၂၅ ၈။ ကျောက်တစ်လုံးရေကူ ရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English For Everyday Use.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၃၀ ၇။ မြန်မာစာမြန်မာစကား
၅:၄၅ ၈။ တေးဂီတအစီအစဉ်
၆:၀၀ ၉။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၆:၁၅ ၁၀။ သက်တံ့ရောင်သံစဉ်
၆:၃၀ ၁၁။ ညနေခင်းသတင်း
၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးနတ်မယ်(အပိုင်း-၂၁)**
၇:၂၅ ၁၄။ နည်းပညာများဖြန့်ဝေပေး ခေတ်မီပျားမွေးမြူရေး
၇:၃၅ ၁၅။ တေးဂီတအစီအစဉ်
၇:၄၅ ၁၆။ ကချင်ရိုးရာဝတ်စားဆင်ယင်မှု
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း လေးလေးချစ်ရဲ့ ချစ်ချစ်လေး (အပိုင်း-၁) (လွင်မိုး၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-ခင်စောမျိုး)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ မြန်မာ့သင်္ဘောကျင်း တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်း တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(ပို့ဆောင်ရေး)

ရန်ကုန် မေ ၁၂

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ယနေ့နံနက် ၉နာရီခွဲတွင် မြန်မာ့သင်္ဘောကျင်းအတွင်း တန်ချိန်၁၂၀၀၀ရေလုံ သင်္ဘောကျင်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့သင်္ဘောကျင်း အထွေထွေမန်နေဂျာ ဦးကြည်စိုးက ရေလုံကျင်းကြမ်းခင်းနှင့် ဘေးနံရံများပြီးစီးမှု အခြေအနေ၊ ကရိန်းလမ်းပြီးစီးမှုအခြေအနေ၊ Transformer Station တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် အချောသတ်လုပ်ကိုင်နေသည့် လုပ်ငန်းများ အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် လုပ်ငန်းများ ပြီးစီးမှုနှင့်ဆက်လက်လုပ်ဆောင်နေသည့်လုပ်ငန်းများကို လည်းကောင်း၊ ရေလုံကျင်း၊ ရေစုပ်ခန်းများ တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးသည် မြန်မာ့သင်္ဘောကျင်း၌ ပြည်ပမှ လုပ်ငန်းအပ်နှံချက်ဖြင့် တည်ဆောက်လျက်ရှိသောDiver Boat တည်ဆောက်နေမှုနှင့်ရေယာဉ်ဟောင်းများ ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကမ်းနားလမ်းရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်းသို့ ရောက်ရှိပြီး အလုံသင်္ဘောကျင်း လွန်းလမ်းများ အကြီးစားပြင်ဆင်ခြင်း လုပ်ငန်းနှင့် တန်ချိန် ၁၂၀၀ အထွေထွေသုံး ကုန်တွဲ အသစ်တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် မူလတန်းကျောင်းများ ပြုပြင်တည်ဆောက်မှု ကြည့်ရှုစစ်ဆေး

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ပြည်ထဲရေးဝန်ကြီးဌာနက ဆောက်လုပ်လှူဒါန်းသည့် ကွမ်းခြံကုန်းမြို့နယ် သုံးခွစံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်း ဆောက်လုပ်မှုကို ကြည့်ရှုစဉ်။

(ပြည်ထဲရေး)

ရန်ကုန် မေ ၁၂

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်သည် အထူး စုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့မွန်းလွဲ၁နာရီတွင် ရန်ကုန်တိုင်း တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် သုံးခွစံပြကျေးရွာသို့ ရောက်ရှိပြီး ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းဆောက်လုပ်လှူဒါန်းသည့် သုံးခွကျေးရွာဖလန်းဘုန်းတော်ကြီးကျောင်းဘက်စုံပြုပြင်ရေစက်ချလှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ ကွမ်းခြံကုန်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဇဋိလထံမှ ငါးပါးသီလခံယူပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ရေစက်သွန်းချ အမျှပေးဝေပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ပြည်ထဲရေးဝန်ကြီးဌာနက ဆောက်လုပ်လှူဒါန်းသည့် ကွမ်းခြံကုန်းမြို့နယ် သုံးခွ စံပြကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောက်လုပ်မှုအခြေ အနေများကို လည်းကောင်း၊ ကော့မှူးမြို့နယ် မြို့ကုန်းကျေးရွာအခြေခံပညာမူလတန်းကျောင်းနှင့် လာဝတီကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်းများ ပြုပြင်တည်ဆောက်မှု အခြေအနေကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော် ပူဇော်ပွဲနှင့် နှစ်ထပ်ကျောင်းဆောင် ငွေလှူပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၂

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် (၅၁)ရပ်ကွက် မြဝတီမင်းကြီး (၁)လမ်းရှိ သီရိမင်္ဂလာမဟာစည်ရိပ်သာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှဆက်ကပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဓမ္မာ့မော်စာချဆရာတော် ဘဒ္ဒန္တဝိစိန္တာဘိဝံသအား ပူဇော်ခြင်းမင်္ဂလာ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ တွံတေးအရှင်ဣန္ဒကအား ပူဇော်ခြင်းမင်္ဂလာ၊ ဒဂုံမြို့ဦး ဘုန်းတော်ကြီးပညာသင် နှစ်ထပ်ကျောင်းဆောင်ဆောက်လုပ်ခြင်းအတွက် အလှူငွေပေးအပ်ပွဲ၊ကျောင်းဆောင်သစ်အပ်ပွဲမင်္ဂလာနှင့် မြဝတီမင်းကြီး (၁)လမ်းနှင့် ဘုရင့်နောင် လမ်းသွယ်(၁)ကျောက်ချော ကတ္တရာလမ်းဖွင့်ပွဲမင်္ဂလာများကို ၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ရက် (မေ ၁၅ရက်) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ တပည့်ရဟန်းများ၊ ဒါယကာ၊ဒါယိကာမများကြွရောက်ပူဇော်ကြရန်နှင့် ရိပ်သာစောင့်ရှောက်ရေးအဖွဲ့ ဖုန်း-၅၈၀၄၅၄သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြန်မာနိုင်ငံ ဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံဆရာဝန်အသင်းစဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ် (CME) က ကြီးမှူး၍ အထွေထွေရောဂါကုဆရာဝန်များအတွက် Common Clinical Problems (2004) သင်တန်းကို မေ၂၂ရက်မှ ဇူလိုင်၁၈ရက်အထိ စနေ/တနင်္ဂနွေနေ့များတွင် မွန်းတည့်၁၂နာရီမှ ညနေ၃နာရီအထိ သင်တန်းပို့ချမည်ဖြစ်ရာ တက်ရောက်လိုသူ ဆရာဝန်များသည် မေ၁၇ရက်မှ ၂၁ရက်အထိ ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

၂၀၀၄ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆေးရောင်စုံပိုစတာပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၂

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် ၂၀၀၄ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းရောင်စုံပိုစတာပြိုင်ပွဲကို ၂၀၀၄ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သော (WANTED! Seas and Oceans- Dead or Alive?) (သင်ဘာကိုအလိုရှိပါသလဲ၊ ပင်လယ်နှင့် သမုဒ္ဒရာများ အပျက်လော၊ အကောင်းလော) ဆောင်ပုဒ်နှင့်အညီ ကျင်းပမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် လူဦးရေတိုးပွားများပြားလာသည်နှင့်အမျှ လူတို့၏ လုပ်ဆောင်ချက် အမျိုးမျိုးတို့ကြောင့် ပင်လယ်နှင့်သမုဒ္ဒရာများညစ်ညမ်းမှုဖြစ်ပေါ်လျက်ရှိသည်။ ယခုနှစ် ဆောင်ပုဒ်နှင့်အညီ ညစ်ညမ်းသော ပင်လယ်သမုဒ္ဒရာအပျက်ကို မြင်ချင်ပါသလား၊ ကောင်းမွန်သန့်ရှင်းသော ပင်လယ်သမုဒ္ဒရာကို မြင်ချင်ပါသလား ဟူသော မေးခွန်း၏အဖြေကို ပေါ်လွင်စေသည့် ပညာပေးပိုစတာများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်ဖိတ်ခေါ်သည်။

ပိုစတာများကို ၁၅X၂၀ လက်မဆိုဒ် စက္ကူပေါ်တွင် ရောင်စုံဆေးဖြင့်ရေးဆွဲ၍ ပိုစတာတွင် ဆောင်ပုဒ်ကို ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး မိမိပြောကြားလိုသည့် အကြောင်းအရာကိုလည်း ပညာပေးရေးသားဖော်ပြနိုင်သည်။ ပိုစတာ၏ ကျောဘက်တွင် ပြိုင်ပွဲဝင်သူ၏ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံစသည်တို့ကို တစ်ပါတည်းဖော်ပြရန် ဖြစ်သည်။ အဆင့်မီပိုစတာများကို ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ပိုစတာများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်ရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒဂုံမြို့နယ် ရန်ကုန်မြို့သို့ မေ၂၈ရက် (သောကြာနေ့) ညနေ၄နာရီခွဲအရောက်နောက်ဆုံးထား၍ ပေးပို့ကြရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က နှိုးဆော်ထားသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၅-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၄:၅၅	၈။ မျိုးချစ်တပ်မတော်
၅:၀၅	၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Simple Linear Regeression (စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား)
၅:၃၅	၁၀။ တိုင်းကျိုးပြည်ပြု တို့ရှေးရှု
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဝင်းပပလှသူလေးရယ်" (အပိုင်း-၁၀)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း " သစ္စာမဏ္ဍိုင် " (အပိုင်း-၄၁)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ၏ ၂၀၀၃ ခုနှစ် နှစ်ပတ်လည် အစည်းအဝေး နှင့် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင်ဆုချီးမြှင့်စဉ်။ (ထပဆ)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ ၂၀၀၃ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ၏ ၂၀၀၃ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်၇နာရီတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အမှာစကားပြောကြားကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်းအတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအား မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဒေသအာဏာပိုင် အဖွဲ့အစည်း အဆင့်ဆင့်က ဝိုင်းဝန်းကူညီဖြည့်ဆည်းပေးမည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၀၃ခုနှစ်အတွင်း ထူးချွန်ဆုရရှိသည့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းများအား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ရာ လှုပ်ရှားမှုထူးချွန်ဆု ပထမဆုရ တောင်ဥက္ကလာပမြို့နယ်၊ ဒုတိယဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တတိယဆုရ သန်လျင်မြို့နယ်နှင့် စတုတ္ထဆုရ ရွှေပြည်သာမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းများအား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လည်းကောင်း၊ ကျန်းမာရေးဆောင်ရွက်မှု ထူးချွန်ဆု ပထမဆုရ ရန်ကင်းမြို့နယ်၊ ဒုတိယဆုရ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တတိယဆုပူးတွဲရရှိသည့် တိုက်ကြီးမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်၊ ပညာရေးထူးချွန်ဆု ပထမဆုရ အလုံမြို့နယ်၊ ဒုတိယဆုရ ခရမ်းမြို့နယ်၊ တတိယဆု ပူးတွဲရရှိသည့် ကွမ်းခြံကုန်းမြို့နယ်နှင့် ဒဂုံမြို့နယ်၊ လူမှုရေးထူးချွန်ဆု ပထမဆုရ ဗဟန်းမြို့နယ်၊ ဒုတိယဆုရ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တတိယဆုပူးတွဲရရှိသည့် စမ်းချောင်းမြို့နယ်နှင့် ကျောက်တန်း မြို့နယ်တို့မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းများအား ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက လည်းကောင်း၊ သားဖွားခန်းထူးချွန်ဆု ပထမဆုရလှိုင်မြို့နယ်၊ဒုတိယဆုရဒေါပုံမြို့နယ်နှင့်တတိယဆုရမြောက်ဥက္ကလာပမြို့နယ်တို့မှမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများအား မြို့တော်ဝန်၏ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က လည်းကောင်း၊ သားဖွားခန်းအဆောက်အအုံဆောက်လုပ်မှု ထူးချွန်ဆုရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ တွံတေးမြို့နယ်နှင့် သဃ်္ဃန်းကျွန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းများအား ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်ကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။(သတင်းစဉ်)

သထုံမြို့တွင် မိုးရေချိန်စံချိန်သစ်တင်

ရန်ကုန် မေ ၁၂

၂၀၀၄ ခုနှစ် မေ ၁၂ရက် နံနက် မြန်မာစံတော်ချိန် ၀၉း၃၀နာရီ အချိန်တွင် သထုံမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၂၁၄ မီလီမီတာ (၈ဒသမ ၄၃လက်မ) သည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၃၂နှစ်အတွင်း မေလအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။

ယခင် စံချိန်ဟောင်းမှာ ၁၇၅ မီလီမီတာ (၆ ဒသမ ၈၅လက်မ) ဖြစ်ပြီး ၁၉၇၄ခုနှစ် မေ ၂၄ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် စပါးလင်နှင့် ဆီမွှေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

စပါးလင်နှင့်ဆီမွှေးစက်ရုံ လှည်းကူးမြို့နယ်၌ ဖွင့်လှစ် ဝန်ကြီးဗိုလ်ချုပ်ညွန့်တင် တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် မေ ၁၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Yunan Corporation (CYC)တို့ ပူးပေါင်း ဆောင်ရွက်သည့် စပါးလင်နှင့် ဆီမွှေးစက်ရုံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရုံးဝင်းအတွင်းရှိ စပါးလင်နှင့် ဆီမွှေး စက်ရုံ၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် တက်ရောက်သည်။

စက်ရုံဖွင့်ပွဲအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ချိုင်းနားယူနန်ကော်ပိုရေးရှင်းမှ စီးပွားရေးပညာရှင်နှင့် အင်ဂျင်နီယာများ၊ ခရိုင်နှင့်မြို့နယ်များမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

စက်ခလုတ်နှိပ်

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်က စက်ရုံမျက်နှာစာတွင် စပါးလင်နှင့် ဆီမွှေးစက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများဖြင့် ပက်ဖြန်းပေးသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထွန်းသန်းနှင့် ချိုင်းနားယူနန်ကော်ပိုရေးရှင်းမှ အကြီးတန်းစီးပွားရေးပညာရှင် မစ်ယန်ယန်ပင်းတို့က စက်ရုံရှေ့တွင်စက်ရုံဖွင့်ပွဲအထိမ်းအမှတ်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

လှည့်လည်ကြည့်ရှု

စပါးလင် အရွက်စိုကုန်ကြမ်းမှ ဆီမွှေးထုတ်လုပ်ပုံ အဆင့်ဆင့်ကို စက်ရုံမန်နေဂျာက ဒီဇိုင်းပုံစံများဖြင့် ရှင်းလင်းပြီးနောက် စက်ရုံအတွင်း အဆင့်ဆင့်ထုတ်လုပ်မှုများကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် စပါးလင်ဆီမွှေး အဆီကုန်ချောနမူနာများကို ကြည့်ရှုသည်။

ဆက်လက်၍ စက်ရုံရှင်းလင်းဆောင်တွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထွန်းသန်းက စပါးလင်ဆီမွှေး စိုက်ပျိုးနည်း လုပ်ငန်းနှင့် ကုန်ချောထုတ်လုပ်မည့် စက်ရုံလုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချိုင်းနားယူနန်ကော်ပိုရေးရှင်းမှ အကြီးတန်းစီးပွားရေးပညာရှင် မစ်ယန်ယန်ပင်းက စက်ရုံတည်ဆောက်မှုလုပ်ငန်းအဆင့်ဆင့်နှင့် ကုန်ချောထုတ်လုပ်မှုကို ရှင်းလင်းတင်ပြပြီး စက်ရုံလုပ်ငန်းများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ချိုင်းနားယူနန်ကော်ပိုရေးရှင်းမှ အင်ဂျင်နီယာမှူး မစ္စတာ ချန်ဒီဟောင်းက စက်ရုံလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက တာဝန်ရှိသူများအား စပါးလင်ဆီမွှေးပင် စိုက်ပျိုးရေးနှင့် ဆီမွှေးထုတ်လုပ်မှု လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

အဆိုပါစက်ရုံသည် တစ်နှစ်လျှင် စပါးလင်ဆီမွှေး အရွက်စိုတန်ချိန်လေးသောင်းကြိတ်ဝါး၍ စပါးလင်ဆီမွှေးအဆီတန်ချိန်၅၂၀ထုတ်လုပ်နိုင်မည်ဖြစ်သည်။ စပါးလင်ဆီမွှေးပင်များကိုလည်း စက်ရုံအနီးပတ်ဝန်းကျင်ဒေသများဖြစ်သည့် ကျွန်းကလေးစိုက်ကွင်း၊ ညောင်နှစ်ပင်စိုက်ကွင်း၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာနစိုက်ကွင်း၊ ဗဟိုစိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုလေ့ကျင့် ပညာပေးရေးဌာန စိုက်ကွင်းတို့အပြင် ရန်ကုန်တိုင်းအတွင်း၌ ပုဂ္ဂလိက စိုက်ပျိုးသူများကလည်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြမည်ဖြစ်သည်။ (သတင်းစဉ်)

သမဝါယမထုတ်ကုန်ပစ္စည်းပြပွဲ ရွှေဘို၊ ကလေး၊ တမူးနှင့် မုံရွာမြို့များ၌ ကျင်းပမည်

ရန်ကုန် မေ ၁၂

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်၊ သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ရုံး၏ ပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်း ရွှေခြသေ့် သမဝါယမအသင်းလီမိတက်မှ စုစည်း၍ သမဝါယမထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ မေ ၂၂ရက်မှ မေ ၂၆ရက်အထိလည်းကောင်း၊ကလေးမြို့ မြို့နယ်အားကစားကွင်း၌ ဇွန် ၁ရက်မှ ၅ရက်အထိလည်းကောင်း၊ တမူးမြို့ စက်ရောင်ဘီလူးခန်းမ၌ ဇွန်၁၁ရက်မှ ၁၅ရက်အထိလည်းကောင်း၊ မုံရွာမြို့ မြို့နယ်အားကစားခန်းမ၌ ဇွန်၂၂ရက်မှ ၂၆ရက်အထိလည်းကောင်း နေ့စဉ် နံနက်၉နာရီမှ ည၉နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါဈေးရောင်းပွဲတော်၌ ဖျော်ဖြေရေးအစီအစဉ်များ၊ ကုန်ပစ္စည်းသရုပ်ပြရှင်းလင်းပွဲများပါရှိရာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှု ဝယ်ယူအားပေးနိုင်သည်။

ပါဝင်ပြသလိုသော ကုမ္ပဏီများ၊ သမဝါယမအသင်းများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များသည် ရန်ကုန်တိုင်း ရွှေခြသေ့်သမဝါယမအသင်းလီမိတက် အဆောင်(၂) ပထမထပ် မဟာကျော်ကုန်တိုက် သိမ်ကြီးဈေး(စီ)ရုံ ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၈၀၀၊ (လိုင်းခွဲ)၃၉၄၊၄၀၈၊ ၂၄၀၆၀၀၊(လိုင်းခွဲ)(၄၃၂)၊ ရုံးချိန်ပြင်ပ (၆၃၅၂၆၄)တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်သည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၂-၅-၂၀၀၄

မော်လမြိုင်	-၈ ဒသမ	၇၀ လက်မ
သထုံ	-၈ ဒသမ	၄၃ လက်မ
ဘားအံ	-၃ ဒသမ	၈၉ လက်မ
မုဒုံ	-၃ ဒသမ	၀၇ လက်မ
ဧ	-၂ ဒသမ	၆၄ လက်မ
ထားဝယ်	-၂ ဒသမ	၄၉ လက်မ
သံတွဲ	-၂ ဒသမ	၄၀ လက်မ
ရေး	-၂ ဒသမ	၁၃ လက်မ

အင်အားပြင်းထန် မြေငလျင်လှုပ်ရှား

ရန်ကုန် မေ ၁၂

မေ၁၁ရက် မြန်မာစံတော်ချိန် ၁၅ နာရီ၀၂မိနစ်၃၄စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ အရှေ့တောင်ဘက် ၁၁၆၇မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ဒသမ၁အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(သတင်းစဉ်)

❍ နိုင်ငံ့ဂုဏ်ဆောင်မှ

အားကစားသမားဆုကို ခင်ခင်ထွေး (ပြေးခုန်ပစ်)တို့က ဆွတ်ခူးရရှိခဲ့ကြဖူးသည်။

ယခု ၂၀၀၃ခုနှစ်အတွက် တစ်နှစ်တာ အကောင်းဆုံး အမျိုးသား၊ အမျိုးသမီး အားကစားသမားဆုကို မြန်မာနိုင်ငံ အမျိုးသား အိုလံပစ်ကောင်စီနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီတို့၏ ဦးဆောင်လမ်းညွှန်မှုအရ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များ အဖွဲ့ချုပ်က ရွေးချယ်ချီးမြှင့်ခြင်း ဖြစ်သည်။ အဆိုပါ အခမ်းအနား ကျင်းပနိုင်ရေးနှင့် ဆုကြေးငွေများကို ကမ္ဘောဇဘဏ်လီမိတက်က ပံ့ပိုးကူညီခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၁၁ ရက် ညပိုင်းက ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်တွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင် သိန်းလင်း၊ အိုလံပစ်ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အားကစား ကလောင်ရှင်များ အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အားကစားကလောင်ရှင်များ၊ ဆုရအားကစား သမား နှစ်ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်ကို တွေ့ရသည်။

အခမ်းအနားတွင် ရှေးဦးစွာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ဂုဏ်ပြု အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ဆုချီးမြှင့်ရခြင်းနှင့် ရွေးချယ်ပုံတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက်မြန်မာနိုင်ငံ အားကစား ကလောင်ရှင်များ အဖွဲ့ချုပ်သို့ အလှူငွေများ လှူဒါန်းရာ အဖွဲ့ချုပ် ရန်ပုံငွေအတွက် ကျပ်၁၀သိန်း၊ အခမ်းအနား ဖြစ်မြောက်ရေးအတွက် ကျပ် ၁၀ သိန်း၊ ဆုရအားကစားသမားများ ချီးမြှင့်ငွေ ကျပ်သိန်း၂၀ စုစုပေါင်း ကျပ်သိန်း၄၀ ကို ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း ကိုယ်စား အုပ်ချုပ်မှု ဒါရိုက်တာ ဦးဇော်ဝင်းနိုင်ကလည်းကောင်း၊ ဂန္ဓမာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်လေး၊ ဒေါ်ကြူကြူတို့က ငွေကျပ် တစ်သိန်း၊ မြန်မာနိုင်ငံ ရိုးရာအားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌ သီဟသုဓမ္မသီဂိ၊ သီရိသုဓမ္မသီဂိ၊ လူမှုထူးချွန် (ပထမဆင့်) ဒေါ်မိမိခင်က ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ အဖွဲ့ချုပ်ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ အားကစားဝန်ကြီးက တစ်နှစ်တာ အမျိုးသားအကောင်းဆုံး အားကစားသမားဆုရ အောင်လင်း (လေ့လော့်)နှင့် အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရ ခိုင်ခိုင်မော်(ဂူရှူး)တို့အား ဆုကြေးကျပ် ၁၀သိန်းနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။ ၎င်းနောက် မြန်မာ့အားကစားအောင်နိုင်ရေး ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် အောင်သိန်းလင်းက အောင်လင်းအား ငွေကျပ်သိန်း၂၀နှင့် အမေရိကန်ဒေါ်လာ၂၀၀ တို့ကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက်ဆုရ အားကစားသမားနှစ်ဦးက ကျေးဇူးတင်စကား ပြောကြားကြသည်။

၂၀၀၃ခုနှစ်အတွက် တစ်နှစ်တာ အမျိုးသား၊ အမျိုးသမီးအကောင်းဆုံး ဆုကို အားကစားကလောင်ရှင်များ အဖွဲ့ချုပ်က ရွေးချယ်ရာတွင် ၂၀၀၃ ခုနှစ်အတွင်း အောင်မြင်မှုများရခဲ့သည့် အားကစားအဖွဲ့ချုပ်များ ဖြစ်သည့် ဂူရှူး၊ လေ့လော့်၊ ဘောလုံး၊ ပြေးခုန်ပစ်၊သေနတ်ပစ်၊အလေးမနှင့် ကာယဗလခုနစ်ခုတို့မှ အထူးချွန်ဆုံးနှင့် နိုင်ငံအတွက်ဆုတံဆိပ်အများဆုံး ဆွတ်ခူးရရှိခဲ့သည့် အားကစားသမားစာရင်းကို ရှေးဦးစွာ တောင်းခံပြီး အဆင့်ဆင့် ရွေးချယ်ခဲ့သည်။ ရွေးချယ်ရာတွင် အောက်ပါအချက်လေးချက်ကို အခြေခံ၍ ရွေးချယ်ခဲ့ကြောင်း သိရသည်။

၎င်းတို့မှာ အကျင့်စာရိတ္တ ကောင်းမွန်ခြင်း၊ ၂၀၀၃ ခုနှစ်တွင် ပြည်တွင်း ပြည်ပ နိုင်ငံတကာပြိုင်ပွဲတွင် ဆုတံဆိပ် ရရှိဖူးခြင်း (သို့) အရှေ့တောင်အာရှ

၂၀၀၃ခုနှစ်အတွက် အကောင်းဆုံးအမျိုးသား၊ အမျိုးသမီးအားကစားသမား ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အားကစား ကလောင်ရှင်များအဖွဲ့ချုပ် ရန်ပုံငွေအတွက် ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းနိုင်က ငွေကျပ်သိန်း၄၀ ပေးအပ်လှူဒါန်းစဉ်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

စံချိန်သစ်တင်နိုင်ခြင်း၊ အသင်း၊ အဖွဲ့ အစည်းတစ်ခုအနေဖြင့် နိုင်ငံတကာ ပြိုင်ပွဲတွင် ထူးချွန်စွာ အနိုင်ရခဲ့ခြင်း၊ ယင်းအသင်းတွင် ထူးချွန်စွာ ပါဝင်နိုင်သူ၊ အသင်းကိုအဓိက ဦးဆောင်နိုင်ခြင်း၊ ယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲအဆင့် အတန်း၊ ဆုတံဆိပ်ရရှိခဲ့မှုနှင့် အောင်မြင်မှု အတိုင်းအတာ၊ ပါဝင်ယှဉ်ပြိုင်ခဲ့ရသည့် အခန်းကဏ္ဍနှင့် တစ်ဦးချင်းပြိုင်ပွဲတို့ကို ပို၍ ဦးစားပေး ရွေးချယ်ခြင်းတို့ဖြစ်သည်။

နောက်ဆုံးရွေးချယ်ခဲ့သော ဆန်ခါတင်စာရင်းမှာ အမျိုးသားစိုးမြတ်မင်း (ဘောလုံး)၊ ဖုန်းမြင့်တေဇာ(လေ့လော့်)၊ မောင်ကြူး(သေနတ်ပစ်)၊ မင်းဇော်ဦး (ကာယဗလ)၊ သူရစိုး(ဂူရှူး)၊ အောင်လင်း(လေ့လော့်)၊နှင့် အောင်သူရ (ပြေးခုန်ပစ်) စုစုပေါင်းခုနစ်ဦးနှင့် အမျိုးသမီး ကေသီဝင်း(အလေးမ)၊ ခင်မာဦး (လေ့လော့်)၊ ခိုင်ခိုင်မော်(ဂူရှူး)၊ စန်းစန်းမော်(ဘောလုံး)နှင့် ယဉ်ယဉ်ခိုင် (ပြေးခုန်ပစ်)တို့ ဖြစ်ကြသည်။ အပြီးသတ်ရွေးချယ်ရာတွင် အမျိုးသား အကောင်းဆုံး အားကစားသမားဆုကို အောင်လင်း(လေ့လော့်)၊ အမျိုးသမီး အကောင်းဆုံးအားကစား သမားဆုကို ခိုင်ခိုင်မော်(ဂူရှူး)တို့က ဆွတ်ခူး ရရှိခဲ့ခြင်းဖြစ်သည်။

အောင်လင်းသည်ပြီးခဲ့သည့် ၂၀၀၃ ခုနှစ်တွင် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတစ်ခုသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း အမိနိုင်ငံအတွက် ဗီယက်နမ်ရေပြင်လွှာပေါ်တွင် ပြိုင်ဘက်တို့ကို အစွမ်းပြ အနိုင်ယူကာ ရွှေတံဆိပ်သုံးခုနှင့် ငွေတံဆိပ်နှစ်ခု ဆွတ်ခူးရယူနိုင်ခဲ့သည်။ ရွှေတံဆိပ်ရခဲ့သည့် ပြိုင်ပွဲများမှာ C-1 မီတာ ၁၀၀၀ တစ်ဦးချင်း၊ C-1 မီတာ၅၀၀ တစ်ဦးချင်းနှင့် (၂၂) တက်ရိုးရာ လှေပြိုင်ပွဲတို့ဖြစ်ပြီး ငွေတံဆိပ်ဆုကို C-2 မီတာ ၁၀၀၀ နှစ်ယောက်လှော်နှင့် C-2 မီတာ၅၀၀ ရိုးရာလှေ (၂၂)ယောက်လှော်ပြိုင်ပွဲတို့တွင် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

အမျိုးသား အကောင်းဆုံး အားကစားသမားဆုရ အောင်လင်းက ကြေးမုံ၏ မေးမြန်းချက်အပေါ် ပြန်လည်ရှင်းလင်းပြောကြားရာတွင် “မိမိ ၁၉၉၂ ခုနှစ်တွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန ကိုယ်စားပြုပြီး လှေလောကသို့စတင်ဝင်ရောက်ခဲ့ရာ ယခုဆိုလျှင် ကစားသက်(၁၁)နှစ်ကျော် ရှိလာပြီဖြစ်ကြောင်း၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မိမိအနေဖြင့် ယခုအကြိမ်မှ ရွှေတံဆိပ်များကို ပထမဦးဆုံးအကြိမ် ဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်ကြောင်း၊ မိမိတို့လေ့လော့အဖွဲ့ အနေဖြင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေး နှစ်နှစ်ကျော် ကြိုတင်လေ့ကျင့်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံအတွက် ဖွဲ့၊ လုံ့လအပြည့်ဖြင့် နေပူမရှောင် မိုးရွာမရှောင် လေ့ကျင့်ခဲ့ကြကြောင်း၊ ယခုလိုရွှေတံဆိပ်များရပြီး အားကစားကလောင်ရှင်များ အဖွဲ့ချုပ်က ချီးမြှင့်သည့် အကောင်းဆုံးဆုကိုပါ ရရှိသည့်အတွက် များစွာဝမ်းသာမိပါကြောင်း၊ တစ်နှစ်တာ အကောင်းဆုံးဆုကို ယခုလိုပြန်လည်ချီးမြှင့်သည့်အတွက် အခြားအားကစားသမားများကိုယ်စား ဝမ်းသာမိသလို မြန်မာ့အားကစား တိုးတက်ရန်လည်း များစွာအထောက်အကူ ပြုနိုင်မည်ဟုထင်ကြောင်း၊ မိမိသည်အရှေ့တောင်အာရှပြိုင်ပွဲအပြီးတွင် ရွှေ(၁)၊ ငွေ(၂)သာ ရခဲ့သော်လည်း မကြာမီရက်ပိုင်းက သတင်းထုတ်ပြန်ချက်အရ C-1 မီတာ၁၀၀၀နှင့် C-1 မီတာ၅၀၀ပြိုင်ပွဲတို့တွင် ပထမရသည့် ဗီယက်နမ်မှ အားကစားသမားမှာ တားမြစ်ဆေးသုံးကြောင်းသိရ၍ မိမိက ဆုံးရှုံးသွားသည့် ရွှေတံဆိပ်နှစ်ခုကို ပြန်လည်ရရှိခဲ့ကြောင်း၊ ပြိုင်ပွဲနှစ်ခုစလုံးတွင် ဗီယက်နမ်မှ အားကစားသမားနှင့် ပန်းဝင်တာချင်း သိပ်မကွာခဲ့ကြောင်း၊ မိမိသည် အင်အားနှင့် နောင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲများတွင်လည်း နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း” ပြောကြားသွားသည်။ အောင်လင်းသည် ကရင်ပြည်နယ်သားလေးတစ်ဦး ဖြစ်သည်။

အမျိုးသမီးအကောင်းဆုံးအားကစားသမားဆုရ ခိုင်ခိုင်မော်သည် ၂၀၀၃ ခုနှစ် အတွင်းတွင် ပြိုင်ပွဲနှစ်ခု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်သုံးခုနှင့် ငွေတံဆိပ်တစ်ခု နိုင်ငံအတွက် ဆွတ်ခူးရယူပေးခဲ့သည်။ နိုဝင်ဘာလတွင် မကာအို၌ ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် ကမ္ဘာ့ဂူရှူး တံခွန်စိုက်ပြိုင်ပွဲ ထိုက်ချိကျန့်ပြိုင်ပွဲ၌ ရွှေတံဆိပ်နှင့် ထိုက်ချိချွမ်ပြိုင်ပွဲ၌ ငွေတံဆိပ်တို့ကို ရရှိခဲ့ပြီး (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထိုက်ချိချွမ်နှင့်ထိုက်ချိကျန့်နှစ်မျိုးစလုံးတွင် ရွှေတံဆိပ် ဆွတ်ခူးရရှိခဲ့သည်။

တစ်နှစ်တာအမျိုးသမီး အကောင်းဆုံးအားကစားသမားဆုရ ခိုင်ခိုင်မော်က ကြေးမုံသို့ပြောကြားရာတွင် “သမီးဘဝတွင် နိုင်ငံအတွက် ဆုတံဆိပ်များ ရယူပေးနိုင်၍ ဝမ်းသာဂုဏ်ယူရသလို ယခုအားကစား ကလောင်ရှင်များ အဖွဲ့ချုပ်က ချီးမြှင့်သည့် အကောင်းဆုံး အမျိုးသမီး အားကစားသမားဆု ရရှိသည့်အတွက် ဝမ်းသာမဆုံးဖြစ်ရပါကြောင်း၊ သမီး ယခုလို ချီးမြှင့်ခံရအောင် ဂူရှူးလောကသို့ ပို့ဆောင်ပေးခဲ့သော ကွယ်လွန်သွားပြီဖြစ်သည့် သမီးဖေဖေ၊ အောင်မြင်မှုရအောင် စနစ်တကျပြုစုပျိုးထောင်ပေးခဲ့သည့် အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အမှုဆောင်များ၊ ကျေးဇူးတင်ထိုက်သူများကိုကျေးဇူးတင်ရှိပါကြောင်း၊ ယခုလို ချီးမြှင့်ပေးသည့်အတွက် မြန်မာ့အားကစား တိုးတက်ရေးကို များစွာအထောက်အကူပြုသလို နိုင်ငံကိုယ်စားပြု အားကစားမောင်မယ်များအနေဖြင့် စိတ်ဓာတ်များမြင့်မားလာစေကြောင်း၊ အားကစားသမားတစ်ဦးအနေနှင့် မိမိတို့ အားကစားနည်းတစ်ခုတည်း မဟုတ်ဘဲ အခြား အားကစားနည်းများထက် သာလွန်ရမည်ဟူသော မြင့်မားသော စိတ်ဓာတ်များ ပေါ်ထွက်လာနိုင်ကြောင်း၊ ယခု၂၀၀၄ခုနှစ်တွင် မြန်မာနိုင်ငံတွင် ကျင်းပမည့်(၆)ကြိမ်မြောက် အာရှဂူရှူး တံခွန်စိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ရန်ရှိကြောင်း၊ ယင်းပြိုင်ပွဲ ယှဉ်ပြိုင်ရန်အတွက် မကြာမီရက်ပိုင်းအတွင်းတွင် တရုတ်နိုင်ငံသို့ လေ့ကျင့်ရန် ထွက်ခွာမည်ဖြစ်ကြောင်း၊ အဆိုပါ ပြိုင်ပွဲတွင်လည်း အောင်မြင်မှုရအောင် ကြိုးစားမည်ဖြစ်ကြောင်း၊ သမီးကို အားပေးနေသည့်ပရိသတ်ကိုလည်း ကျေးဇူးတင်ပါကြောင်း၊ ဆက်လက်၍လည်း နိုင်ငံ့ဂုဏ်ဆောင် အားကစားမယ် ဖြစ်အောင်ကြိုးစားသွားမည်ဖြစ်ကြောင်း” ပြောကြားသွားသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံအားကစား ကလောင်ရှင်များအဖွဲ့ချုပ်က တစ်နှစ်တာအကောင်းဆုံး အားကစားသမားဆုများချီးမြှင့်ပေးခြင်းကြောင့် အားကစားမောင်မယ်များ စိတ်ဓာတ်တက်ကြွမြင့်မားလာကာ ပို၍ ကြိုးစားလာကြမည်ဖြစ်ပြီး မြန်မာ့အားကစား လောကသည်လည်း ပို၍ပို၍ တိုးတက်လာမည်ဖြစ်သည်။ (ကြေးမုံ)

✰ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးမှ

လမ်းဘေးရေနုတ်မြောင်းများ တူးဖော်ခြင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးကလမ်းကွေ့များတွင် ပေ၅၀ အထိချဲ့နိုင်ပါက ချဲ့ထွင်ဖောက်လုပ်ပေးရေး၊ အောက်ခံကျောက်သားအမာ တစ်ပေထုထည့်၍ အရည်အသွေးကောင်းသော လမ်းများဖြစ်အောင် ဆောင်ရွက်ရေး၊ တန် ၆၀ ခံနိုင်ရည်ရှိသောလမ်းများဖြစ်အောင်ဆောင်ရွက်ရေးနှင့် လမ်းပေါ်တွင် ရေမတင်စေဘဲ ရေအလွယ်တကူဆင်းနိုင်အောင် ဆောင်ရွက်ရေး၊ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာပြီးစီးအောင် ဆောင်ရွက်ရေးမှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က လုပ်ငန်းများအရည်အသွေး စံချိန်စံညွှန်းပြည့်မီစွာ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် လိုအပ်သည့် စက်ယန္တရား၊ စက်သုံးဆီနှင့် ကတ္တရာများအချိန်မီရရှိနိုင်ရေး စီစဉ်ဆောင်ရွက်မှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လိုအပ်သည်များကို မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် လွိုင်လင်နှင့် မိုင်းပွန်မြို့နယ်ကြားရှိ မိုင်တိုင်အမှတ်(၁၆၂/၆)သို့ သွားရောက်၍ စက်ယန္တရားများဖြင့် လမ်းမြေသားချဲ့ခြင်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကိုမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အဖွဲ့သည် ရှမ်းပြည်နယ် (တောင်ပိုင်း)ပင်လုံမြို့ ပင်လုံကျောက်တိုင်ကွင်းအတွင်း တည်ထားကိုးကွယ်မည့် ရွှေတိဂုံပုံစံတူ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိပြီးစေတီတော်တည်ဆောက်နေမှုနှင့် မြန်မာမှုလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စေတီတည်ဆောက်ရေးလုပ်ငန်းတွင် ပန်းတင်ခုံမြေကာနံရံ ဆောင်ရွက်ခြင်း၊ မဟာရံတံတိုင်းဆောင်ရွက်ခြင်း၊ သရက်ကင်းလှေကားလေးခု၊ အကြမ်းထည်လုပ်ငန်းနှင့်မြန်မာမှုလုပ်ငန်းဆောင်ရွက်ခြင်းများမှာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ပြီး ပန်းတင်ခုံလုပ်ငန်းမှာ ၂၂ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

(သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ဌာနဆိုင်ရာရုံးများ ဖွင့်လှစ်ဆောင်ရွက်မှုနှင့် ဝန်ထမ်းအင်အား၊ စုပေါင်းရုံးဆောက်လုပ်မှုနှင့် နယ်မြေဒေသအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကရင်ပြည်နယ် စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးက စည်ပင်သာယာ နယ်နိမိတ်သတ်မှတ် ဆောင်ရွက်မှု၊ အိမ်ရာတည်ဆောက်မှု၊ လမ်းပြုပြင်ပြီးစီးမှု၊ ပိုင်ကျုံမြို့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မှု၊ လှိုင်းဘွဲ့မြို့နယ်ရှိ ကျေးရွာများတွင် အဝီစိတွင်းများ တူးဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကျော်ဦးက ဒါးဂျိုင်းချောင်း ရေအားလျှပ်စစ်ရရှိရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ ဒါးဂျိုင်းချောင်၊ ရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက တပ်ဆင်လျှပ်စစ်ဓာတ်အား ၂၅မဂ္ဂါဝပ် ရရှိနိုင်မည်ဖြစ်၍ နှစ်စဉ်လျှပ်စစ်ဓာတ်အား ၈၇ဒသမ၆ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်ယူရရှိနိုင်မည်ဖြစ်ပြီး ပိုင်ကျုံမြို့ ပတ်ဝန်းကျင်ရှိ စိုက်ပျိုးမြေ ဧက ၅၀၀၀ခန့်ကို ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကား ပြောကြားရာတွင် ပိုင်ကျုံမှာ လှိုင်းဘွဲ့မြို့နှင့် ၁၄ မိုင်ခန့်ဝေးကွာပြီး ဒေသခံကျေးရွာများရှိ ပြည်သူများအနေဖြင့် အုပ်ချုပ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ တရားစီရင်ရေးကိစ္စများတွင် လွယ်ကူလျင်မြန်စေရေးအတွက် ပိုင်ကျုံအား မြို့အဆင့် တိုးမြှင့်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ပိုင်ကျုံမြို့ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က ငွေကျပ်သိန်းပေါင်းများစွာ အကုန်အကျခံပြီး အဆင့်တိုးမြှင့်ပေးသကဲ့သို့ ဒါးဂျိုင်းချောင်း ရေအားလျှပ်စစ်စီမံကိန်းကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ပိုင်ကျုံအထက်ရွာနှင့် ပိုင်ကျုံအောက်ရွာမှာ မကြာမီ မြို့ကြီးတစ်မြို့ဖြစ်လာပြီး ပညာရေး၊ကျန်းမာရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့မှာ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ပိုင်ကျုံတွင် နေထိုင်ကြသူများကလည်း ပိုင်ကျုံဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်ကဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ ကရင်ပြည်နယ်သည် ယခင်ကထက် ဖွံ့ဖြိုးတိုးတက် စည်ပင်သာယာလာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ပိုင်ကျုံမြို့သည် လှိုင်းဘွဲ့မြို့နယ်၊ မြဝတီမြို့နယ်နှင့် ကော့ကရိတ် မြို့နယ်ကြားတွင်တည်ရှိပြီး အကျယ်အဝန်း မှာ၇၆၅ဒသမ၂၁ စတုရန်းမိုင် ကျယ်ဝန်းသည်။

မြို့နယ်တစ်ခုလုံး၌အိမ်ခြေ၁၆၀၂၈လုံးရှိပြီး လူဦးရေ ၉၃၇၉၈ ဦး မှီတင်းနေထိုင်လျက်ရှိကြောင်းသိရသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပိုင်ကျုံမြို့ ဖွံ့ဖြိုးစည်ပင်မှုနှင့် ပိုင်ကျုံအထက်ရွာသို့သွားရောက်၍ ပိုင်ကျုံချောင်းကူးတံတားတည်ဆောက်မည့်နေရာများသို့ လှည့်လည်စစ်ဆေးကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါပိုင်ကျုံချောင်းကူးတံတားသည် ပိုင်ကျုံချောင်းကိုဖြတ်၍ ပိုင်ကျုံအထက်ရွာနှင့် ပိုင်ကျုံအောက်ရွာကို ဆက်သွယ်တည်ဆောက်မည်ဖြစ်ပြီး တံတားအရှည်ပေ ၁၂၀၀နှင့် အကျယ်၁၂ပေ ရှိမည်ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီခွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ဘားအံအစိုးရနည်းပညာကောလိပ်ရှိ နည်းပညာကောလိပ်(ဘားအံ)တည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုအား စီမံကိန်း ရှင်းလင်းဆောင်၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေးက ဘားအံ အစိုးရနည်းပညာကောလိပ်တွင် ပို့ချလျက်ရှိသော သင်တန်းများ၊ လေ့ကျင့်သင်ကြားပေးလျက်ရှိသော ကျောင်းသားအင်အား၊ ဆရာ၊ ဆရာမ အင်အားတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးက ဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်းနှင့်မှတ်တမ်းတင်ခြင်းများချမှတ်

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ယမန်နေ့နှင့် ယနေ့တို့တွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမဌ္ဌကျင်းပခဲ့ရာ အဆိုပါအစည်းအဝေးက ဆုံးဖြတ်ခြင်းသုံးရပ်၊ အတည်ပြုခြင်းသုံးရပ်နှင့် မှတ်တမ်းတင်ခြင်းလေးရပ်တို့ကို ချမှတ်ဆောင်ရွက်သည်။

ဆုံးဖြတ်ခြင်းသုံးရပ်

ဆုံးဖြတ်ခြင်းသုံးရပ်အနက် ဆုံးဖြတ်ခြင်းအမှတ်(၁)မှာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ပထမနေ့ (၁၁–၅–၂၀၀၄)ဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြွက်ကြားချီးမြှင့်သော အဖွင့်မိန့်ခွန်းပါ ဩဝါဒမိန့်မှာချက်များကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အဆင့်အဆင့်၏ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာကျင့်သုံးသွားကြရန် ဆုံးဖြတ်ခြင်းဖြစ်သည်။

ဆုံးဖြတ်ခြင်းအမှတ်(၂)မှာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ပထမနေ့ (၁၁–၅–၂၀၀၄)တွင် ဗဟိုအမှုဆောင်ကော်မတီက အောက်ပါအဆိုလေးရပ်ကို တင်သွင်းခဲ့သည်။

(၁) **အမျိုးသားညီလာခံကြီးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်တိုင်းက အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ရေး၊**

(၂) **ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တိုင်းရင်းသားများအားလုံး ပူးပေါင်းပါဝင်တည်ဆောက်ထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး မပြိုကွဲရေးအတွက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်အားလုံးတို့က တိုင်းရင်းသားများနှင့်အတူ စည်းလုံးညီညွတ်စွာ လက်တွဲကာကွယ်ထိန်းသိမ်းစောင့်ရှောက်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ အမြန်ရောက်ရှိအောင် အင်တိုက်အားတိုက် ပါဝင်တည်ဆောက်သွားရေး၊**

(၃) **မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းလုပ်ငန်းများကို နိုင်ငံတကာနှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေလောကသားအားလုံးတို့က တက်ညီလက်ညီ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရေး၊**

(၄) **မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် စာပေလောကသားအားလုံးကို စာပေကဏ္ဍအသီးသီး၌ စည်းရုံးစုစည်းလျက် ကျစ်လျစ်ခိုင်မာသော အဖွဲ့အစည်းအဖြစ် ဆက်လက်စည်းရုံး တည်ဆောက်သွားရေး** အဆိုလေးရပ်ကို ဗဟိုအမှုဆောင်ကော်မတီဝင် လေးဦးက တင်သွင်းခဲ့ပြီး ဗဟိုဦးစီးအဖွဲ့ဝင် လေးဦးက အသီးသီးထောက်ခံဆွေးနွေးခဲ့ရာ အဆိုပါ အဆိုလေးရပ်ကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် အားလုံးတို့၏ လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ၍ အောင်မြင်အောင် အကောင်အထည်ဖော်ရန် ဆုံးဖြတ်ခြင်းဖြစ်သည်။

ဆုံးဖြတ်ခြင်းအမှတ်(၃)မှာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံတွင်ချမှတ်ခဲ့သော ယခုဗဟိုဦးစီးအဖွဲ့အစီရင်ခံစာပါ ရှေ့လုပ်ငန်းစဉ်(၉)ရပ် ဖြစ်သည့်–

(၁) **နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် လမ်းညွှန်ချက်ကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များက တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရေး၊**

(၂) **နိုင်ငံတော်တည်ဆောက်ရေးတွင် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များက မိမိတို့ အတတ်ပညာဖြင့် ကျရာကဏ္ဍမှ နိုင်ငံအကျိုးကို တစ်တပ်တစ်အား နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ရေး၊**

(၃) **အဖွဲ့ဝင်များ တိုးချဲ့စည်းရုံးရေး၊ ဖွဲ့စည်းမှု ကျစ်လျစ်ခိုင်မာရေး၊ ဦးဆောင်မှုမြင့်မားရေးနှင့် စည်းရုံးလှုပ်ရှားမှု သွက်လက်ထက်မြက်ရေးတို့အတွက် ဆောင်ရွက်ရေး၊**

(၄) **စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၏ အတတ်ပညာ ဖွံ့ဖြိုးရေး၊ သက်သာချောင်ချိရေး၊ စာပေဆိုင်ရာ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် စာဖတ်ပရိသတ်တိုးပွားအောင် ဆောင်ရွက်ရေး၊**

(၅) **စာပေဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စာပေနှင့်စာနယ်ဇင်းသမားများသည် အဖွဲ့၏ဦးဆောင်မှုဖြင့် တက်ကြွစွာ ပါဝင်ရိုင်းပင်းဆောင်ရွက်ရေး၊**

(၆) **စာပေနှင့်စာနယ်ဇင်းသမားများ၏ အတတ်ပညာ၊ နည်းပညာနှင့် သုတ–ရသရေးသားမှု အရည်အချင်းမြင့်မားလာစေရန်နှင့် မျိုးဆက်သစ်များ ပေါ်ထွန်းလာရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊**

(၇) **နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား တက်ကြွစွာ ပါဝင်ဆောင်ရွက်ရေးအတွက် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ရှင်သန်ထွန်းကားပြန့်ပွားရေးကို စဉ်ဆက်မပြတ် လှုံ့ဆော်ရေးသားရေး၊**

(၈) **အမျိုးသားအမွေ ဂန္ထဝင်နှင့်ခေတ်ပြိုင် မြန်မာစာပေကို ထိန်းသိမ်းမြှင့်တင်ရင်း ပြည်တွင်းပြည်ပ ကျယ်ပြန့်စွာလေ့လာဖတ်ရှု သိရှိနိုင်ရေး၊**

(၉) **လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ကျေးလက်ဒေသအထိ စာပေ၏အကျိုးပြုမှုကို ရရှိခံစားနိုင်ရေးတို့ကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ၍ အောင်မြင်အောင် ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်းဖြစ်သည်။**

အတည်ပြုခြင်း သုံးရပ်အနက် အတည်ပြုခြင်း အမှတ်(၁)မှာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ပထမနေ့(၁၁–၅–၂၀၀၄)ရက်တွင် ဗဟိုအမှုဆောင်ကော်မတီ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း–တွံတေး)နှင့် ဗဟိုအမှုဆောင် ကော်မတီဝင် ဦးမျိုးသန့်(မောင်ဆုရှင်)တို့ တင်သွင်းသော ဗဟိုအမှုဆောင်ကော်မတီ အစီရင်ခံစာကို ဗဟိုဦးစီးအဖွဲ့ဝင် ငါးဦးက ထောက်ခံဆွေးနွေးခဲ့ကြပြီး အဆိုပါအစီရင်ခံစာကို အတည်ပြုခြင်း ဖြစ်သည်။

အတည်ပြုခြင်း အမှတ်(၂)မှာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ပထမနေ့(၁၁–၅–၂၀၀၄)ရက်တွင် ဘဏ္ဍာရေးအစီရင်ခံစာ ၂၀၀၂–၂၀၀၄ ခုနှစ်ကို ဘဏ္ဍာရေးမှူး ဦးသန်းမောင်(သန်းမောင်)က တင်သွင်းရာ အဆိုပါ ဘဏ္ဍာရေးအစီရင်ခံစာကို အတည်ပြုခြင်းဖြစ်သည်။

အတည်ပြုခြင်း အမှတ်(၃)မှာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးပထမနေ့(၁၁–၅–၂၀၀၄)ရက်တွင် စာရင်းစစ်အစီရင်ခံစာကို စာရင်းစစ်အဖွဲ့ခေါင်းဆောင်ကိုယ်စား ဗဟိုအမှုဆောင်ကော်မတီဝင် ဦးခင်မောင်ထွန်း(ခင်မောင်ထွန်း–လမ်းမတော်)က တင်သွင်းရာ အဆိုပါ အစီရင်ခံစာကို အတည်ပြုခြင်းဖြစ်သည်။

မှတ်တမ်းတင်ခြင်းလေးရပ်အနက် မှတ်တမ်းတင်ခြင်းအမှတ်(၁)မှာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ထူးချွန်ဂုဏ်ပြုဆုများကို ပထမအကြိမ်ချီးမြှင့်ရာတွင် စာပေလုပ်ငန်းအရပ်ရပ်၌ ကာလရှည်ကြာစွာ ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ကြသည့် အမျိုးသားစာပေ တစ်သက်တာဆု၊ ဝိဇ္ဇာပညာ ထူးချွန်တံဆိပ်(ပထမဆင့်)၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)၊ ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု၊ ကင်းဘရစ်(IBC)က ချီးမြှင့်သောဆုများ ရရှိခဲ့ကြသည့် စာပေပညာရှင် ၁၉ဦးတို့သည် မြန်မာစာပေကိုသာမက မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီး၏ ဂုဏ်ရောင်ကိုပါ ထွန်းပြောင်စေခဲ့သောကြောင့် ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ခြင်းဖြစ်သည်။

မှတ်တမ်းတင်ခြင်း အမှတ်(၂)မှာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးသို့ အစိုးရမဟုတ်သော အဖွဲ့အစည်းခြောက်ရပ်မှ သဝဏ်လွှာများပေးပို့ခဲ့ပြီး အဖွဲ့အစည်းခုနစ်ရပ်မှ ပန်းခြင်းများပေးပို့ဂုဏ်ပြုခဲ့ပါသည်။ သဝဏ်လွှာများကို ဤအစည်းအဝေး ပထမနေ့ (၁၁–၅–၂၀၀၄) နံနက်ပိုင်းတွင် ဖတ်ကြားတင်ပြခဲ့ပြီး အဆိုပါ သဝဏ်လွှာများနှင့် ပန်းခြင်းများပေးပို့သော အဖွဲ့အစည်းများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ခြင်းဖြစ်သည်။

မှတ်တမ်းတင်ခြင်း အမှတ်(၃)မှာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အလှူငွေများထည့်ဝင်ကူညီခဲ့သည့် အလှူရှင်များ၊ အနုပညာအား၊ ပစ္စည်းအားတို့ဖြင့် ပါဝင်ကူညီခဲ့သည့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများကိုလည်းကောင်း၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အနုပညာရှင်များနှင့် ကူညီဆောင်ရွက်သူပုဂ္ဂိုလ်အားလုံးကို လည်းကောင်း ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ခြင်းဖြစ်သည်။

မှတ်တမ်းတင်ခြင်း အမှတ်(၄)မှာ တတိယအကြိမ်ညီလာခံ ကျင်းပပြီးချိန်မှ ၂၀၀၄ ခုနှစ် မတ် ၃၁ရက်အထိ သက်ကြီးစာပေပညာရှင် ၁၇ဦး၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ၉၀ဦး ပေါင်း ၁၀၇ဦး ကွယ်လွန်ခဲ့ပြီး ဗဟိုအမှုဆောင်ကော်မတီဝင် ဦးကြည်ညွန့်(ချစ်ကြည်ရေးကြည်ညွန့်)သည်လည်း ဧပြီ ၁၁ရက်တွင် ကွယ်လွန်ခဲ့သည်။ သို့ဖြစ်ပါ၍ ကွယ်လွန်သူအားလုံးအတွက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီက စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များအားလုံးကိုယ်စား သက်ဆိုင်ရာ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲကြောင်း မှတ်တမ်းတင်ခြင်းတို့ဖြစ်သည်။

(သတင်းစဉ်)

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

❀ ရှေ့ဖုံးမှ

ယာဉ်များအတွက် အန္တရာယ်များသော ကွေ့များနှင့် နှစ်ထပ်ကွေ့များကို ပြုပြင်ဖောက်လုပ်ရန်နှင့် ဖောက်လုပ်ပြီးသော လမ်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြံ့ခိုင်မွမ်းမံထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်သွားရေး ဆွေးနွေးမှာကြားပြီး တောင်ငူ–လိပ်သို ကတ္တရာလမ်းနှင့် ကျောက်ချောလမ်း တစ်လျှောက် မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကရင်ပြည်နယ် သံတောင်မြို့နယ် လက်ဖက်အင်းကျေးရွာအုပ်စု လိပ်သိုကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ဌာနဆိုင်ရာများ၊ ကျေးရွာဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ လိပ်သိုကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်က ကျေးရွာ၏ ဒေသဆိုင်ရာ အချက်အလက်များကိုရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ပေးနေမှု အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လိပ်သိုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း သင်ကြားမှု သင်ယူမှု အထောက်အကူပြုခန်းမ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ထားရှိသည့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြိုဆို

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လိပ်သိုကျေးရွာ တိုက်နယ်ဆေးရုံသို့ ရောက်ရှိကြရာ တိုက်နယ်ဆရာဝန် ဒေါက်တာအောင်ကိုဦးနှင့် ဆေးရုံဝန်ထမ်းများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြင်ပလူနာဌာန၊ အမျိုးသားဆောင်၊ အမျိုးသမီးဆောင်၊ ခွဲစိတ်ခန်းနှင့် နေရောင်ခြည်စွမ်းအင်သုံး ဆေးပစ္စည်းသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ ဆေးရုံရေရရှိရေးနှင့် လျှပ်စစ်ဓာတ်အား ရရှိရေးတို့အတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပသိရေလှောင်တမံ

ထိုမှတစ်ဆင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တောင်ငူခရိုင် တောင်ငူမြို့နယ်ရှိ ပသိရေလှောင်တမံသို့ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ပဲခူးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် တာဝန်ရှိသူများက ရေလှောင်တမံဆိုင်ရာ အချက်အလက်များနှင့် စိုက်ပျိုးရေ ပေးဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လျာထားချက်အတိုင်း စိုက်ပျိုးရေ အပြည့်အဝပေးဝေနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး ဦးတင်ထွဋ်က တောင်ငူ–လိပ်သို–ယာဒိုလမ်းအပိုင်းကို မြေပုံကားချပ်ဖြင့် ထပ်မံတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လုပ်ငန်းလိုအပ်ချက်များကို ထပ်မံဖြည့်စွက်မှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပသိရေလှောင်တမံကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ကျောက်တိုင်ကော်ဖီခြံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပဲခူးတိုင်း တောင်ငူခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကျောက်တိုင်ကော်ဖီခြံသို့ရောက်ရှိရာ စိုက်ပျိုးရေးခြံ ဦးစီးအရာရှိ ဒေါ်ခင်အေးချိုက ခြံအတွင်း ကော်ဖီပင်၊ ငရုတ်ကောင်းနှင့် မှိုစိုက်ပျိုးထားရှိမှုတို့ကို လိုက်လံရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ကော်ဖီပင်များကို ယခုထက် ပိုမိုတိုးချဲ့စိုက်ပျိုးရေးနှင့် ဈေးနှုန်းချိုသာစွာဖြင့် ဒေသတွင်း ဖြန့်ဖြူးရောင်းချနိုင်ရေး ဆွေးနွေးမှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ကော်ဖီစိုက်ပျိုးရေးခြံတွင် ရိုဗက်စတာ၊ လိုက်ဗရီကာ၊ ကတ်တီးမိုး၊ အာရေဗီကာ၊ ကတ်ကျူရာ စသည့် ကော်ဖီပျိုးပင် စုစုပေါင်း သုံးသိန်းကျော် ပျိုးထောင်ထားရှိပြီး ငရုတ်ကောင်းပင်နှင့် လင်ဇီးမှိုများလည်း စိုက်ပျိုးထားသည်။ (သတင်းစဉ်)

အာဆီယံအကောက်ခွန်ဆိုင်ရာ ကျွမ်းကျင်သူများ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုနယ်မြေအတွင်း အာဆီယံနိုင်ငံများအချင်းချင်း အကောက်ခွန်လျှော့ပေါ့ရေးဆိုင်ရာ သဘောတူညီချက် အကောင်အထည်ဖော်ရေးလုပ်ငန်း ညှိနှိုင်းမှု ကော်မတီ(Coordinating Committee on the Implementation of the CEPT Scheme for AFTA-CCCA)နှင့် အာဆီယံ အကောက်ခွန်ဆိုင်ရာ ကျွမ်းကျင်သူများ ကော်မတီ(Expert Committee on Customs Matters-ECCM)တို့၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အာဆီယံ အထွေထွေ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အလားတူ အဆိုပါ ညှိနှိုင်းအစည်းအဝေးနှင့် တစ်ဆက်တည်း(၃၃)ကြိမ်မြောက် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုနယ်မြေအတွင်း အာဆီယံနိုင်ငံများအချင်းချင်း အကောက်ခွန်လျှော့ပေါ့ရေးဆိုင်ရာ သဘောတူညီချက် အကောင်အထည်ဖော်ရေးလုပ်ငန်း ညှိနှိုင်းမှုကော်မတီ အစည်းအဝေး(33rd CCCA)နှင့်(၁၃)ကြိမ်မြောက် အာဆီယံ အကောက်ခွန်ဆိုင်ရာ ကျွမ်းကျင်သူများ အစည်းအဝေး(13th ECCM)တို့ကို မေ၁၃ရက်မှ ၁၅ရက်အထိ ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ သို့ အလှူငွေများပေးအပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟို ဦးစီးအဖွဲ့အစည်းအဝေးကို ဂုဏ်ပြုသော အားဖြင့် မြန်မာနိုင်ငံစာပေနှင့်စာနယ် ဇင်းအဖွဲ့သို့ အလှူငွေပေးအပ်လှူဒါန်း ပွဲကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ဗဟို ဦးစီးအဖွဲ့ အစည်းအဝေးကျင်းပရာ ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ပြည်ထောင်စု ခန်းမ၌ ကျင်းပသည်။

အဆိုပါ အလှူငွေပေးအပ်ပွဲတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ်၁၀၀၀၀၊ အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက ဦးရှိန်အောင်ဗိုလ်(ရှိန်အောင်ဗိုလ်)နှင့် အတွင်းရေးမှူး ဦးမောင်မောင်မြင့်အေး (မောင်မောင်မြင့်အေး)တို့က ငွေကျပ် ၁၀၀၀၀၊ စစ်ကိုင်းတိုင်း စာပေနှင့်စာနယ် ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးချစ်ထွေး (မောင်ချစ် ထွေး–မဟာဝိဇ္ဇာ)က ငွေကျပ်၂၀၀၀၀၊ ရန်ကုန်တိုင်း သန်လျင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့၊ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် လသာ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့က ငွေကျပ်၁၀၀၀၀စီ၊ ဧရာဝတီတိုင်း ဓနုဖြူ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့က ငွေကျပ် ၅၀၀၀စီတို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှု ဆောင် ကော်မတီဝင်များက လက်ခံ ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟို ဦးစီးအဖွဲ့ အစည်းအဝေးကို ဂုဏ်ပြု သောအားဖြင့် အလှူရှင်များက အလှူ ငွေများပေးအပ်လှူဒါန်းရာ ပြန်ကြား ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း လက်ခံစဉ်။

(သတင်းစဉ်)

စက်ယန္တရားဖြင့် အမှိုက်သိမ်းဆည်းမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနှင့်သန့်ရှင်းရေးဌာန ဌာနမှူး ဦးလင်း ထွန်းမြင့်သည် ဒုတိယဌာနမှူး ဦးသန်း လွင်ဦး လိုက်ပါလျက် သဃ်န်းကျွန်း မြို့နယ် ဘုတာရုံလမ်းရှိ အငှားယာဉ် ဝင်းရှေ့အမှိုက်ကန်၊ သုဝဏ္ဏ(၂၉) ရပ်ကွက် နံ့ပွားလမ်းရှိ သုဝဏ္ဏဈေးနှင့် ပုံကျဈေးအမှိုက်ကန် **(ဝဲပုံ)**၊ ကြီးပွားရေး ရပ်ကွက် အမှိုက်ကန်များကို စက် ယန္တရားဖြင့် အမှိုက်သိမ်းဆည်းနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးရာ ရန်ကုန် အရှေ့ပိုင်းခရိုင် သန့်ရှင်းရေးခရိုင်မှူး လက်ထောက်ဌာနမှူး ဦးစိုးဝင်းရှိန်က ခရိုင်အတွင်း မြို့နယ်များ၏ အမှိုက် ထွက်ရှိမှု၊နေ့စဉ်အမှိုက်သိမ်းဆည်းနေရ မှုများကို ရှင်းလင်းတင်ပြသည်။ (၁၉)

ဘိန်းစိမ်း ၁၈၆ ကီလို လွိုင်လင်၌ဖမ်းမိ

ရန်ကုန် မေ ၁၂

နယ်မြေခံထောက်လှမ်းရေး တပ်ဖွဲ့ ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၄ရက်တွင် လွိုင်လင်မြို့မှတောင်ကြီး မြို့သို့အထွက် ကားဂိတ်၌ လွိုင်လင်မှ တောင်ကြီးသို့ ထွက်ခွာလာသည့် တောင်ကြီးမြို့၊ ဘုရားဖြူရပ်၊ ကိုယ်ပိုင် လမ်းနေ ဦးဝင်းစိန်၏သား မြင့်သိန်း မောင်းနှင်လာသော နီဆန်းအမျိုးအစား (၁၀)ဘီး ကုန်တင်ယာဉ်အမှတ်၁ခ/ ၄၂၈၂ကို သတင်းအရ ရပ်တန့်ရှာဖွေ စစ်ဆေးခဲ့ရာ ယာဉ်မောင်းမြင့်သိန်းအား ယာဉ်ပေါ်တွင်ပြောင်းဆန်အိတ်၊ မီးသွေး အိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာ သော ဘိန်းစိမ်း ၁၂၀ထုပ်၊ စုစုပေါင်း အလေးချိန် ၁၈၆ ဒသမ ၁၇၈ကီလိုနှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိတရားခံနှင့်မူးယစ် ဆေးဝါးများအား သက်ဆိုင်ရာ မြန်မာ နိုင်ငံ ရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။(သတင်းစဉ်)

အမည်ပြောင်းခြင်း

ဦးအုန်းလှိုင်၏သား အထက(၅) ဗိုလ်တထောင် ဒသမတန်း(S)မှ မောင်ကျော် စိုးလင်းအား နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ၁၂/ကတတ(နိုင်) ၀၂၈၇၅၆ အရ မောင်ကျော်စိုးလှိုင်ဟု အမည်ပြောင်းလဲခေါ်ပါ ရန်။ **မောင်ကျော်စိုးလှိုင်။**

ထူးခြားသည့် နေ့အပူချိန်များ

(၁၂–၅–၂၀၀၄)

ညောင်ဦး	–	၄၂ ဒီဂရီစင်တီဂရိတ်	(၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)
ချောက်	–	၄၂ ဒီဂရီစင်တီဂရိတ်	(၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)
မင်းဘူး	–	၄၂ ဒီဂရီစင်တီဂရိတ်	(၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)
မကွေး	–	၄၂ ဒီဂရီစင်တီဂရိတ်	(၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)
ရန်ကုန်	–	၃၃ ဒီဂရီစင်တီဂရိတ်	(၉၁ ဒီဂရီဖာရင်ဟိုက်)

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၈)ဖြန့်ချိ

ရန်ကုန် မေ ၁၂

အာဆီယံ အဝေးပြေးလမ်း၏ အစိတ်အပိုင်းဖြစ်သည့် မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်လမ်းအဆင့်မြှင့်ရန် ကိုရီးယား ကကူညီ၊ ရန်ကုန်တိုင်းမှအပ လိုင်စင်မဲ့ ဆိုင်ကယ်အားလုံး သတ်မှတ်ကာလ အတွင်း တရားဝင်မှတ်ပုံတင်ပေးမည်။ သင်တန်းဆင်းရုံဖြင့် ဧည့်လမ်းညွှန် လိုင်စင်မရတော့ပါ လူတွေ့စစ်ဆေး ခံရမည်။ အထူးပြုဘာသာစကားဖြင့်သာ ဖြေဆိုရမည်။ ပထမဆုံးပြည်တွင်းထုတ် အသင့်သောက် ကော်ဖီရည်ဘူး ဈေးကွက်ဝင်လာ၊ မြန်မာနှင့် လာအို ဆက်သွယ်မည့် မဲခေါင်မြစ်ကူးတံတား တည်ဆောက်တော့မည်၊ တစ်လမ်း မောင်းစနစ်ပြောင်းပြီးမှ ဘုရင့်နောင်ဈေး လမ်းမများယာဉ်ကြောပိုကျပ်နေစသည့် ပြည်တွင်းရေးရာ သတင်းများဖြင့် 7Day News Journal (၇ရက် သတင်းဂျာနယ်) ထွက်ရှိလာသည်။

ဥရောပသမဂ္ဂ လက်နက်ပိတ်ဆို့မှု ကို အဆုံးသတ်လိုက်မည်ဟု တရုတ် ဝန်ကြီးချုပ်ယုံကြည်၊ သွားအတုများ ခေတ်ကုန်ဆုံးတော့မည်လော၊ သွားကျိုး လျှင် သွားအစစ်ပြန်ပေါက်နိုင်မည်။ ပီကာဆိုပန်းချီကား ဒေါ်လာ၁၀၄သန်း ဖြင့်စံချိန်ချိုး၊ လူမမည် ဆီးချိုကလေး များအဖို့ ကျော်လွှားသောကုထုံးတွေ့၊ နွေရာသီတွင် လူဖြစ်သော မိခင်များ သားသမီးထွန်းကားမှု ပိုနည်းဟုဆို စသည့်ဖြင့် နိုင်ငံတကာရေးရာသတင်း ဆောင်းပါးများ၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဖျော်ဖြေရေးနှင့် အားကစား ကဏ္ဍစုံလင်စွာဖြင့်–e-Empire Media House ဖုန်း–၇၀၃၈၁၃ က တစ်ပြည်လုံးကို ဖြန့်ချိလိုက်ပြီဖြစ် သည်။ (က–ပ)



လှိုင်သာယာမြို့နယ် အောင်မြေသာယာ ရွှေစေတီတော် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲ ကျင်းပ

လှိုင်သာယာ မေ ၁၀

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ဆုတောင်းပြည့် အောင်မြေသာယာ ရွှေစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် ဆက်ကပ်တင်လှူပူဇော်ပွဲကို မေ ၃ ရက် (ကဆုန်လပြည့်နေ့) နံနက် ၇ နာရီ ၄၅ မိနစ်တွင် အောင်မြေသာယာ ရွှေစေတီတော်မြတ်ကြီး၏ ဗဟိုမဂ်လာမဏ္ဍပ်တွင် ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒသီရိထံမှ ကိုးပါးသီလ ခံယူဆောက်တည်ပြီး ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းနှင့် လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်တို့က ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဉာဏ်ဝင်း၊ မြို့နယ် သာသနာရေးဦးစီးဌာန ဦးစီးအရာရှိ ဦးပေါချိန်၊ အောင်မြေသာယာရွှေစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် ဂေါပကအဖွဲ့ဝင်များ ခြံရံကာ စေတီတော်ကို လက်ယာရစ် သုံးကြိမ်လှည့်လည် အပူဇော်ခံပြီး ရွှေစေတီတော်အထွတ်တွင် ဆက်ကပ်တင်လှူပူဇော်သည်။ (က-ပ)

စီမံကိန်းရည်မှန်းချက် တာဝန်များပေးအပ်ပွဲ ကျင်းပ

ခင်ဦး မေ ၇

၂၀၀၄-၂၀၀၅ ခုနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ခင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ပြေ ၃၀ရက် ညနေပိုင်းတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်း တက်ရောက်ပြီး အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးကျော်ဆွေ၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးတင်မြ၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးခင်မောင်ထူးတို့က စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

တာဝန်ပေးအပ်

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းက ငွေးကုန်းစိုက်ပျိုးရေးစခန်းတွင် ကျေးရွာဥက္ကဋ္ဌများကိုလည်းကောင်း၊ မြို့နယ်အဖွဲ့ဝင်(၁) ဒုရဲမှူး ဦးမောင်မောင်လေးက မြို့မ(၁)စခန်းတွင် ကျေးရွာဥက္ကဋ္ဌများကိုလည်းကောင်း၊ မြို့နယ်အဖွဲ့ဝင်(၂) ဦးထွန်းမောင်အေးက မြင်းဒေါင်းစခန်းကျေးရွာတွင် ကျေးရွာဥက္ကဋ္ဌများကိုလည်းကောင်း၊ မြို့နယ်အတွင်းရေးမှူး ဦးမြင့်ထွန်းက ကျွန်းပင်ကန်စခန်းကျေးရွာတွင် ကျေးရွာဥက္ကဋ္ဌများကိုလည်းကောင်း တာဝန်များ အသီးသီးပေးအပ်ကြသည်။

(မြို့နယ်ပြန်/ဆက်)

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ညောင်ရေသွန်းပွဲကို မေ ၃ ရက်က ကျင်းပရာ မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးနှင့် ကျိုက်သုတ်စေတီတော်မြတ်ကြီးတို့၌ ညောင်ရေသွန်းလောင်းကြစဉ်။ (၂၅၇)

တန့်ဆည်မြို့နှင့် ကန့်ဘလူမြို့နယ် ဆက်သွယ်ရေးလမ်းပြုပြင်

တန့်ဆည် မေ ၈

လမ်းပန်းဆက်သွယ်မှု ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် တန့်ဆည်မြို့နယ်နှင့် ကန့်ဘလူမြို့နယ်တို့ အဓိကဆက်သွယ်သွားလာနေသည့် ငတန်းလမ်းမကြီး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ငတန်းကျေးရွာ၊ အက်တောကျေးရွာနှင့် ကလဇင်ကျေးရွာအုပ်စုများမှ ပြည်သူများ ဧပြီ ၂၆ ရက် နံနက်က စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ လမ်းပြုပြင်ရာ နေရာများသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ လာရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ကူညီပံ့ပိုးပေးကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

[illegible]	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

[illegible]	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်န/၉၇၆၇မော်တော်ယာဉ် လက်ဝယ်ရှိသူ ဦးထွန်းထွန်းနိုင် နိုင်ငံသားမှတ်ပုံတင်အမှတ် [၁၂/ဒဂမ(နိုင်)၀၀၀၅၂၆]မှ မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ရက် (၃၀) အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အရှေ့ပိုင်းခရိုင်ရုံး (ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ခရိုင်ရုံး(အရှေ့ပိုင်း)
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်မြို့။

အမည်ဖြည့်စွက်ခြင်း

အဘ ဦးသောမတ်(စ်)၏ သမီး မယုံယုံအား ယနေ့မှစ၍ မဟာန်နီလှျိုး(ခ)မယုံယုံဟု အမည်ဖြည့်စွက်ခေါ်ပါရန်။ **မဟာန်နီလှျိုး(ခ)မယုံယုံ။**

အမည်ပြောင်းခြင်း

ဦးသန့်ဇင်၏သမီး အမက(၂) အလုံ စတုတ္ထတန်းမှ မဆုရွှေရည်အား မဆုသန့်ဇင်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မဆုသန့်ဇင်ထွန်း။

ကျေးဇူးတင်ရှိခြင်း ဒုတိယဗိုလ်မှူးကြီးစန်းမောင်

၂၆-၄-၂၀၀၄ရက်နေ့တွင် မိတ္ထီလာမြို့တွင် ကွယ်လွန်သွားခဲ့သော ဒုတိယဗိုလ်မှူးကြီးစန်းမောင်၏ ၂၈-၄-၂၀၀၄ ရက်နေ့ဈာပနကိစ္စအဝဝတွင် လိုက်ပါကူညီပို့ဆောင်ပေးခဲ့ကြသောစစ်ဘက်၊ နယ်ဘက်မှ ပုဂ္ဂိုလ်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားကျေးဇူးတင်ရှိပါကြောင်း။ကျန်ရစ်သူမိသားစု။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်ဦးသန့်ဇင်[၁၂/အစန(နိုင်)၀၉၃၇၈၄]၊ အမိ ဒေါ်ရီ[၁၂/အစန(နိုင်)၀၉၃၇၈၃]တို့၏သားဖြစ်သူ မောင်ထွန်းအောင် [၁၂/လသရ(နိုင်)၀၃၆၆၉၀] သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိဆန္ဒအလျောက် ၁၇-၄-၂၀၀၄နေ့တွင် နေအိမ်မှဆင်းသွား ပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်ကြေညာအပ်ပါသည်။ ၎င်းမောင်ထွန်းအောင်၏ နောင်ဖြစ်လာမည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

အဘ ဦးသန့်ဇင်
အမိ ဒေါ်ရီ။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးသိန်းဌေး–ဒေါ်ယဉ်မာလာထွန်း
တို့၏သား

မောင်အောင်ဟန်ဌေး B.A(Economic)

နှင့်

ရန်ကုန်မြို့နေ ဦးမြင့်အောင်–ဒေါ်ရွှေမာ
တို့၏သမီး

မဆုမြင့်အောင် B.A(Business Management)

တို့၏၉–၅–၂၀၀၄(တနင်္ဂနွေနေ့)တွင် M-3 Food Center၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့်ဇနီး ဒေါ်ခင်မေစိုး၊ ဗိုလ်မှူးချုပ်ကျော်သူနှင့်ဇနီး ဒေါ်အေးအေးရီ၊ မင်္ဂလာပန်းကုံးဆင်မြန်းချီးမြှင့်ပေးသော မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်နှင့်ဇနီး ဒေါ်ခင်မြတ်နွယ်၊ မင်္ဂလာလက်စွပ်ဝတ်ဆင်ချီးမြှင့်ပေးသော ယာယီနည်းဗျူဟာမှူးကြီး ဒုဗိုလ်မှူးကြီး သူရနေဝင်းမြင့်နှင့်ဇနီး ဒေါ်အုံ့ဂျူးမော်၊ ကြွရောက်ချီးမြှင့်ကြသော တပ်မမှူးများနှင့် ဇနီးများ၊ အရာရှိများနှင့်ဇနီးများ၊ ဗိုလ်ကျော်သူရဝင်းနှင့်ဇနီး သဇင်ကျော်သူ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မိတ်ကပ်၊ ဆံပင်၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးသော မိတ်ကပ်(မော်) နှင့်အဖွဲ့၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်အားပေးချီးမြှင့်ကြသော မိတ်ဆွေများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကျေးဇူး တင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်မောင်အောင်ဟန်ဌေး–မဆုမြင့်အောင်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ ခြံအမှတ်(၁၅၄)၊ အခန်း(၅/၁)နေ (ဦးလှ)–ဒေါ်ခင်အေးတို့၏သား

မောင်သန်းဦး (ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးများရုံး)

နှင့်

ရန်ကုန်တိုင်း၊ သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ ယုဇန(၁)လမ်း၊ အမှတ်(၃)နေ ဦးမောင်ကြိုင်–ဒေါ်စန်းတို့၏သမီး

မတင်တင်ခိုင် (ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးများရုံး)

တို့သည် ၂၉–၄–၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်တရားရုံးတွင် လက်မှတ်ရေးထိုးလက်ထပ်ပြီးစီးပါကြောင်း။

မောင်သန်းဦး–မတင်တင်ခိုင်။

GUARDIAN MONTHLY MAGAZINE

* တန်ဖိုးနည်းနည်းနှင့် ပညာများများ ရရှိလိုသူများအတွက် ၂၀၀၄ခုနှစ်၊ မေလထုတ် "**Guardian Magazine**"ထွက်ပြီ။
* ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာလေ့လာသူများအတွက် အဆိုအမိန့်များ၊ **Grammar** ဆိုင်ရာပို့ချချက်များ၊ လေ့ကျင့်ခန်းများကို ဆရာ **C.T.O** နှင့် ဆရာ ဦးကံညွန့်မောင်တို့က ရှင်းလင်းစွာ ရေးသားထားပါသည်။
* အင်္ဂလိပ်စာလေ့လာသူများနှင့် ဧည့်လမ်းညွှန်များအတွက် မြန်မာယဉ်ကျေးမှုနှင့် စေတီပုထိုးဆိုင်ရာ ဆောင်းပါးများ၊ လူနေမှုဘဝဆိုင်ရာ ဆောင်းပါးများကိုလည်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားတင်ပြထားပါသည်။
* သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်၊ ဂါဒီယန်သတင်းစာတိုက်နှင့် သတင်းစာကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပါသည်။

ဗိုလ်ကြီးမင်းမောင် အတွက် မွေးနေ့ဆုမွန်

၁၃–၅–၂၀၀၄နေ့တွင် ပြည့်မြောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင် ဖေဖေ၊ မေမေ၊ ညီလေးတို့နှင့်အတူ ပျော်ရွှင်စွာ လျှောက်လှမ်းရင်း နိုင်ငံအကျိုးဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေ–––။

ဖေဖေ – ဦးတင်မောင်
မေမေ – ဒေါ်ခင်စန်းကြည်
ညီလေး – အောင်နိုင်မင်း။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
ဝင်ငွေခွန်နှင့်အမြတ်ခွန်ဌာနခွဲ
ဝင်ငွေကြေညာလွှာတင်သွင်းရန်နှိုးဆော်ခြင်း

၁။ အမြတ်ခွန်ဥပဒေအရ အခွန်စည်းကြပ်ခံရပြီးသည့် အခွန်ထမ်းအားလုံးနှင့် ၁–၄–၂၀၀၃နေ့မှ ၃၁–၃–၂၀၀၄နေ့အထိ ဘဏ္ဍာနှစ်အတွင်း ကျပ်၁၀၀၀၀နှင့် အထက် ဝင်ငွေ သို့မဟုတ် အမြတ်ငွေရရှိသူများသည် ဝင်ငွေကြေညာလွှာပုံစံတွင် ပြည့်စုံစွာရေးသွင်း၍ ကိုယ်တိုင်လက်မှတ်ရေးထိုးပြီး ၂၀၀၄ခုနှစ် ဇွန်လ ၃၀ရက်နေ့ထက်နောက်မကျစေဘဲ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ အရောက်ပေးပို့ရန်လိုအပ်ကြောင်း နှိုးဆော်ပါသည်။

၂။ ဝင်ငွေခွန်ဥပဒေအရ အခွန်စည်းကြပ်ခံရပြီးသည့် သမဝါယမအသင်းအားလုံးနှင့် ၂၀၀၃–၂၀၀၄ဘဏ္ဍာနှစ်အတွင်း ကျပ် ၃၀၀၀၀နှင့်အထက် ဝင်ငွေ သို့မဟုတ် အမြတ်ငွေရရှိသည့် သမဝါယမအသင်းများသည် ဝင်ငွေကြေညာလွှာပုံစံတွင် ပြည့်စုံစွာရေးသွင်း၍ အသင်း၏ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးကိုယ်တိုင် လက်မှတ်ရေးထိုးပြီး ၂၀၀၄ခုနှစ် ဇွန်လ ၃၀ရက်နေ့ထက်နောက်မကျစေဘဲ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ အရောက်ပေးပို့ရန်လိုအပ်ပါသည်။ ထို့အပြင် ဝင်ငွေခွန်ဥပဒေနှင့်အကျုံးဝင်သည့် ကုမ္ပဏီများ၊ ဖက်စပ်လုပ်ငန်းများနှင့် အခြားအခွန်ထမ်းများသည်လည်း ပြဋ္ဌာန်းထားသည့်အတိုင်း ပြည့်စုံစွာ ရေးသွင်းလက်မှတ်ထိုးထားသည့် ဝင်ငွေကြေညာလွှာများကို ဖော်ပြပါရက်အတွင်း ပေးပို့ရန်ဖြစ်ပါသည်။

၃။ ၂၀၀၃–၂၀၀၄ဘဏ္ဍာနှစ်အတွင်း လစာတစ်မျိုးတည်းမှ ဝင်ငွေကျပ် ၃၀၀၀၀နှင့် အထက်ရရှိသဖြင့် ကျသင့်သည့်ဝင်ငွေခွန်ကို လစာထုတ်ပေးချိန်တွင် နုတ်ယူပေးဆောင်ပြီးဖြစ်သည့်ပုဂ္ဂိုလ်များသည် ဝင်ငွေကြေညာလွှာ သီးခြား တင်သွင်းရန်မလိုပါ။ သို့ရာတွင် အလုပ်ရှင်သည် အဆိုပါသူများ၏ လစာနှစ်ချုပ်စာရင်းကို ၂၀၀၄ခုနှစ် ဇွန်လ၃၀ရက်နေ့ထက် နောက်မကျစေဘဲ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ အရောက်ပေးပို့ရန် တာဝန်ရှိပါသည်။

၄။ ဝင်ငွေကြေညာလွှာနှင့် လစာနှစ်ချုပ်စာရင်းပုံစံများကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။ ဝင်ငွေကြေညာလွှာကို လူကိုယ်တိုင် သို့မဟုတ် စာတိုက်မှမှတ်ပုံတင်ချောစာဖြင့် ပေးပို့နိုင်ပြီး လူကိုယ်တိုင်ပေးပို့ပါလျှင် လက်ခံရရှိကြောင်းအထောက်အထားကို သက်ဆိုင်ရာရုံးမှ ထုတ်ပေးမည်ဖြစ်ပါသည်။

၅။ မရှင်းလင်းသော အချက်များရှိပါက မြို့နယ်အခွန်ဦးစီးမှူးရုံးများနှင့် ကုမ္ပဏီများဆိုင်ရာအခွန်လုပ်ငန်းစုရုံးတို့တွင် မေးမြန်းနိုင်ပါသည်။

သန်းဌေးဆိုင်
ညွှန်ကြားရေးမှူး
ဝင်ငွေခွန်နှင့်အမြတ်ခွန်ဌာနခွဲ။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(အင်းစိန်)ဒညင်းကုန်း
ဖုန်း –၆၄၀၇၃၉ –၆၄၀၄၄၂

တီအီးယာဉ်မောင်းနှင့်မှုသင်တန်းအမှတ်စဉ်(၈၄) ၂၅–၅–၂၀၀၄ရက်နေ့တွင်ဖွင့်မည်။

သင်တန်းသားဦးရေကန့်သတ်ထားသဖြင့် စိတ်ပါဝင်စားသူများအထက်ပါ ကြော်ငြာထည့်သွင်းသည့်နေ့မှစ၍ သင်တန်းကြေးများပေးသွင်းနိုင်ပါသည်။

ဌာနဆိုင်ရာအဖွဲ့အစည်းများအတွက် သတ်မှတ်သင်တန်းသားဦးရေ ပြည့်မီပါက သီးခြားသင်တန်းစီစဉ်ပေးမည်။ နယ်သင်တန်းသားများအတွက် ဘော်ဒါရှိသည်။

သင်မောင်းလိုင်စင်နှင့် "ခ"လိုင်စင်ရရှိရေးကူညီဆောင်ရွက်ပေးသည်။ သင်တန်းဆင်းလက်မှတ်အား အင်္ဂလိပ်ဘာသာဖြင့် ချီးမြှင့်ထုတ်ပေးသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အင်ဂျင်နီယာဌာန
(အခြေစိုက်အလုပ်ရုံ – ၃၊ မရမ်းကုန်း)

အခြေစိုက်အလုပ်ရုံအမှတ်(၃)တွင် ဖွင့်လှစ်သော အမျိုးသား/အမျိုးသမီး အခြေခံယာဉ်မောင်းသင်တန်းကို ၇–၆–၂၀၀၄နေ့တွင်ဖွင့်လှစ်ပါမည်။ ၁၃–၅–၂၀၀၄နေ့မှစ၍ စာရင်းပေးသွင်းနိုင်ပါသည်။ အင်ဂျင်နီယာမှူးများနှင့် ဝါရင့်နည်းပြဆရာများက သင်ကြားပေးပါသည်။ သင်မောင်းလိုင်စင်နှင့် (ခ)လိုင်စင်ရရှိရေး အတွက် ကူညီဆောင်ရွက်ပေးသည်။

သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

၎င်းအပြင် – အခြေခံ–လျှပ်စစ်ဂဟေဆက်သင်တန်း၊ အင်ဂျင်ထိန်းသိမ်းပြုပြင်မှုသင်တန်း၊ တွင်ခုံသင်တန်းများကို ၃–၆–၂၀၀၄နေ့တွင် စတင်ဖွင့်လှစ်ပါမည်။ အင်ဂျင်နီယာမှူးများနှင့်ဝါရင့်ပညာရှင်များမှ စာတွေ့၊ လက်တွေ့ကို အနီးကပ်ကြီးကြပ် သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန် –
– ပြည်လမ်း၊ (၈)မိုင်လမ်းဆုံနှင့် မြိုင်ဟေဝန်ပန်းခြံအနီး၊ မရမ်းကုန်းမြို့နယ်။
– ဖုန်း –၆၆၀၈၅၁။

အောင်မြင်ဖြစ်ထွန်းနေသော သီဟိုဠ်ခြံရောင်းမည်

ထားဝယ်မြို့မှ ၁၅မိုင်အကွာ ပုဂေါ်ဇွန်းဆီအုန်းစက်ရုံအနီး နေရာကောင်း၊ လုံခြုံရေးနှင့်လမ်းပန်းဆက်သွယ်မှုကောင်း၊ အသီးထွက်နှုန်းကောင်း အပင်သက် (၁၆)နှစ်သားအရွယ်၊ သီဟိုဠ်ခြံဧက(၆၀)ရောင်းမည်။

ဆက်သွယ်ရန်– ၀၁–၂၀၂၃၈။

ဝန်ထမ်းအမြန်အလိုရှိသည် (ပြည်တွင်း၌သာခန့်ရန်)

၁။ သုခကမ္ဘာ အထူးကုဆေးခန်းတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်။

(က) Medical Officer ကျား/မ (၂)ဦး
(M.B.B.S ဘွဲ့ရ ဆေးကုသခွင့်လက်မှတ်ရှိပြီး နေ့/ညမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။)

(ခ) Chief Accountant မ (၁)ဦး
(B.Com (or) B.Com+C.P.A ဘွဲ့ရရှိပြီး၊ လုပ်သက်အနည်းဆုံး (၁၀)နှစ်ရှိပြီးသူ ဖြစ်ရမည်။)

(ဂ) Accountant မ (၂)ဦး
(B.Com / ဘွဲ့ရ+LCCI Level III / ဘွဲ့ရ+D.A အောင်မြင်ပြီး လုပ်သက်(၃)နှစ်နှင့်အထက်ရှိသူ ဖြစ်ရမည်။)

(ဃ) လက်ထောက်အုပ်ချုပ်ရေးအရာရှိ ကျား (၂)ဦး
(ဘွဲ့ရ အုပ်ချုပ်မှုလုပ်ငန်း၌ လုပ်သက်အနည်းဆုံး(၅)နှစ် နေ့/ညမရွေးတာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။)

(င) O.T Nurse မ (၂)ဦး
(သူနာပြုဒီပလိုမာအောင်မြင်ပြီး ခွဲစိတ်ခန်းအတွေ့အကြုံရှိ၍ နေ့/ညမရွေးတာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။)

(စ) Staff Nurse မ (၃)ဦး
(သူနာပြုဒီပလိုမာအောင်မြင်ပြီးနေ့/ညမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။)

(ဆ) Cashier မ (၂)ဦး
(ဘွဲ့ရငွေကိုင်မှုအတွေ့အကြုံရှိ၍နေ့/ညမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။)

(ဇ) Store keeper ကျား (၂)ဦး
(ဘွဲ့ရ အသက်(၃၀)မှ(၄၀)နှစ်အတွင်းရှိပြီး ပစ္စည်းစာရင်းအသေးစိတ် ပိုင်နိုင်စွာ တာဝန်ယူနိုင်သူ ဖြစ်ရမည်။)

(ဈ) ဆေးရောင်းကျွမ်းကျင် ကျား/မ (၁)ဦး
(ဆေးဝါးကျွမ်းကျင်ဒီပလိုမာဘွဲ့ရရှိပြီးသူ(သို့)Pharmacy လုပ်သက်(၂)နှစ်နှင့် အထက်ရှိသူ၊ နေ့/ညမရွေးတာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။)

(ည) သန့်ရှင်းရေးဝန်ထမ်း ကျား (၃)ဦး
(အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူ နေ့/ညမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။)

၂။ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ပညာရေးအထောက်အထားမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်၊ ဓာတ်ပုံ(၂)ပုံနှင့်အတူ အောက်ပါလိပ်စာ အတိုင်း လူကိုယ်တိုင်လာရောက်၍ တစ်ပတ်အတွင်းလျှောက် ထားနိုင်ပါသည်။

သုခကမ္ဘာအထူးကုဆေးခန်း

ချိပ်ပိတ်တင်ဒါကြော်ငြာ
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
အမှတ်(၅၀) ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့

လုပ်ငန်းအမည် – Mild Steel Plate (370) M/TONS ဝယ်ယူရေး
တင်ဒါအမှတ်စဉ် – NO (1) FQ / CAP - IWT / (2004-2005)
တင်ဒါပိတ်ရက် – ၁၇-၅-၂၀၀၄ရက်နေ့ (၁၅:၀၀)နာရီ

တင်ဒါနှင့်ပတ်သက်သော အချက်အလက်များကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်)ပထမထပ်ရှိ ထောက်ပံ့ရေးဌာနခွဲတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ်၂၀၀၀ (ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ သတ်မှတ်နေ့ရက်နှင့် အချိန်ထက် နောက်ကျ၍ ရောက်ရှိလာသော တင်ဒါများကို ထည့်သွင်းစဉ်းစားခြင်း မပြုပါကြောင်း ဖော်ပြအပ်ပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၁ရက်
(၂၀၀၄ခုနှစ် မတ်လ ၃၁ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ် ဇွန်လ(၂၆)ရက်မှ ဇူလိုင်လ(၃)ရက်အထိ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကို မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်ပါသည်။
(က) နိုင်ငံတော်နှင့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ နိုင်ငံခြားငွေ တိုးတက်ရရှိစေရန်။
(ခ) နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကျောက်မျက်ရတနာကဏ္ဍမှ အထောက်အကူပြုနိုင်ရန်။
(ဂ) ကျောက်မျက်ရတနာဈေးကွက် နိုင်ငံတော်အတွင်း တိုးတက်ဖြစ်ထွန်းစေရန်။
(ဃ) ကျောက်မျက်ရတနာများကို ပြည်ပသို့ တရားမဝင်ထုတ်ဆောင်ခြင်း၊ ရောင်းချခြင်းများ လျော့နည်းပပျောက်စေရန်။

၂။ ၂၀၀၄ခုနှစ် မတ်လတွင်ကျင်းပခဲ့သည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်ရတနာလုပ်ငန်းရှင် အများစုအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲကိုအောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ရောင်းရငွေ ယူရို (၁၈ဒသမ၅)သန်းကျော် ရရှိခဲ့ပါသည်။ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သည့် အခြေခံရောင်းဈေးသတ်မှတ်၍ တင်ပြရောင်းချခဲ့ခြင်းနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပမှရတနာကုန်သည် (၆၃၀)ကျော် တက်ရောက်ယှဉ်ပြိုင်ဝယ်ယူကြခြင်းတို့ကြောင့် ရောင်းရငွေများ တိုးတက်ရရှိခဲ့ခြင်းဖြစ်ပါသည်။ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲမှစ၍ ငွေပေးချေရေးစနစ်များ ပြင်ဆင်သတ်မှတ်ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာဌာနများနှင့် ညှိ၍ ဝယ်ယူသည့် ကျောက်မျက်ရတနာများကို ပြည်ပသို့လျင်မြန်စွာတင်ပို့ ပေးလျက်ရှိခြင်းတို့ကြောင့် ရောင်းချရသည့် နိုင်ငံခြားငွေများ အမြန်ရရှိလျက်ရှိပါသည်။

၃။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်များ တင်ပြရောင်းချသည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနက် လုပ်ငန်းသုံးငွေလည်ပတ်စေရန် နိုင်ငံတော်မှ ကြိုတင်ငွေ/ချေးငွေများ ရယူလိုသူများအား သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ငွေ/ချေးငွေများ ရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ (Export Earning)အဖြစ်သတ်မှတ်ရေး၊ ပြည်ပပို့ကုန်ရောင်းရငွေများဖြင့် ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်ရာတွင် အသုံးပြုရန်လိုအပ်သည့် လောင်စာဆီ၊ စက်ယန္တရားစသည်များကို ပြည်ပမှတင်သွင်းခွင့်ရရှိရေးအတွက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းတင်ပြ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ် ဇွန်လအတွင်း ကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲတွင် နိုင်ငံသား/ကုမ္ပဏီ/အသင်းများမှ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၄ခုနှစ် မေလ(၁)ရက်မှ ဇွန်လ(၁)ရက်အတွင်း စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၅။ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ရန်ကုန်မြို့၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)နှင့်မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေပြုသည့် တူးဖော်ရေးစခန်းရုံးများနှင့် ဆက်သွယ်စုံစမ်း ဆောင်ရွက်နိုင်ပါသည်။

၆။ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများကို မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် အခက်အခဲရှိပါက အထက်စာပိုဒ်(၅)ပါ လုပ်ငန်း/ဌာန/ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
တံဆိပ်ခေါင်းခွန်နှင့်ကုန်သွယ်လုပ်ငန်းခွန်ဌာနခွဲ
နှစ်ချုပ်ကြေညာလွှာတင်သွင်းရန်နှိုးဆော်ခြင်း

၁။ ၂၀၀၃ခုနှစ်၊ ဧပြီလ ၁ရက်နေ့မှ ၂၀၀၄ခုနှစ်၊ မတ်လ ၃၁ရက်နေ့အထိ ဘဏ္ဍာရေးနှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရရှိသည့် တစ်ဦးချင်းပိုင် ပုဂ္ဂလိကလုပ်ငန်းများ၊ အစုစပ်လုပ်ငန်းများ၊ ဖက်စပ်လုပ်ငန်းများ၊ ကုမ္ပဏီများ၊ အခွန်ပေးဆောင်ထိုက်သည့် အခြားလုပ်ငန်းများ၊ သမဝါယမအသင်းများနှင့် အစိုးရ၏စီးပွားရေးအဖွဲ့အစည်းများသည် နှစ်ချုပ်ကုန်ရောင်းကြေညာလွှာ သို့မဟုတ် နှစ်ချုပ်ဝန်ဆောင်မှုကြေညာလွှာကို ပြည့်စုံစွာဖြည့်စွက်၍ လက်မှတ်ရေးထိုးပြီး ၂၀၀၄ခုနှစ်၊ ဇွန်လ ၃၀ရက်နေ့ထက် နောက်မကျစေဘဲသက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်လုပ်ငန်းစုရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ပြီး ချောစာဖြင့်ဖြစ်စေ ပေးပို့ရန် ဥပဒေအရ တာဝန်ရှိကြောင်း နှိုးဆော်ပါသည်။

၂။ ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းဖြစ်လျှင် ဆားထုတ်လုပ်မှုလုပ်ငန်းမှအပ ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်းရောင်းရငွေ ကျပ် ၂၄၀၀၀၀နှင့်အထက်ရရှိသူများ၊ ကုန်စည်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းဖြစ်လျှင် ဘဏ္ဍာရေးနှစ်အတွင်းစုစုပေါင်းရောင်းရငွေကျပ် ၃၀၀၀၀၀နှင့် အထက်ရရှိသူများ၊ ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းဖြစ်လျှင် ဘဏ္ဍာရေးနှစ်အတွင်း ခရီးသည် ပို့ဆောင်ခ ရငွေစုစုပေါင်း ကျပ်၁၈၀၀၀၀နှင့် အထက်ရရှိသူများသည် လည်းကောင်း၊ ဖျော်ဖြေမှုလုပ်ငန်းများ၊ ဟိုတယ်၊ တည်းခိုခန်းလုပ်ငန်းများ၊ စားသောက်ဖွယ် ရောင်းချရေးလုပ်ငန်းများ၊ ခရီးသွားလာရေးလုပ်ငန်းများ (ခရီးသွားလမ်းညွှန် လုပ်ကိုင်မှုများအပါအဝင်)၊ မော်တော်ယာဉ်ရေဆေး၊ ဆီထိုးလုပ်ငန်းများ၊ အသက်မှအပ အာမခံလုပ်ငန်းများ၊ ဆံသအပါအဝင် အလှပြင်နှင့်ခန္ဓာကိုယ် ပြုပြင်လေ့ကျင့်မှုလုပ်ငန်းများ၊ ပုံနှိပ်လုပ်ငန်းများသည် လည်းကောင်း၊ နှစ်ချုပ်ကုန်ရောင်းကြေညာလွှာ သို့မဟုတ် ဝန်ဆောင်မှုကြေညာလွှာကို လုပ်ငန်း၏ နှစ်ချုပ်စာရင်းရှင်းတမ်းများနှင့် ပူးတွဲပေးပို့ရန် တာဝန်ရှိပါသည်။ နှစ်ချုပ်ကြေညာလွှာတင်သွင်းရန် နောက်ဆုံးရက်ဖြစ်သည့် ၂၀၀၄ခုနှစ်၊ ဇွန်လ ၃၀ရက် (ဗုဒ္ဓဟူးနေ့)တွင် ဆိုင်ရာရုံးအသီးသီးကို ညနေပိုင်း (၁၈:၀၀)နာရီအထိ ဖွင့်လှစ်၍ ကြေညာလွှာများကို လက်ခံပေးမည် ဖြစ်ပါသည်။

၃။ သတ်မှတ်ထားသည့် နှစ်ချုပ်ကုန်ရောင်းကြေညာလွှာ သို့မဟုတ် ဝန်ဆောင်မှုကြေညာလွှာပုံစံများကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင်ဖြစ်စေ၊ ကုမ္ပဏီများဆိုင်ရာအခွန်လုပ်ငန်းစုရုံးတွင်ဖြစ်စေ အခမဲ့ရယူနိုင်ပါသည်။ လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံရရှိကြောင်း သက်သေခံလက်မှတ်ကိုသက်ဆိုင်ရာရုံးက ချက်ချင်းထုတ်ပေးမည်ဖြစ်ပါသည်။

၄။ မရှင်းလင်းသည့်အချက်များရှိပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင်ဖြစ်စေ၊ ကုမ္ပဏီများဆိုင်ရာအခွန်လုပ်ငန်းစုရုံးတွင်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

သန်းစိုး
ညွှန်ကြားရေးမှူး(တာဝန်)
တံဆိပ်ခေါင်းခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ဌာနခွဲ။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်း -၂၀)
ဗိုလ်တထောင်မြို့နယ်တရားရုံး
၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ် -၄

၁။ ဦးမောင်ညိုထွန်း	**နှင့်**	၁။ ဦးမောင်မောင် အမှတ်-၄၀၊မလွှကုန်းလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ် (ယခုနေရပ်လိပ်စာမသိ)
၂။ ဒေါ်သန်းနှစ်		၂။ ဒေါ်ငံရိန် အမှတ်-၃၆၃၊ အခန်း-၉၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။ (ယခုနေရပ်လိပ်စာမသိ)
၃။ ဒေါ်မိုးမိုးသူ		
တရားလိုများ		**တရားပြိုင်များ**

အထက်ပါအမှုမှ တရားပြိုင် ဦးမောင်မောင်ပါ(၂) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက "စာချုပ်ပါကတိပဋိညာဉ်အတိုင်း တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု"ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ခုနှစ် မေလ ၂၀ရက်(၁၃၆၆ခုနှစ် နယုန်လဆန်း ၂ရက်နေ့)မွန်းမတည့်မီ ၁၀နာရီ အချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် မေလ၄ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဦးသိန်းတန်(တ/၂၁၀၇)
တွဲဖက်မြို့နယ်တရားသူကြီး
ဗိုလ်တထောင်မြို့နယ်တရားရုံး။

ဝါးချက်ဇီဝိတဒါန
သံဃာဆေးရုံ၊ စစ်ကိုင်းတောင်ရိုး

ကျစွာဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ လက္ခဏ၏ ဖိတ်ကြားချက်အရ ဩစတြေးလျနိုင်ငံ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ ဂျက်(ဖ်)ကိန်းနှင့် အဖွဲ့သည် ၁၅-၅-၂၀၀၄ရက်မှ ၂၂-၅-၂၀၀၄ရက်အထိ မျက်စိဝေဒနာရှင်များကို အထူးအစီအစဉ်ဖြင့် ခွဲစိတ်ကုသပေးမည်ဖြစ်သည်။

ဆေးရုံကြီးကြပ်ထောက်ပံ့ရေးအဖွဲ့
ဖုန်း - ၀၇၂-၂၂၀၃၄/ ၀၇၂-၂၁၅၄၁
၀၇၂-၂၁၉၆၉/ ၀၇၂-၂၁၃၁၅။

ဖခင်အမည်မှန်

သန်လျင်၊ အလကမြို့ဟောင်း VI(A)မှ ရတနာဦး၏ ဖခင်အမည်မှန်မှာ ဦးစောလှဒွေးဖြစ်ပါသည်။

ဦးစောလှဒွေး
[၁၂/သလန(နိုင်)၁၀၃၂၈၇]။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။ **၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ဖုန်း-၂၄၅၆၄၅။**

FAME Hepa-B®

MLA INTERNATIONAL ENROLL NOW
Nursery 9 : 30 AM - 3 : 30 PM (Monday - Friday)
Regular classes Kg to Grade 7 8:00AM -2:00PM (Monday - Friday)
WEEKEND (SAT/SUN) 9 : 00 AM - 12 : 00 PM 12 : 30 PM - 3 : 30 PM
No.64, Golden Valley Road, Bahan Township, Yangon, Myanmar.
Ph : 01-527006, 01-705066.

ရေသန့်ကိုယ်စားလှယ်အလိုရှိသည်

Kleen သောက်ရေသန့်လုပ်ငန်းအနေဖြင့် ရန်ကုန်မြို့အတွင်း သင့်တော်သည့်နေရာများတွင် မြို့နယ်အလိုက်ရေသန့်ကိုယ်စားလှယ် ပေးရန်အစီအစဉ်ရှိပါသည်။
စိတ်ပါဝင်စားသည့် ရေသန့်ကိုယ်စားလှယ်လုပ်လိုသူများ အနေဖြင့် အမှတ်၁၀၆၊ ၄၉လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လျှောက်ထားဆက်သွယ်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

Great Wall Foreign Language Center

ENGLISH (U.M.N)
Visa Home Interview GRAMMAR

REAL JOY
HIACE, TOWNACE, MINIBUS

PC Workshop 660174, 720301 Desktop, Laptop, Notebook

ငှားရန်
၄၁လမ်း(အောက်)25'x40' မြေညီ Hall type
FMI CITY 60'x80' RC နှစ်ထပ် ပြင်ဆင်ပြီး။
ဖုန်း-၂၄၂၄၀၁။

Yan Aung
256790, 380291 242967

Yamin HIACE Transport Service

(Dyna, Canter & Lite Ace)
Ph - 01-524557, 01-535028

ရောင်းရန်
- 15' x 55' မြေညီ၊ အသောကလမ်းကျယ်
- 20' x 60' အိမ်+ခြံ ပင်းယလမ်း၊ တောင်ဥက္ကလာ
- လူနေဆိုင်ခန်း၊ ပစ္စည်းစုံ၊ အသင့်နေနိုင်၊

၉လမ်းမှတ်တိုင်အနီး။
Ph: 290169.



MIT MPEC

1.Visual Basic Programming Course
- Visual Basic 6.0 Advanced
- Microsoft Access 2000
- Crystal Report
Date&Time: 22.5.04 "15% Off"
(Sat & Sun) (12-3pm)
2.Window Basic Course
Date &Time: (Sat & Sun) (11-1 pm)
ဆက်သွယ်ရန် -Queen Star Computer Center
N-1,Padonmar Stadium,Bargayar Road,
Sanchaung Tsp.
Ph : 502801, 505278, 539151

မိဘမေတ္တာမျိုးညွန့်

စကော်ပီယန် C plus အချိုရည်နှင့်
အလ်ပိုင်း သောက်ရေသန့် ဖြန့်ချိရေး

အမှတ်၃၈၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၇၀၀၆၇၉၊
C/o ၃၈၂၁၃၅။

ကား လချုပ်ဖြင့် ငှားလိုပါသည်

ရန်ကုန်မြို့တွင်းသုံးရန်အတွက်သာ 4xWD SURF (or) PAJERO
ဆက်သွယ်ရန်- Gulliver Travels & Tours
Ph: 513160, 500205

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၂)၊ မြေကွက်အမှတ်(၁၅က/၂)၊ မြေဧရိယာ(၀ဒသမ၁၁၇)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၅က/၂)၊ ကန်ရိပ်သာလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော တစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်နွဲ့ဝင်း၊ ဒေါ်ခင်သွဲ့နှင်းနှင့် ဒေါ်ခင်မာလင်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အပေါ် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ၎င်းရက်နေ့ နောက်ပိုင်းတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို ပြုလုပ်ချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအီးနုစ်(တရားရုံးချုပ်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၃၀(ပထမထပ်)၊ ၄၄လမ်း၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၁၃၂၊ ၂၉၈၅၄၁။

အမည်ပြောင်းခြင်း

(အဖ) ဦးကိုကိုနိုင်၏သား အထက(၄) ကမာရွတ် ဆဋ္ဌမတန်း(က)တွင် ပညာသင်ကြားနေသော မောင်ကောင်းမြတ်နိုင်အား မောင်ကောင်းဇင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းဇင်။**

အမည်ပြောင်းခြင်း

(အဖ) ဦးစိုးညွန့်၏သား အထက (၆) ဗိုလ်တထောင် ဒသမတန်း(က)တွင် ပညာသင်ကြားလျက်ရှိသော မောင်ဝေဖြိုးအောင်အား မောင်အောင်ငြိမ်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်အောင်ငြိမ်းမြတ်။

အမည်ပြောင်းခြင်း

အဘ ဦးခင်မောင်စိုး၏ သားဖြစ်သူ အထက(၁)ဒဂုံ အဋ္ဌမတန်း(K)မှ မောင်စိုးဟိန်းထွဋ်အား မောင်မင်းဟိန်းကြည်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်မင်းဟိန်းကြည်။

အမည်ပြောင်းခြင်း

အဘ ဦးကျော်ကျော်နိုင်၏ သားဖြစ်သူ နတ်စင်ကုန်း တောင်ငူ အထက နဝမတန်း(B)မှ မောင်ရဲဇော်ထက်အား မောင်ဆက်လွင်မိုးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဆက်လွင်မိုး။**

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၁၉၉၃ခုနှစ် တရားမကြီးမှုအမှတ်-၇၆(ဗဟန်း)နှင့်ဆက်သွယ်သည့်
၂၀၀၄ခုနှစ် တရားမဇာရီမှုအမှတ်-၅၁

ဒေါ်မြသီ **နှင့်** **၁။ ဦးအောင်တင့်**
အမှတ်-၃၄/ဒီ၊ စမ်းရေတွင်းလမ်း **၂။ ဒေါ်ခင်မာလာရှိန်**
ဗဟန်းမြို့နယ် **အမှတ်-၃၄ဒီ-၁ စမ်းရေတွင်းလမ်း ဗဟန်းမြို့နယ်။**
(ဒီကရီအနိုင်ရသူ) **(တရားရှုံး)**

(၁)ဦးအောင်တင့်၊ (၂)ဒေါ်ခင်မာလာရှိန်၊ အမှတ်-၃၄ဒီ-၁၊ စမ်းရေတွင်းလမ်း၊ ဗဟန်းမြို့နယ်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၁၉၉၃ခုနှစ်တရားမကြီးမှုအမှတ်-၇၆တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်မြသီက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူအခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၀၄ခုနှစ် မေလ(၃၁)ရက်နေ့ နံနက်၁၀နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၀၄ခုနှစ် ဧပြီလ၂၀ရက်နေ့ ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ပေါ်ခိုင်သန်း
ဒုတိယခရိုင်တရားသူကြီး(၅)
အနောက်ပိုင်းခရိုင်တရားရုံး၊
ရန်ကုန်တိုင်း။

လွမ်းဆွတ်သတိရခြင်း

ဗိုလ်မှူးညွန့်ဟန်(ငြိမ်း)သည် ၆-၄-၂၀၀၄ရက်နေ့တွင် ကွယ်လွန်သွားသည်မှာ တစ်လပြည့်ခဲ့သော်လည်း မိသားစုနှင့်ထပ်တူ လွမ်းဆွတ်သတိရလျက် ရည်စူး၍ ပြုခဲ့သမျှသော ကောင်းမှုအစုစုကို ကောင်းမြတ်သောဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။ **ဦးသာနု-ဒေါ်တင်တင်အေးမိသားစု**
ပဲခူးယ်ကုန်းမြို့။

အများသိစေရန်ကြော်ငြာစာ

ရေဝတီတိုင်း၊ဘိုကလေးမြို့၊(၂)ရပ်ကွက်၊အောင်စကြာဘုရားလမ်း(၁-ဖြတ်လမ်း)၊ အကွက်အမှတ်(၆/စစ်ကုန်းပိုင်း) ဦးပိုင်အမှတ်-၁၆၂ဟုခေါ်တွင်သည့် မြေကွက်၏ အနောက်ဘက်အခြမ်း၊ အလျား ၅၉ ၃/၄'Xအနံ ၁၅' ရှိမြေကွက်အား တရားဝင်ပိုင်ဆိုင်သူ ဒေါ်တင်တင်မော်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါရောင်းဝယ်မှုအပေါ် ကန့်ကွက်လိုသူတစ်စုံ တစ်ရာရှိပါက ဆိုင်ရာဆိုင်ခွင့်အထောက်အထားများတင်ပြ၍ ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ဦးသက်ဦး(B.A,H.G.P)**
အထက်တန်းရှေ့နေ(စဉ်-၂၀၈၆၄)
အမှတ်-၁၂၆၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၁)ရပ်ကွက်၊ ဘိုကလေးမြို့။

ရက်(၄၀)မြောက်လွမ်းဆွတ်သတိရခြင်း
ဒေါက်တာခါလစ်မောင်မောင်
ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)၊ ကလေးမြို့

ချစ်သောပါပါ

မိသားစုအပေါ် ကြီးမားတဲ့ သံယောဇဉ်နဲ့ အစစအရာရာ ဦးဆောင်မှုပေးပြီး စောင့်ရှောက်ခဲ့တဲ့ ကျေးဇူးတရားများကို အောက်မေ့သတိရလျက် ပြုလုပ်ခဲ့သမျှ ကုသိုလ်ကောင်းမှုများကြောင့် မြတ်သောဘုံဘဝ၌ ငြိမ်းချမ်းအေးမြမှုကို ရရှိပါစေကြောင်း ထာဝရ ဘုရားသခင်ထံ ဆုတောင်းလျက်။
ချစ်သော ဂျယ်နီနှင့်မိသားစု။

မြို့မကျောင်းသား၊
ကျောင်းသူဟောင်းအသင်း
ဒေါ်တင်ကြည်(ခ)
Rose Gwan Chai
အသက်(၈၇)နှစ်
မြို့မအမျိုးသား၊ အမျိုးသမီးကျောင်း ဆရာမကြီး(ငြိမ်း)

ဖြူးဂွမ်ချိုင်-ဒေါ်ငြိမ်းရင်တို့၏သမီးကြီး၊ ဦးထွန်းမောင်(အငြိမ်းစားထောင်ပိုင်ဝင်)၏ဇနီး၊ လှိုင်မြို့နယ်၊ စပယ်ခြံ(၃)လမ်း၊ အမှတ်(ဂ/၁၇၅)နေသူသည် ၆-၅-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း မြို့မကျောင်းသား၊ ကျောင်းသူဟောင်းများအား အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့။

အသိပေးကြေညာချက်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မဇ္ဈေလမ်း၊ အမှတ် ၇၅ ၃/၄နေ ဒေါ်မြင့်မြင့်တင်[၁၀/ဥကမ(နိုင်)၀၄၂၃၆၄]နှင့် ဒေါ်သန်းသန်းအေး [၁၂/ဥကမ(နိုင်)၀၄၂၅၀၉]နိုင်ငံသားစိစစ်ရေးလက်မှတ်ကိုင်ဆောင်သူများဖြစ်ကြသော ကျွန်ုပ်အမှုသည်များ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာလိုက်ပါသည်။

ဒေါ်ညွန့်ရင်[၁၂/ဥကမ(နိုင်)၀၄၃၅၈၀]ကိုင်ဆောင်သူသည် မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မဇ္ဈေလမ်း၊ အမှတ်၇၅ ၃/၄ မြေနှင့်မြေပေါ်ရှိ အဆောက်အအုံကို ၈-၉-၉၃ရက်စွဲပါ မြေငှားဂရန် အမှတ်-မဥ/ခ-၅၅၇အရ အမည်ပေါက်ပိုင်ဆိုင်ထားသူဖြစ်ပါသည်။

၂၉-၁၀-၂၀၀၃ရက်နေ့တွင် ဒေါ်ညွန့်ရင်ကိုယ်တိုင် အထက်ဖော်ပြပါ ၎င်းအမည်ပေါက် မြေနှင့်အိမ်ကို ကျွန်ုပ်အမှုသည်များလက်ဝယ်သို့ "မေတ္တာဖြင့်အပြီးအပိုင် ပေးကမ်းခြင်းစာချုပ်"ပြုလုပ်ချုပ်ဆိုပြီး၊ လက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ထိုနေ့၌ပင် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ ၂၀၀၃ခုနှစ် စာချုပ်အမှတ်-၄၂၇၂၊ စာချုပ်စာတမ်းများ မှတ်ပုံတင်အမှတ်(၁)၊ အတွဲ-၆၃၈၊ စာမျက်နှာ-၁၃၄တွင် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

ယနေ့အချိန်၌ ဒေါ်ညွန့်ရင် ကွယ်လွန်သွားခဲ့ပြီဖြစ်ပါသည်။ ဒေါ်ညွန့်ရင် သက်ရှိထင်ရှား ကျန်းမာစွာရှိစဉ်အချိန်က ကျွန်ုပ်အမှုသည်များလက်ဝယ်သို့ တည်ဆဲဥပဒေများနှင့်အညီ လက်ရောက်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သော အဆိုပါနေရပ်လိပ်စာရှိ မြေနှင့်အဆောက်အအုံပေါ်သို့ ကျွန်ုပ်အမှုသည်များ၏ တစ်စုံတစ်ရာသဘောတူညီခွင့်ပြုခြင်းမရှိဘဲ တစ်နည်းနည်းဖြင့် ကျူးကျော်နေထိုင်ခြင်း၊ အကျိုးဖျက်ဆီးခြင်း၊ ပေါင်နှံလွှဲပြောင်းရောင်းချခြင်းစသော ဥပဒေနှင့်မညီသည့်ပြုလုပ်မှု တစ်စုံတစ်ရာကို မည်သူမဆို မပြုလုပ်ကြရန် ကန့်ကွက်တားမြစ်လိုက်ပါသည်။

အထက်ပါကန့်ကွက်ချက်များအား မည်သူမဆို ဆန့်ကျင်ပြုလုပ်ပါက တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် အရေးယူခြင်းခံရမည်ဖြစ်ကြောင်း (သတိပေး)ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝေနွယ်ဝင်း
ဥပဒေဘွဲ့.
စဉ်-၇၅၂၉
အထက်တန်းရှေ့နေ
၈၆/က၊ မေယု(၂)လမ်း၊ မြောက်ဥက္ကလာပ။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စဝ်ဆောင်းခွန်ဆမ်(ခ)မဆောင်း
အသက်(၄၁)နှစ်

ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက၊ ဒေါ်စဝ်နွှန်းခွန်ဆမ်၏ညီမဖြစ်သူ ဒေါ်စဝ်ဆောင်းခွန်ဆမ်(ခ)မဆောင်း အသက်(၄၁)နှစ်သည် ၅-၅-၂၀၀၄နေ့တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ
ပဲခူးတိုင်း။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စဝ်ဆောင်းခွန်ဆမ်(ခ)မဆောင်း
အသက်(၄၁)နှစ်

ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက၊ ဒေါ်စဝ်နွှန်းခွန်ဆမ်၏ညီမဖြစ်သူ ဒေါ်စဝ်ဆောင်းခွန်ဆမ်(ခ)မဆောင်းသည် ၅-၅-၂၀၀၄နေ့တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း
ပဲခူးတိုင်း၊ ပဲခူးမြို့။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စဝ်ဆောင်းခွန်ဆမ် (ခ) မဆောင်း
(လားရှိုးမြို့)

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်စဝ်နွှန်းခွန်ဆမ်၏ညီမ ဒေါ်စဝ်ဆောင်းခွန်ဆမ်(ခ)မဆောင်းသည် ၅-၅-၂၀၀၄နေ့တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း
ကျောက်တံခါးမြို့နယ်။

ဘုရား၊ ကျောင်း၊ ရဟန်းအမ
ဒေါ်ဥမ္မာလွင်(၅၄)နှစ်
B.Ed

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၉လမ်း၊ အမှတ်(၃၁)ပထပ်နေ (ဦးအေးလွင်)-ဒေါ်ကျင်ညိမ်းတို့၏သမီး၊ (ဦးဘိုးရီ-ဒေါ်စော)တို့၏ချွေးမ၊ ဦးသိန်းမြင့်(ကုန်တင်တွဲဆွဲရေယာဉ်ပိုင်ရှင်)၏ချစ်လှစွာသောဇနီး၊ မောင်ကျော်ကိုကို (Computing Final Year Nilaicollege)၊ မောင်စိုးကိုကို(Final Part-1 ဆေး-၁)တို့၏မိခင်၊ (ဦးအေးသိန်း)၊ ဦးအေးကို-ဒေါ်ခင်လေးမြင့်၊ ဒေါ်စန်းစန်းအေး (ကထိကဓာတုဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးကြည်ညွန့်(C/E P.I.L Co.Ltd)-ဒေါ်အေးအေးမြိုင်၊ ဦးစိုးတင်-ဒေါ်နီလာ၊ ဦးစိုးမင်း-ဒေါ်ကေသီအေးတို့၏ အစ်မသည် ၁၁-၅-၂၀၀၄ရက် မွန်းလွဲ ၁၂း၄၀နာရီတွင် အာရုံတော်ဝင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၀၄နေ့ နံနက် ၁၁နာရီတွင်ထိန်ပင်အေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက်၉နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်း-၂၀)
ဗိုလ်တထောင်မြို့နယ်တရားရုံး
၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ်-၅

၁။ ဦးမောင်ညိုထွန်း **နှင့်** ၁။ ဦးဘိုကြီး
၂။ ဒေါ်သန်းနုစ် အမှတ်-၄၁၊ ကြာပဒုမ္မာလမ်း၊
၃။ ဒေါ်မိုးမိုးသူ အမှတ်(၃)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
(ယခုနေရပ်လိပ်စာမသိ)

တရားလိုများ **တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ဦးဘိုကြီး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက "စာချုပ်ပါကတိပဋိညာဉ်အတိုင်း တရားဝင်မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု" ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ် မေလ ၂၀ရက်(၁၃၆၆ခုနှစ် နယုန်လဆန်း ၂ရက်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် မေလ၄ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **ဦးသိန်းတန်(တ/၂၁၀၇)**
တွဲဖက်မြို့နယ်တရားသူကြီး
ဗိုလ်တထောင်မြို့နယ်တရားရုံး။

ဘုရား၊ ကျောင်း၊ ရဟန်းအမကြီး
ဒေါ်စန်းစန်း(၈၄)နှစ်
(T.S မော်တော်စတိုး)၊မြင်းခြံမြို့

မြင်းခြံမြို့နေ (ဦးသန့်-ဒေါ်ချယ်)တို့၏သမီး၊ (ဦးဘို-ဒေါ်ခင်မေ)၏ညီမ၊ မြင်းခြံမြို့၊ အမှတ်(၈)ရပ်ကွက်၊ အမှတ်(၁၂၅)နေ ဦးတင်အောင်(T.Sမော်တော်စတိုး)၏ဇနီး၊ ဦးချစ်ကိုကို-ဒေါ်တင်တင်ဦး၊ ဒေါက်တာကျော်ဇင်မြင့်-ဒေါ်သန်းသန်းအေး၊ ဒေါက်တာဒေါ်တင်တင်လတ်၊ ဦးမောင်မောင်-ဒေါ်စိမ်းယုမွန်တို့၏အဒေါ်မိခင်၊ ဒေါက်တာသက်ကိုကို၊ ကိုသန့်ဇင်၊ မသဇင်ကိုကို၊ ဗိုလ်ကြီးရဲထွန်းနိုင်၊ ကိုထက်ကိုကို-မရီရီသန့်၊ ကိုအောင်မျိုးထွန်း-မမြတ်သုထွေး၊ မတင်နွယ်ဦး၊ မအင်ကြင်းကိုကို၊ မောင်ဇင်မင်းထွန်း၊ မယင်းမာကိုကို၊ မောင်ကျော်ဇင်ထွန်း၊ မစုစုမွန်တို့၏အဘွား၊ မရွှန်းလဲ့မေဦး၊ မောင်ထွဋ်ခေါင်ယံ၊ မောင်မြတ်ကိုကိုတို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၁-၅-၂၀၀၄ရက် နံနက်၃နာရီတွင် မြင်းခြံမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂-၅-၂၀၀၄ရက်တွင် မြင်းခြံမြို့ရွာစည်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။
ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဦးစောဗော်တာလူး
(Saw Vawter Loo) (၇၆)နှစ်
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
ဆည်မြောင်းဦးစီးဌာန

၆-၅-၂၀၀၄တွင် ခရစ်တော်၌ အိပ်ပျော်သွားခဲ့သော ဦးစောဗော်တာလူး၏ ဈာပနကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီပေးခဲ့သော သိက္ခာတော်ရ ဆရာတော်ကြီးများနှင့် ဆရာများ၊ အသင်းတော်များနှင့်အသင်းသားများ၊ ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဌာန၊ UNDP အဖွဲ့အစည်းများ၊ PSI နှင့် Myanmar Scott & English Co.,Ltd တို့အားလည်းကောင်း၊ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနှင့်ဖြစ်စေ ဆက်သွယ်အားပေးခဲ့သော ဆွေမျိုး မိတ်သင်္ဂဟများအားလည်းကောင်း၊ အထူးကြပ်မတ် ကုသပေးခဲ့သော ဆရာဝန်ကြီးအားလည်းကောင်း၊ ဈာပန အခမ်းအနားသို့ တက်ရောက်အားပေးခဲ့သော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆရာသမားများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဝန်ထမ်းဟောင်းများနှင့်ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အစစအရာရာကူညီလုပ်ကိုင်ပေးခဲ့သော ဆွေမျိုးများနှင့်မိတ်ဆွေများကိုလည်းကောင်း ကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ဓမ္မာရုံ၊ ရေကန်ဒါယကာကြီး

ဦးစောလှိုင် (၆၇)နှစ်

စွယ်တော်မြတ်စေတီတော်ဂေါပက(အဖွဲ့ဝင်)

လ/ထအခန်းမှူး(ငြိမ်း) ကွန်ပျူတာဌာန၊ မြန်မာ့အလင်းသတင်းစာတိုက်

ဥက္ကဋ္ဌ သာသနာ့ပါလဓမ္မာရုံ(ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပ

ဒေးဒရဲမြို့၊ ညောင်ကားယားကျေးရွာနေ [ဦးမြင့်(ခ)ဦးညွန့်ရွှေ–ဒေါ်လှရှင်]တို့၏ သားကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ ခေမာသီလမ်းမကြီး၊ အမှတ်(၃၉)နေ ဒေါ်နှင်းရီ(အုန်းရွှေဝါအအေးနှင့်ကဖီး)၏ ခင်ပွန်း၊ ဦးကျင်ရွှေ–ဒေါ်သောင်း၊ (ဦးလှမောင်)–ဒေါ်မြတ်ကျင်၊ (ဦးငွေသောင်း)–ဒေါ်သိန်း(အောင်ချမ်းသာရတနာငွေဆိုင်)တို့၏တူ၊ (ဦးစောလှ–ဒေါ်ခင်မြင့်)၊ (ဦးသာမှတ်)–ဒေါ်သီ၊ ဦးစောမောင်–ဒေါ်ခင်မြင့်၊ ဦးစံငြိမ်း–ဒေါ်တင်ဝင်းတို့၏ အစ်ကို၊ ဦးသန်းဦး၊ ဦးဌေးလှ–ဒေါ်တင့်တင့်ဝေ၊ ဒေါ်လှလှဝေ(အလပြ၊ ထ–၁၊ မ/၃)၊ ဦးတင်လှိုင်–ဒေါ်သန်းသန်းဝေ(မ–၃၅၊ မ/၃)၊ ကိုကျော်ကျော်ထွေးတို့၏ ဖခင်၊ မခိုင်မော်ဌေး(ဒုနှစ်၊ ဘူမိ၊ ဒဂုံ)၊ မမြတ်မော်ဌေးတို့၏ အဘိုးသည် ၁၁–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃–၅–၂၀၀၄ (ကြာသပတေးနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင်အုန်း (၅၇)နှစ်

(တွံတေး)

ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ကွမ်းခြံအလယ်ပိုင်း၊ ဗိုလ်ချုပ်လမ်းနေ (ဦးတင်ရှိန်)–ဒေါ်ခင်တင့်(ဒေါင်းတံဆိပ်ဆေးလိပ်ခုံ)တို့၏သမီး၊ ဦးတင်မြင့်–ဒေါ်အေးကြည်၊ ဦးလှထွန်း(ညွှန်မှူး၊ သတင်းနှင့်စာနယ်ဇင်း)–ဒေါ်ညွန့်ညွန့်သန်း(ညွှန်မှူး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း)၊ ဦးထွန်းဝေ(အထက–၁၊ တွံတေး၊ ငြိမ်း)–(ဒေါ်အမာ)တို့၏ညီမ၊ ဦးကျော်ဝင်း(ဒု–ညွှန်မှူး၊ကြေး/မြေ)–ဒေါ်သီတာအောင်၊ ဦးအောင်ကျော်–ဒေါ်ဖြူဖြူဝင်း(MPPE)၊ ဒေါ်ခင်အုန်းမြင့်၊ ဒေါက်တာကြီးအောင်(တွံတေးမြို့နယ်သွားဆရာဝန်)–ဒေါ်ခင်မြတ်မော်၊ ဦးကြည်တိုး–ဒေါ်စန်းစန်းရွှေ၊ ဦးစိုးဝင်းလှိုင်(Blue Pianet Shipping)တို့၏အစ်မ ဒေါ်တင်အုန်းသည် ၁၂–၅–၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၄–၅–၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် မူးလမန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်အေးအေးသန်း (၃၉)နှစ်

B.A (Geography)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၃၃၉/ခ)နေ ဦးသန်းစိုး–ဒေါ်အေးကြိုင်တို့၏သမီး၊ (ဦးစိန်မောင်ရီ)–ဒေါ်လေးရှင်တို့၏သမီးချွေးမ၊ ဦးစိုးလှထွန်း(MPPE)၏ဇနီး၊ မလဲ့သီရိမွန်(အလက–၄၊ ရန်ကင်း)၊ မထက်သီရိအောင်(အလက–၄၊ ရန်ကင်း)တို့၏ ချစ်လှစွာသောမိခင်၊ ဒေါ်အေးအေးသန်းသည် ၁၁–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃–၅–၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင့်တင့် (၈၅)နှစ်

(ကောလင်း)

စစ်ကိုင်းတိုင်း၊ ကောလင်းမြို့၊ မြို့မရပ်နေ (ဦးဂိုလ်ပါး–ဒေါ်ထွေး)တို့၏ သမီး၊ (ဒေါ်စိုးစိုး၊ ဒေါ်သိန်းသိန်းမြင့်)တို့၏အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၂)ရပ်ကွက်၊ ပိမိုးနင်း(၃)လမ်း၊ အမှတ်(၅၇၈)နေ ဦးအောင်သူမိုး(လ/ထကထိက၊ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်) – ဒေါ်စန္ဒာလွင်(လ/ထကထိက၊ မြန်မာစာဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ အဒေါ်သည် ၁၁–၅–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၃–၅–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။[၄၂၊၅၇၈၊ ပိမိုးနင်း(၃)လမ်းနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။]ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်မြင့် (၅၁)နှစ်

(လှိုင်ဈေးကြီး)

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၆၅၅)နေ (ဦးသောင်းစု–ဒေါ်ရှုမေ)တို့၏ တတိယသမီး၊ လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အောင်မေတ္တာ(၄)လမ်း၊ အမှတ်(၂၀၂–က)နေ (ဦးတီစွန်ဟင်း)–ဒေါ်မြင့်တို့၏ချွေးမ၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာ(၄)လမ်း၊ အမှတ်(၂၀၂–ခ)နေ ဦးမင်းဆွေ(ခ) ဦးအုံကူ၏ဇနီး၊ မနန္ဒီမင်းဆွေ၊ မောင်နိုင်မင်းဆွေတို့၏မွေးသမိခင်သည် ၁၀–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄–၅–၂၀၀၄ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ၁၆–၅–၂၀၀၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သူအားရည်စူး၍ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

မရွှေရည်ဝင်း (၁၅)နှစ်

အဋ္ဌမတန်း(ခ) အထက(၃)၊ တာမွေ

ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ ဒေါနလမ်းနေ ဦးအောင်သန်း–(ဒေါ်အေးမိ)တို့၏ မြေး၊ ဒေါ်အေးအေးသန်း(မြန်မာ့စီးပွားရေးဘဏ်၊ သနပ်ပင်)၊ ဒေါ်သင်းသင်းနိုင်(ဒုဦးစီးမှူး၊ ဒေါပုံ၊ ထွေ/အုပ်)၊ ဦးအောင်အောင်–ဒေါ်ထွေးထွေးဝင်း၊ ဒေါ်ဥမ္မာနိုင်(အထက၊ မင်းရွာ)၊ ဦးမိုးသူနိုင်တို့၏တူမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တိုက်(၈/၁၀)၊ အခန်းအမှတ်(၃–A)နေ ဦးမောင်မောင်နိုင်–ဒေါ်ခင်သန်းထူး(ရှေ့နေချုပ်ရုံး၊ ငြိမ်း)တို့၏သမီးကြီး၊ မငုဝါခင်(အထက–၃၊ တာမွေ)၏ အစ်မသည် ၁၁–၅–၂၀၀၄ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၃–၅–၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးတင်မောင်(ငြိမ်း) အသက်(၇၃)နှစ်

လက်ပံတန်းမြို့နယ်၊ ဝက်လှကလေး–ဖန်းခါးကုန်းရွာနေ (ဦးဘိုးမြင့်–ဒေါ်ရွှေပု)တို့၏ သား၊ ဦးချစ်စိန်–ဒေါ်ပိုတို့၏ အစ်ကို၊ ဒေါ်တင်မေ၏ မောင်၊ ရန်ကုန်တိုင်း၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ်(၁၄/၅/၁၁၃)၊ ဝဏ္ဏကျော်စွာလမ်းသွယ်(၂)နေ ဒေါ်လှတင်၏ ခင်ပွန်း၊ ဦးမျိုးသက်နိုင်၊ (ဒေါ်တင်တင်ဦး)၊ (ဦးကျော်စိုးဦး)၊ ဦးအောင်လှသိန်း(လေယာဉ်ဆီဌာန၊ ရန်ကုန်လေဆိပ်)–ဒေါ်သင်းသင်းဦး၊ မောင်ဝင်းဌေး–မသီတာဦးတို့၏ ဖခင်၊ မယွန်းဆုသီရိဝေ၊ မောင်ကျော်ဇေဟန်တို့၏ အဘိုးသည် ၁၁–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃–၅–၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြိုင် (၆၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မြေသာစည်အိမ်ရာ၊ တိုက်(၂)၊ အခန်း(၃၀၈)နေ (ဦးငယ်–ဒေါ်အေးညို)တို့၏ သမီး၊ ရန်ကုန်မြို့၊ (၅၇)လမ်းနေ ဦးချမ်း၏ သမီးချွေးမ၊ (ဦးမျိုးစိန်)–ဒေါ်သန်းသန်းအေး၊ ဦးငွေသန်း၊ (ဦးကုဓေမာရ)–ဒေါ်တင်စိန်တို့၏ ညီမ၊ ဦးတင်ဦး–ဒေါ်စန်းမြင့်၊ ဒေါ်စန်းတင့်တို့၏ အစ်မ၊ ဒေါက်တာဆန်းဆန်းဦး(လက်ထောက်ဆရာဝန်၊ ရန်ကုန်ဆေးရုံကြီး)၊ မောင်လှိုင်သက်ဦး(Bagan Cybertech)တို့၏ မိခင်၊ ဒေါ်စန်းစန်းနွဲ့၊ ကိုထွန်းထွန်းဦး–မနီနီမြင့်၊ ကိုကျော်မျိုးသန့်–မအမာဆွေတို့၏အဒေါ်၊ဦးခင်မောင်ချန်ထွန်း၏ဇနီးသည် ၁၁–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃–၅–၂၀၀၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

လင်ကင်စွိ(ခ)ဦးမြင့်စိန် အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၆၆၇)၊ မဟာဗန္ဓုလလမ်းနေ (ဦးလင်ဘန်ကြပ်)–ဒေါ်ကေ့ဗာအိန်း(ခ) ဒေါ်အိန်း၏သား၊ ဒေါ်ကျင်နု၏ခင်ပွန်း၊ ဒေါ်လင်ယော့ကြွမ့်၊ ဒေါ်သန်းသန်းအေးတို့၏ မောင်၊ မတင်မေ–ကိုခင်အောင်၏အစ်ကို၊ မခင်အေးမြင့်(X-C၊အထက–၂၊ လသာ)၊ မန္တဲ့ယဉ်မြင့် (VI-H၊အထက–၂၊လသာ) တို့၏ဖခင်လင်ကင်စွိ(ခ) ဦးမြင့်စိန်သည် ၉–၅–၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃–၅–၂၀၀၄ (ကြာသပတေးနေ့) နံနက်၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

သာသနာ့ဒါယကာကြီး

ဦးဝင်းနိုင် (၆၇)နှစ်

ပြည်တွင်းဖြစ်ကားပစ္စည်းဆိုင်၊ ဘုရင့်နောင်ဈေးကြီး

ရန်ကုန်မြို့၊ အမှတ်(၂၀)၊ ရတနာလမ်း၊ မြေနီကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ ဦးဘဏ်–ဒေါ်ဒေါ်ငြိမ်း(ဖြူးမြို့)တို့၏ သားထွေး၊ (ဦးသာဖံ)–ဒေါ်သန်းသန်းတို့၏ သားသမက်၊ (ဦးထွန်းဖေ–ဒေါ်စောတင်)၊ ဦးပုချို–(ဒေါ်ငွေမြိုင်)၊ (ဦးကျော်စိန်–ဒေါ်စိန်)၊ (ဦးအုန်း–ဒေါ်ခင်)၊ ဦးရွှေ–(ဒေါ်ဂွမ်းစိန်)၊ (ဦးအောင်သိန်း)–ဒေါ်ကလေးမ၊ (ဒေါ်သန်းအေး)၊ (ဦးစိုး–ဒေါ်ခင်ကြည်)၊ (ဦးစိုးမင်း)–ဒေါ်သန်းကြည်၊ ဦးထွန်းမြင့်–ဒေါ်တင်အေး၊ ဦးသောင်းရွှေ–ဒေါ်ကျင်သိန်းတို့၏ ညီ/မောင်၊ ဗိုလ်မှူးဘဏ်ဝင်း(ငြိမ်း)–ဒေါ်ဝင်းဝင်း၊ ဦးရဲဝင်း–ဒေါ်ခင်မြင့်မြင့်တို့၏ အစ်ကို၊ ဒေါက်တာအေးသန်း(ဗဟိုရိုးစည်းအထူးကုဆေးခန်း)–ဒေါ်အေးဝင်းနိုင်၊ ဦးဇော်ဝင်းနိုင်–ဒေါ်အလိမ္မာကျော်တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး ဦးဝင်းနိုင်(ဘုရင့်နောင်ဈေး)သည် ၁၁–၅–၂၀၀၄ရက်တွင် ဗဟိုရိုးစည်းအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၃–၅–၂၀၀၄(ကြာသပတေးနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးစိန်ဝင်း (၇၈)နှစ်

(မြန်မာ့မီးရထား)

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်၏ဖခင် ဦးစိန်ဝင်းသည် ၆–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တောင်ကြီး၊ လွိုင်လင်၊ မိတ္ထီလာခရိုင်နှင့် လမ်းအထူးအဖွဲ့(၁၃)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယိကာမကြီး

ဒေါ်မြ (၇၉)နှစ်

ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာနေ ဦးဘညွန့်–ဒေါ်သန့်တို့၏ သမီး၊ စမ်းချောင်းမြို့နယ်၊ ဝေဋ္ဌုဝန်အိမ်ရာ၊ တိုက်(၃၃)၊ အခန်း(၂)နေ ဦးသိမ်းဖေ–ဒေါ်ကြင်ပို့တို့၏မွေးသမိခင်၊ ဦးညိုမင်းလွင်–ဒေါ်တင်တင်လှိုင်၊ (ကိုဖေဆန်း)–မအေးအေးခိုင်၊ ကိုတင်အောင်ချို–မသန်းသန်းစု၊ မောင်မျိုးမင်းသိမ်းတို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၁–၅–၂၀၀၄(အင်္ဂါနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃–၅–၂၀၀၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊တန်ဆောင်း၊ရဟန်းဒါယကာကြီး

ဦးကျော်ထိုက် (၇၈)နှစ်

(မြင်းခြံ)

(ဦးဖိုးဆိုင်)–ဒေါ်ပန်းအုံတို့၏ သား၊ မြင်းခြံမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဒေါ်သန်းရီ၏ခင်ပွန်း၊ ဦးနုချွန်(တိ/မွေးကု)–ဒေါ်လှမြင့်၊ ဒေါ်ခင်စန်းမြင့်(သစ်စက်)၊ ဦးကြွယ်လှ–ဒေါ်ခင်စန်းဌေး၊ ဒေါ်ခင်စန်းအေး(အလက–၂)၊ ဒေါ်ခင်စန်းထွေး(အလက–၂)၊ ဗိုလ်မှူးဝင်းချင်၊ ဒေါ်အမာတင်(အထက–၁)၊ဦးဝင်းလွင်–ဒေါ်ခင်စောမွန်(အထက–၂)၊ ဦးကျော်မျိုးအောင်(သစ်စက်)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၁၁–၅–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၃–၅–၂၀၀၄ရက် နံနက် ၈နာရီတွင် မကျဉ်းပင်စုသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်စောမြင့် (၇၇)နှစ်

(ကျောက်မြောင်း)၊ (ဘိုကလေး)

ဘိုကလေးမြို့နေ (ဦးဘိုးနေ–ဒေါ်ဖွားခင်)တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သီရိလမ်း၊ တိုက်(၁၂၅၃)၊ မြေညီထပ်နေ ဦးချစ်မောင်၏ ဇနီး၊ ကိုဝင်းတင်–မထားထားနိုင်(စည်ပင်)၊ (မစန်းစန်းလွင်)၊ မအေးအေးလွင်(ဗဟန်းစည်ပင်)၊ ကိုမောင်မောင်–မယဉ်ယဉ်ဦး၊ ကိုစိန္ဒာ–မတင်တင်ခိုင်(စည်ပင်)၊ မစန္ဒာ၊ မောင်စိုးမိုးအောင်တို့၏ မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၁–၅–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၃–၅–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ရ (၅၉)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ မြို့ပတ်(၇)လမ်း၊ အမှတ်(၅၅)နေ (ဦးစံညွန့်–ဒေါ်ခင်မြင့်)တို့၏ သားငယ်၊ ဦးနုစ်–ဒေါ်ရင်အေးတို့၏ မောင်၊ ဒေါ်ခင်မာဝေ၊ ဦးစိုးဦး–ဒေါ်ခင်မာဆွေ(ဦးကျင်သိန်း)၊ ဦးသိန်းတန်(အုပ်ချုပ်ရေးမှူး၊ သဃ်န်းကျွန်းမြို့နယ်၊ YCDC)–ဒေါ်သန်းသန်းစော၊ ကိုကျော်လွင်–ဒေါ်ဆွေဆွေအေး၊ မနီနီလွင်၊ မချိုချိုသန်း(နည်းပြ၊ပထဝီ၊ မော်လမြိုင်တက္ကသိုလ်)၊ မောင်စိုးမြင့်နိုင်တို့၏ဦးလေး၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၁–၅–၂၀၀၄ရက်တွင် အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၃–၅–၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်ကြီး (၈၃)နှစ်

(လ/ထညွှန်မှူး၊ ငြိမ်း၊စာရင်းစစ်ချုပ်ရုံး)

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ (၁၅)လမ်း၊ တိုက်(၆)၊ အခန်းအမှတ်(၄၀၄)၊ A–ဘလောက်နေ (ဦးဘစိန်၊ စက်ရှင်တရားသူကြီး–ဒေါ်ကျော့ရှင်)တို့၏သား၊ ဒေါ်လေးခင့်(Golden Net)၏ ခင်ပွန်း၊ ကိုဖေသက်မောင်(Luckyမုန့်တိုက်)–မသူဇာလှိုင်၊ ကိုသူရမောင်(ဘတ်ဂျက်၊ ငွေစာရင်း၊ မြို့တော်စည်ပင်)တို့၏မွေးသဖခင် ဦးမောင်မောင်ကြီးသည် ၁၂–၅–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၄–၅–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးထွန်းစိန် (၈၂)နှစ်

မိုးကုတ်ယောဂီ

ဆသရ (ငြိမ်း)၊ (သုဝဏ္ဏ)

စစ်တွေမြို့၊ မိဇံရပ်နေ(ဦးပု–ဒေါ်မစိန်)တို့၏သား၊ စစ်တွေမြို့၊ ရှုပရပ်နေ (ဦးစံရွှေဦး–ဒေါ်စံကြွဦး)တို့၏ သားသမက်၊ ဦးထွန်းအောင်ကျော် – ဒေါ်စောမြ၊ (ဦးအေးထွန်း)–ဒေါ်စံရွှေမြ၊ (ဒေါ်လှစိန်)တို့၏ ညီ/မောင်၊ သုဝဏ္ဏမြို့၊ (၂၉)ရပ်ကွက်၊ မင်းဒင်လမ်း၊ တိုက်(၂၁)၊ အခန်း(၄)နေ ဒေါ်တင်မှု၏ ချစ်လှစွာသောခင်ပွန်း၊ မစောဝင်းမှု(ဆသရ–လှိုင်)၊ တပ်ကြပ်ကြီးစောလှမောင်(ကကလျှပ်)–မခင်မြတ်မွန်၊ မတင်တင်အောင်(MICB)၊ မကြည်ကြည်ထွန်း(MICB)တို့၏ မွေးသဖခင်၊ ဗိုလ်လောင်းတက်နေထွန်း၊ မောင်ဖြိုးကျော်ထွန်း(အထက–၂၊ဒဂုံ)တို့၏ အဘိုးသည် ၁၁–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃–၅–၂၀၀၄(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (သုဝဏ္ဏနေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်ကြည် အသက်(၈၀)

စား/ဖျော်(ငြိမ်း)၊ (တွံတေး)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၁၄၄)နေ (ဦးမြင့်–ဒေါ်သီ)တို့၏သား၊ (ဦးဘကြီး–ဒေါ်ခင်ရွှေ)တို့၏ သားသမက်၊ (ဦးမောင်မောင်)၊ (ဒေါ်ငြိမ်းငြိမ်း)၊ (ဒေါ်ချိုချို)တို့၏ ညီ/မောင်၊ (ဒေါ်လှစိန်)၏ ခင်ပွန်း၊ ဦးသိန်းဇော်(Wider Rise Const. Co.Ltd)–ဒေါ်မာမာလွင်(ရွှေကမ္ဘာမောင်မောင် Cons)၊ဒေါ်ဌေးဌေးမြင့်(ကျောင်းအုပ်ကြီး၊ အမက–၂၊ ဒလ)၊ ဒေါ်စိုးအေးမြင့်(အမက–၁၀၊ ကြည့်မြင်တိုင်)၊ ဦးထွန်းထွန်းဝင်း(မြန်မာ့ရွှေသရဖူကုမ္ပဏီ)–ဒေါ်တင်ဝင်းမြင့်၊ ဦးအောင်မင်းစိုး–ဒေါ်ရီရီမြင့်၊ ဦးကျော်စိုး(ဆိပ်ကမ်း၊ စက်မောင်း) – ဒေါ်သီတာမြင့်တို့၏ မွေးသဖခင်၊ မြေး၁၀ယောက်တို့၏အဘိုးသည် ၁၀–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄–၅–၂၀၀၄ (သောကြာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဦးလှိုင် (၅၂)နှစ်

B.Sc. Chem

ကလောမြို့နေ [ဦးစန်းလှိုင်(ခ) S.Powerနှင့် ဒေါ်ခင်ရီ]တို့၏ သားကြီး၊ ဒေါ်စမ်းစမ်းမေ(အထက်တန်းရှေ့နေ)၏ အစ်ကို၊ကိုထက်နေဝန်းလှိုင်–မအေးအေးခိုင်၊ မအိအိဝန်းလှိုင်တို့၏ဖခင်၊ မောင်ရဲသီဟ၏အဘိုးသည် ၂၂–၄–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၃–၄–၂၀၀၄ရက်တွင် ကလောမြို့မသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယကာ

ဦးအေး (၈၅)နှစ်

(သစ္စာဒီပကယောဂီ)

(အငြိမ်းစားပရိဘောဂစက်ရုံ၊ အလုံ)

ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နေ (ဦးစိန်ဒုံး–ဒေါ်မယ်ချို)တို့၏ သား၊ ရွှေပေါက်ကံမြို့သစ်နေ ဦးခင်မောင်သန်း–ဒေါ်သောင်းကြည်၊ အင်းစိန်မြို့နယ် မြို့သစ်(က–ခ)ရပ်ကွက်၊ (ခ/၆)လမ်း၊ အမှတ်(၁၅၉)နေ ဒေါ်တင်ကြည်၊ ဦးသောင်းချစ်(ရွှေပန်းထိမ်)–ဒေါ်ရင်မြင့်တို့၏အစ်ကိုကြီး၊ ကိုသန်းဦး၊ ကိုဝင်းနိုင်၊ (ကိုဇော်ထွန်း)၊ ကိုကွန်းဇော်ဦး–မခင်သန်းဝေ၊ ကိုနိုင်နိုင်၊ ကိုထူးထူး၊ ကိုမောင်မောင်ရီ–မခင်သန်းမေ၊ ကိုအောင်မျိုးဦး(Asia Wood Co., Ltd)–မခင်မာချို(Day Light Co.,Ltd)၊ ကိုအောင်မြတ်ကျော်(ဆေးသုတေသန)–မကေခိုင်ဌေး(အဆင့်မြင့်ပညာ)၊ ကိုအောင်ကျော်မိုး၊ မသီတာအောင်တို့၏ ဘကြီးသည် ၁၁–၅–၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၁၃–၅–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းအမ

ဒေါ်မြနု (၇၁)နှစ်

(ဟသ်ာတ)

(ဦးသာစန်း–ဒေါ်ပု)တို့၏ သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ်(၄၄၉)၊ သုတ(၂)လမ်းနေ (ဦးသိန်းအောင်)၏ ဇနီး၊ (ဦးတင်မြင့်–ဒေါ်မြင့်မြင့်ကြည်)၊ ဒဂုံမြောက်ပိုင်း၊ (၃၇)ရပ်ကွက်၊ ရွှေဂုံသီရိလမ်း၊ အမှတ်(၅၁၂)နေ ဦးမြင့်ခင်(MEPE၊ ငြိမ်း)–ဒေါ်ခင်ရွှေ၊ ဦးအုန်းရွှေ(ဌာနခွဲ–၁၊လုပ်သားမှူး)–ဒေါ်ခင်မျိုးလှ၊ ဦးအုန်းငွေ(ဌာနခွဲ–၁၊ လုပ်သားမှူး)–ဒေါ်ရင်ရွှေ(အလက–၆၊ တ/၃)၊ ဦးသောင်းဟန်–ဒေါ်ခင်လေးရီ၊ ဦးသန်းအောင်၊ ဒေါ်သန်းသန်းအေး၊ ဦးသက်ထွေး–ဒေါ်ဖြူဖြူသွယ်၊ ဦးကျော်လင်း(ကျော်ကြီးဝပ်ရှော့)–ဒေါ်မြင့်မြင့်စန်းတို့၏ မိခင်၊ မြေး ၁၉ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၁–၅–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၃–၅–၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ငွေ အသက်(၇၀)

(စစ်ကိုင်း)

အတွင်းရေးမှူး(ငြိမ်း)၊

တပ်မြို့စည်ပင်သာယာရေးအဖွဲ့၊ရန်ကုန်မြို့ အမှုဆောင်အဖွဲ့ဝင်၊

ရန်ကုန်ဂေါက်အသင်းနှင့် မြန်မာနိုင်ငံ ဂေါက်အဖွဲ့ချုပ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၂၉)၊ ပဒုမ္မာလမ်းနေ (ဦးဘခင်–ဒေါ်လုံးတင်)တို့၏ သား၊ ဒေါ်ခင်စောကြည်(ညွှန်/မှူး၊ ငြိမ်း၊ ဗဟိုစာရင်းအင်းအဖွဲ့)၊ (ဦးမောင်ကြီး)–ဒေါ်တင်ရွှေတို့၏ မောင်၊ ဗိုလ်မှူးမောင်လတ်(ငြိမ်း)–ဒေါ်တင်မေ(လ/ထမန်နေဂျာ၊ ငြိမ်း)၊ ဦးကျော်မြင့်(MICCL)–ဒေါ်တင်ထွေးမြင့်တို့၏အစ်ကို၊ ဒေါ်ခင်မေအုန်း(လ/ထညွှန်မှူး၊ ငြိမ်း၊ လူမှုဝန်ထမ်းဦးစီးဌာန)၏ ခင်ပွန်း၊ ဦးဇော်ဝင်း(ဌာနစုမှူး၊ ရန်ကုန်မြို့တော်စည်ပင်)–ဒေါ်လဲ့လဲ့ငွေ(စိုက်/မွေး)၊ ဒေါ်ကေသီငွေ၊ ဒေါ်နွယ်နီငွေတို့၏ ဖခင်၊ တူ၊ တူမ ၁၁ယောက်တို့၏ ဘကြီးသည် ၁၁–၅–၂၀၀၄ရက်တွင် ရန်ကုန်မြို့ YMC ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၃–၅–၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းနု (၅၇)နှစ်

ဒု–စာရင်းကိုင်

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊

(ဂန့်ဂေါ)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ သုခမလမ်း၊ အမှတ်(၂၅)နေ (ဦးမောင်ခင်)–ဒေါ်တင်ရီတို့၏ သမီး၊ ရေစကြိုမြို့၊ မြို့မရပ်နေ (ဦးရှိန်–ဒေါ်စု)တို့၏ သမီးချွေးမ၊ (ဦးညွန့်ရွှေ)၊ မောင်မောင်သန်း၊ (ကိုခင်မောင်ဇော်)–မခင်မာဝေ၊ မကြူကြူမြင့်၊ မောင်ခင်မောင်သန်း – မလှဌေးမော်၊ မောင်မောင်လွင်–မမူမူမြင့်တို့၏ အစ်မ၊ ဂန့်ဂေါမြို့၊ ဆောက်လုပ်ရေးဝန်ထမ်းအိမ်ရာနေ ဦးတင်မောင်လတ်(စာရင်းကိုင်–ပ၊ ငြိမ်း)၏ ချစ်လှစွာသော ဇနီး၊ မောင်အောင်ကိုလတ်(ဂန့်ဂေါ၊ ဆလရ)၊ မထိုက်စုလတ် [B.Sc (Hons)M.Sc Maths၊ မန္တလေးတက္ကသိုလ်]၊ မဝေမီလတ်(ဂန့်ဂေါ၊ဆလရ)တို့၏မွေးသမိခင်သည် ၁၀–၅–၂၀၀၄ရက်တွင် ရွှေဂုန်တိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၄–၅–၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

မင်္ဂလာဒုံမြို့နယ် သံဃနာယကဥက္ကဋ္ဌ(ဟောင်း)၊

မြို့နယ်သံဃနာယက ဩဝါဒါစရိယ

ကျိုက္ကလော့စေတီ၊ ကျိုက္ကလဲ့စေတီ၊ အောင်ချမ်းသာစေတီ

ဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယ

ဘဒ္ဒန္တ ကေတုမာလာ မဟာထေရ်မြတ်

သိက္ခာတော်(၇၄)ဝါ၊သက်တော်(၉၄)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ကြူစမ်းရပ်ကွက်၊ သီတာရုံကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ ကေတုမာလာမဟာထေရ်မြတ်သည် (၁၃၆၆ ခု၊ ကဆုန်လပြည့်ကျော် ၂ရက်) ၅–၅–၂၀၀၄ (ဗုဒ္ဓဟူးနေ့) ၁၀း၅၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၆ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်) ၉–၅–၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် နိဗ္ဗာန်စံကျောင်းချပူဇော်ပြီး (၁၃၆၆ခု၊ ကဆုန်လပြည့်ကျော် ၁၂ ရက်) ၁၅–၅–၂၀၀၄ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိဈာပနပူဇာသဘင်ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ ဈာပနကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ နာယက

သိက္ခာတော်(၆၆)ဝါ၊ သက်တော်(၈၆)နှစ်

ရေနံချောင်းမြို့၊ ရွှေကြာငုံရပ်ကွက်၊ ရွှေစေတီပါဠိတက္ကသိုလ်တိုက်သစ်ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ နာယက(အဂ္ဂမဟာပဏ္ဍိတ)သည် (၁၃၆၆ ခုနှစ် ကဆုန်လပြည့်ကျော် ၆ရက်)၊ ၉–၅–၂၀၀၄(တနင်္ဂနွေနေ့) ည ၇း၃၀နာရီတွင်ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ရက်)၊ ၁၇–၅–၂၀၀၄(တနင်္လာနေ့)တွင် အန္တိမဈာပနပူဇာသဘင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်းရပ်ဝေး၊ ရပ်နီးမှ ဒါယကာ၊ ဒါယိကာမများအား သိစေရန်အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ဥက္ကံသ

(မြို့မရိပ်သာ ပရိယတ္တိ၊ ပရိပတ္တိ)

ဦးစီးပဓာန နာယကဆရာတော်ကြီး

သိက္ခာတော်(၆၈)ဝါ၊ သက်တော်(၈၈)နှစ်

ပဲခူးတိုင်း(အနောက်)၊ ပေါင်းတည်မြို့နယ်၊ နွယ်ချို(၁)ရပ်ကွက်၊ မြို့မရိပ်သာ၊ ပရိယတ္တိ၊ ပရိပတ္တိ၊ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်ကြီးသည် (၁၃၆၆ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ရက်) ၈–၅–၂၀၀၄ရက် နံနက် ၃း၂၀နာရီတွင် ဘဝနတ်ထံပျံလွန် တော်မူပြီးဖြစ်ပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၆၆ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ရက်) ၁၆–၅–၂၀၀၄ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ကြူတော်ကုန်းသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ဓမ္မသာရဇ မဟာသဒ္ဓမ္မဇောတိကဓဇ

သိက္ခာတော်(၆၀)၊ သက်တော်(၈၀)

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျုံကဒတ်ရွာ၊ မာလာရုံကျောင်းတိုက်၊ ဦးစီးပဓာနနာယက၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ(မဟာဒွါရ)ဆရာတော် ဘဒ္ဒန္တဓမ္မသာရဓဇသည် (၁၃၆၆ခုနှစ်၊ ကဆုန်လပြည့်ကျော်၅ရက်)၊ ၈–၅–၂၀၀၄ (စနေနေ့) နံနက် ၁၀း၄၂နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၆ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ရက်)၊ ၁၆–၅–၂၀၀၄ (တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိဈာပနပူဇာသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကော်မတီနှင့် ဒါယကာ၊ ဒါယိကာမများ။

ဦးအုန်းမြိုင် (၇၉)နှစ်

အကျဉ်းဦးစီး(ငြိမ်း)၊ (ဓနုဖြူ)

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ တိုက်(၁၀/D)၊ အေးရိပ်မွန်(၃)လမ်းနေ (ဦးဘအေး–ဒေါ်ငွေရှင်)တို့၏ သား၊ ဒေါ်ရင်မေ၏ ခင်ပွန်း၊ (ဒေါ်သန်းနွဲ့)၏ မောင်၊ ဒေါ်သန်းမြ၊ (ဒေါ်သန်းလှ)၊ (ဦးခင်ကြွေ)တို့၏ အစ်ကို၊ ဦးဆန်းလွင်–ဒေါ်ဌေးဌေးသောင်း၊ ဒေါ်စုစုမြိုင်–ဦးခင်မောင်ဖြူ၊ ဒေါ်ယုယုမြိုင်–ဦးဝင်းတင့်၊ ဦးစိုးမင်း–ဒေါ်ထွေးထွေးဝင်းတို့၏ မွေးသဖခင်၊ ကျေးဇူးရှင်၊ မမေဦးလွင်၊ မနှင်းနှင်းအိလွင်၊ မစုရည်ဖြူ၊ မောင်အောင်မြတ်၊ မဆုရတနာ၊ မောင်ကျော်ဇင်ဝင်းတို့၏ အဘိုးသည် ၁၁–၅–၂၀၀၄ရက် ည ၉း၄၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၃–၅–၂၀၀၄ရက် မွန်းလွဲ ၂း၃၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်ဒါယကာ

ဦးဗိုမြင့် (၆၅)နှစ်

ဒု–အရာခံဗိုလ်(ငြိမ်း)၊တပ်မတော်(ရေ)

ညောင်ဦးမြို့နေ (ဦးညိုခင်–ဒေါ်မြ)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ်(၁၈/A–၂)နေ ဒေါ်ခင်စန်းရီ၏ ခင်ပွန်း၊ ဒေါ်နီလာမြင့် – ဗိုလ်ကြီးဇော်မင်းဦး၊ ကိုကျော်သူမြင့်၊ မလှအေးမြင့်–ဦးအောင်ကျော်ဆန်း၊ မလှထွေးမြင့်–ဗိုလ်ကြီးအောင်မြင့်တို့၏ ဖခင်၊ မြေး ခုနစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၁–၅–၂၀၀၄ရက်တွင် အကယ်ဒမီဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၃–၅–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ထွဋ် (၈၂)နှစ်

မန်နေဂျာ (အငြိမ်းစား)

(ယခင်ရေနံထွက် ပစ္စည်းဖြန့်ဖြူးရောင်းချရေးကော်ပိုရေးရှင်း၊ ကြို့ပင်ကောက်မြို့)

(ကြို့ပင်ကောက်)

အုတ်ဖိုမြို့၊ ကျောင်းကြီးလမ်းနေ (ဦးဘကွန်း–ဒေါ်ဒေါ်စု)တို့၏ သား၊ ကြို့ပင်ကောက်မြို့၊ ရန်ကုန်ပြည်လမ်းနေ ဒေါ်တင်အေး၏ ခင်ပွန်း၊ ဦးချစ်ကိုကို–ဒေါ်လှအေး၊ ဦးဝင်းထွဋ်–ဒေါ်တင်တင်ရီ၊ ဦးအေးသိန်း – ဒေါ်ခင်နှင်းအေး၊ ဒေါက်တာမြင့်သိန်း–ဒေါ်နုနုယဉ်၊ ဦးတင်မောင်ထွဋ်–ဒေါ်မြင့်မြင့်သန်းတို့၏ ဖခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ အစ်ဘိုးသည် ၁၂–၅–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၄–၅–၂၀၀၄ရက်မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးဝင်းစိန်(ခ)

William Thein

(စိန့်မိုက်ကယ်ကျောင်းသားဟောင်း)

အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ ဂမုန်းလမ်း၊ အမှတ်(၃၀)နေ (ဦးသိန်းခ–ဒေါ်သန်းစိန်)တို့၏ သား၊ ဒေါ်ခင်ဝေ၏ မောင်၊ ဒေါ်အေးမေရီ(အထက–၇၊ မင်္ဂလာတောင်ညွန့်)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုလှိုင်ဝင်းမိုး(တော်ဝင်မြို့မစာအုပ်တိုက်)–မမြင့်မြင့်နိုင်၊ ကိုဇော်ဝင်းတိုး(အိုးအိမ်ဦးစီးဌာန)–မသဲသဲတို့၏ ဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၂–၅–၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၄–၅–၂၀၀၄ (သောကြာနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး မိုင်းပွန်-တာကော်လမ်းပိုင်းပြုပြင်ခြင်းနှင့် ပင်လုံမြို့ ရွှေတိဂုံပုံတူစေတီတည်ဆောက်ရေး လုပ်ငန်းများ လှည့်လည် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ မေ ၈ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင်ရှိ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်ပြည်ထောင်စု လမ်းမကြီး၏ မိုင်းပွန်-လွိုင်လင်-နမ့်စန်-ကွန်ဟိန်း-တာကော်လမ်းအပိုင်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(လွိုင်လင်ခရိုင်)က ပြန်လည် ပြုပြင်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၍ လွိုင်လင်ခရိုင် အင်ဂျင်နီယာမှူး ဦးမြင့်သက်က မိုင် ၁၃၀ ငါးဖာလုံရှိ မိုင်းပွန်-လွိုင်လင်-နမ့်စန်-ကွန်ဟိန်း-တာကော်လမ်း အပိုင်းတွင် လုပ်ငန်းအဖွဲ့ငါးဖွဲ့ခွဲ၍ ယာဉ်ယန္တရားများအသုံးပြုကာ လမ်းပြုပြင်ဆောင်ရွက်နေမှု၊ ယာဉ်သွားလာမှု ချောမွေ့စေရန် ချိုင့်ခွက်ဖြည့်ခြင်းနှင့် ကတ္တရာလမ်းပေါက်ဖာထေးခြင်းဆောင်ရွက်မှု၊ သုံးပေအကျယ် အမာခံလမ်းပခုံးပြုလုပ်ခြင်းနှင့် လမ်းသားအကျယ်ပေ ၃၀နှင့် ကတ္တရာလမ်းအကျယ် ၁၈ပေ ပြည့်မီအောင်ချဲ့ခြင်း၊

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ☆

အမှာစကား ပြောကြား

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ဒုတိယနေ့တွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ကျင်းပပြီးစီး ဆုံးဖြတ်ခြင်း သုံးရပ်၊ အတည်ပြုခြင်း သုံးရပ်နှင့် မှတ်တမ်းတင်ခြင်း လေးရပ်တို့ကို အတည်ပြု

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

တက်ရောက်

ယနေ့ကျင်းပသည့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ဗဟိုဦးစီးအဖွဲ့ဝင်များ၊ လေ့လာသူများ တက်ရောက်ကြသည်။

အစည်းအဝေး နံနက်ပိုင်း သဘာပတိအဖြစ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ (တက္ကသိုလ်တင်ခ)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဗဟိုအမှုဆောင် ကော်မတီဝင် ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း)က ဆောင်ရွက်သည်။ ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေး အစီအစဉ်များကို ဖတ်ကြားကြေညာပြီး အစည်းအဝေးသို့ ဗဟိုဦးစီးအဖွဲ့ဝင် ၁၇၈ဦး တက်ရောက်ရန်ရှိသည့်အနက် ၁၅၃ ဦး တက်ရောက်ကြရာ တက်ရောက်မှုရာခိုင်နှုန်းအားဖြင့် ၈၅ ဒသမ ၉၆ ရှိသဖြင့် အစည်းအဝေး ထမြောက်ကြောင်း ကြေညာသည်။

ယင်းနောက် ဗဟိုအမှုဆောင် ကော်မတီ၏ အစီရင်ခံစာကို ကချင်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ဆက်လက် ကြိုးစားသွားမည် — အောင်လင်း(လှေလှော်)

ယခုလို ချီးမြှင့်၍ အားကစားသမားများ စိတ်ဓာတ်မြင့်မား — ခိုင်ခိုင်မော်(ဂူရှူး)

သတင်းဆောင်းပါး-ညီညီစိုးညွန့်၊ ဓာတ်ပုံ-စိုးညွန့်နှင့်ခင်မောင်ဝင်း(ကြေးမုံ)

ရန်ကုန် မေ ၁၂

နိုင်ငံအများစုတွင် အားကစားဖြင့် ထူးထူးခြားခြားအောင်ပွဲများ ရယူပေးသူများ၊ နိုင်ငံတကာပြိုင်ပွဲများတွင် ထူးထူးချွန်ချွန် ယှဉ်ပြိုင်နိုင်သူများကို တစ်နှစ်တာ အကောင်းဆုံးဆုများ ရွေးချယ်ချီးမြှင့်လေ့ရှိသည်။

မြန်မာနိုင်ငံ၏ ၂၀၀၃ ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံး အမျိုးသား၊အမျိုးသမီး အားကစားသမားဆုများ(Sportman and Sportwoman of the Year 2003)ကို ရွေးချယ်ချီးမြှင့်ရာ အမျိုးသားအကောင်းဆုံး အားကစားသမားဆုကို အောင်လင်း(လှေလှော်) နှင့် အမျိုးသမီး အကောင်းဆုံးအားကစားသမားဆုကို ခိုင်ခိုင်မော်(ဂူရှူး)တို့က ဆွတ်ခူးရရှိသွားကြသည်။

ထိုကဲ့သို့ တစ်နှစ်တာ အကောင်းဆုံး အားကစားသမားဆုများကို ၁၉၉၀ပြည့်နှစ်နောက်ပိုင်းတွင် ၁၉၉၄နှင့် ၁၉၉၅ခုနှစ်တို့၌ နှစ်ကြိမ်ချီးမြှင့်ခဲ့ပြီးနောက် မကျင်းပဖြစ်တော့ဘဲ ယခုအကြိမ်မှ ပြန်လည်ချီးမြှင့်ခြင်း ဖြစ်သည်။ ယင်းအကောင်းဆုံးဆုကို ယခင်က ရရှိဖူးသူများမှာ ၁၉၉၄ခုနှစ်တွင် အမျိုးသားအကောင်းဆုံးအားကစားသမားဆုကိုသန်းတိုးအောင်(ဘောလုံး)၊ အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုကို ဝင်းဝင်းမော်(အလေးမ)၊ ၁၉၉၅ ခုနှစ်တွင် အမျိုးသား အကောင်းဆုံး အားကစားသမားဆုကို ဗိုလ်မှူးမြင့်စိုး(သေနတ်ပစ်)၊ အမျိုးသမီး အကောင်းဆုံး

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❍

၂၀၀၃ ခုနှစ် အမျိုးသား အကောင်းဆုံး အားကစားသမားဆုရ လှေလှော်အားကစားသမား အောင်လင်းနှင့် အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုရ ဂူရှူးအားကစားမယ် ခိုင်ခိုင်မော်တို့အား တွေ့ရစဉ်။

ဓာတ်ပုံ-ခင်မောင်ဝင်း (ကြေးမုံ)

ပန်ဆောင်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ စတင် ထုတ်လွှင့်

ရန်ကုန် မေ ၁၂

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ စစ်ကိုင်းတိုင်း ပန်ဆောင်၌ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၀၄ ခုနှစ် မေ ၉ ရက် နံနက်ပိုင်းတွင် လုပ်ငန်းများ ပြီးစီးခဲ့ပြီး အဆိုပါ စက်ရုံမှလွှင့်အား ၁၀ ဝပ်၊ လှိုင်းနှုန်း ၁၀ ဖြင့် ယင်းနေ့ ညနေပိုင်း မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များမှစတင်၍ အရုပ်/အသံ ကြည်လင် ပြတ်သားစွာဖြင့်ထုတ်လွှင့်ပေးလျက်ရှိသည်။

(သတင်းစဉ်)